www.burmeseclassic.com

စိန်သရဖူစာပေ

BURMESE CLASSIC .com



# မောင်လှမျိုး

၊ချင်းချောင်းခြံ၊

# ချစ်သူနဲ့ဝေးရတဲ့ . . . ကံ

အသစ်စက်စက်လုံးချင်းဝတ္ထု ၊

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၅၉၀၆၁၁
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၆၁၁၀၁၁
ထုတ်ဝေသည့်ကာလ - ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ
စာအုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၁၀၀ ကျပ်
ကွန်ပျူတာ - ပြည့်ဖြိုး
မျက်နှာဖုံးဒီဇိုင်း - မင်းမြင့်နိုင်

**ထုတ်ဝေသူ**

ဒေါ်တင်တင်အုန်း (၀၃၇၄၈) စိန်သရဖူစာပေ
အမှတ် (၆၆)၊ (၆) လမ်း၊ လမ်းမတော်မြို့နယ်။

**အတွင်းနှင့်အဖုံးပုံနှိပ်သူ**

ဦးကျင်ရင် (၀၅၄၁၇)(ရွှေခြသေ့်ပုံနှိပ်တိုက်)
(၂၂၅)၊ အခန်း-၂ (၃၁)လမ်း၊ ပန်းဘဲတန်း၊ ရန်ကုန်။

၈၉၅.၈၃
လှမျိုး၊ မောင် (ချင်းချောင်းခြံ)
ချစ်သူနဲ့ဝေးရတဲ့ကံ / မောင်လှမျိုး(ချင်းချောင်းခြံ) - ရန်ကုန်။
စိန်သရဖူစာပေ ၊ ၂၀၁၁ ။
၂၉၆ - စာ ၊ ၁၁.၉ × ၁၇.၅ စင်တီ။
(၁) ချစ်သူနဲ့ဝေးရတဲ့ကံ

BURMESE CLASSIC .com

**တင်တင်အုန်း**
စီစဉ်သည်

**စိန်သရဖူ**
စာပေ
အမှတ်(၆၆)၊ ပထမထပ်၊ ၆-လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၂၁၇၅၂

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

ချစ်သူတို

ချစ်ပါ။

မုန်းသူတို

မေ့ပစ်လိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

ထို...ထို...ဘဝ,

ကမ္ဘ တစ်ပန်၊ အကြောင်းပြန်လျှင်...၊

ကံ အမှု ...ကြွေး၊ ဤဝဋ်ဘေးမှ

ချစ်သူ ကင်းဝေး အေးပါစေ။

www.burmeseclassic.com

www.burmeseclassic.com

''ညည်ရွယ်ချက် ပန်းတိုင်ကို၊ ညည်စူးပြီး
ပြေးနေတဲ့သူဟာ၊ ဘယ် စိတ်ညစ်စရာကိုမှ၊
မခံစားရဘူး...''



www.burmeseclassic.com

www.burmeseclassic.com

# ချစ်သူနဲ့ . . . ဝေးရတဲ့ . . . ကံ

(စိုးရေ ...၊

ချစ်သူနဲ့ ဝေးရတဲ့ ကံကို၊ ရင်စည်း ... ခံ။

ငိုကြွေး ... ခံ။ အော်ဟစ် ... ခံ။ လွင့်လူး ... ခံ။

ကြိတ်မှိတ် ... ခံကြရတဲ့အထဲမှာ ...

ဘယ်လို ကာယကံနဲ့ ဒါ ..., ခံယူခဲ့သလဲဆိုတာ၊

နင့်ကို၊ သိစေချင်ပါတယ် ... စိုးစိုးရယ်။

ကုသိုလ်, အကုသိုလ် နှစ်ခုကို ... ပြတ်ပြတ်ထင်

ထင်၊ မသိမြင်ဘဲ ...၊ ကိုယ်, စိတ်, နှလုံး သုံးပါးစလုံးနဲ့

ပြုမူမိခဲ့ကြ ... လို့၊ သုခ, ဒုက္ခ ရောပြွမ်းနေလေ့ရှိတဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ဟောဒီ လူ့ဘဝ,ကို၊ ရခဲ့ကြရတာပါ။

အသိဉာဏ်နည်းတော့လည်း၊ ဝိုင့်ပွဲဆင်ခဲ့ကြရတာပေါ့။ သတိဉာဏ် နည်းလို့လည်း ...၊ အံခဲ ခံစားခဲ့ကြရတာပေါ့။

"ဘယ်သူ မပြု မိမိမှု" ... ဆိုတဲ့၊ ရိုးစင်းလွန်းတဲ့ ... စကား။ တကယ့်အမှန်တရားပါပဲ စိုး။

စော်ကားလေခြင်း၊ ပစ်ပယ်ရက်လေခြင်း၊ သစ္စာနည်းလေခြင်း ... လို့ ရုတ်တရက်, အပြစ်မို့ မြည်တွန်မိတတ်ကြပေမယ့်၊ သတိနဲ့ ဆင်ခြင်ဖြစ်ကြတဲ့သူတိုင်း၊ "ကံသာလျှင် အမိ, ကံသာလျှင် အဖ" ဆိုတဲ့၊ ကာဖွင့်မိန့်ကြားခဲ့တဲ့၊ ဘုရား အဆုံးအမကို၊ မျက်ရည်စက်လက် ... နှလုံးသွေး တပွက်ပွက် ဆူနေကြရတဲ့ကြားက၊ လက်အုပ်ချီ ခံစား သတိထား နှလုံးသွင်းပြီး၊ သည်းခံ မျိုသိပ်ခဲ့ကြရတဲ့၊ (ချစ်သူနဲ့ ကွေကွင်းခဲ့ကြရသူတွေ) ဝေးကွာခဲ့ကြရတဲ့သူတွေရဲ့ ကိုယ်စား၊ ငါ ... စကားနည်းနည်း ပြောချင်လိုက်တာ။

ဘုရားကို တိုင်တည်ပြီး၊ နင့်ကို မဏ္ဍိုင်ထားရင်းလောက, လူသားတွေရဲ့ နှလုံးသား လမ်းကြားထဲမှာ၊ ငါလေ ... လေသံတိုးတိုးနဲ့ ကံကို လက်ညှိုးထိုးပြီး စကားတွေ ... ပြောပြချင်လိုက်တာ။

နှလုံးသားကို၊ တံခါးပိတ်ချင် ပိတ်ပါ ... စိုး။ အမှန်တရား, အမှန်စကားကို၊ ကျောခိုင်းချင် ကျောခိုင်းပါ။ ဒါပေမဲ့ ... နားလေး နည်းနည်းစွင့်ထားပါ။

ယခုဘဝ တစ်လျှောက်လုံးကို၊ အသိဉာဏ်နည်းနည်းနဲ့ ကြမ်းကြမ်းတမ်းတမ်း ပြတ်သန်းခဲ့ဖူးတဲ့ ... ငါ။ တည်ငြိမ်ရင့်ကျက်အောင်၊ အထူးကြိုးစားထားခဲ့ရတာပါ။ ဘာကိုမှ၊ အပြစ်မယူချင်တော့ပါဘူး ... ဆိုကာမှ၊ စော်ကားမှုတွေ ... ပိုများလာတတ်တာ၊ လောက,သဘာဝလို့၊ ထင်ချင်ပေမယ့်၊ အဲဒါလည်း ... ငါ့ကံတရားပါပဲ ... စိုး။

ဘာပဲဖြစ်ဖြစ်လေ။ ချစ်ချင်တဲ့သူကို ချစ်ခဲ့ဖူးသလို၊ မုန်းချင်တဲ့သူအပေါ်၊ မေ့တတ်အောင်၊ ငါ ... ကြိုးစားနိုင်ခဲ့တယ်။ နင် ... နားစွင့်ထားပါ ... စိုး)။

❄ ◆ ❄





www.burmeseclassic.com

www.burmeseclassic.com

[၁]

"ဒါ . . . မင်းကို ပြောစရာရှိတယ် ထွန်းဦး"

ထွန်းဦးက . . .

"မင်း . . . ပြောနေကျ ဘာသာတရားစကား တွေတော့၊ မဟုတ်လောက်ဘူး ထင်တယ်"

ကျွန်တော်က . . .

"ဘာသာတရားစကားကို၊ ခံယူချင်တဲ့သူကို မှ၊ ဒါ . . . ပြောတာပါ။ လူတိုင်းကို ပြောပြနိုင်လောက် တဲ့အထိ၊ ဒါ . . . ဉာဏ်ပညာ မထက်မြက်ပါဘူး။ ပြီးတော့ . . . , မင်းကိုလည်း . . . ဒါ, ပြော



www.burmeseclassic.com

www.burmeseclassic.com

သင့်တာ ပြောပြထားပြီးသားပဲ၊ မင်း . . . , ထပ်မမေးမချင်း၊ ငါ . . . ထပ်ပြောဖို့ မလိုလောက်ပါဘူး''

ထွန်းဦးက . . . ၊ ရယ်လျက် . . . ,

''ငါ . . . , မင်းပြောသလို နေထိုင်ပါတယ်ကွာ၊ ဒါပေမဲ့ . . . ထပ်သိချင်စိတ် ဖြစ်ရလောက်တဲ့ ဥာဏ်မျိုး ငါ . . . မရှိသေးဘူး။ ငါ . . . ဝန်ခံပါတယ် သူငယ်ချင်း''

''ဒီရိယ ပိုစိုက်လိုက်ပေါ့ကွာ''

ထွန်းဦးက၊ ခေါင်းညိတ်ပြီး . . .

''ပြောစရာရှိတယ်ဆိုတာ . . . ပြောလေ''

''ကောင်မ,လေးတစ်ယောက် ငါ့ကို ဖုန်းဆက်တယ်''

''ဒါ . . . ထူးဆန်းတဲ့ကိစ္စမှ၊ မဟုတ်တာ''

''မထူးဆန်းဘူးဆိုပေမယ့်၊ တခြားယောက်ျားလေး, မိန်းကလေးတွေ ဆက်တာ၊ သူတို့ဘာသာ ဖုန်းနံပါတ် စုံစမ်းပြီး၊ ဆက်ကြတာ။

အခု . . . ဆက်တဲ့ ကောင်မ,လေးကိုကျတော့၊ ငါ . . . ကိုယ်တိုင်၊ ဖုန်းနံပါတ်ပေးထားတာ''





''ဘယ်တုန်းက၊ ပေးထားတာလဲ''

''မြနှင်းဆီနဲ့ လမ်းမခွဲခင်ကတည်းက၊ ပေးထားတာ''

''ဒါဆို၊ လွန်ခဲ့တဲ့ ကိုးလ,လောက်ကတည်းက . . . ပေးထားတာပေါ့''

''အင်း။ ဟုတ်တယ်။ ဒါပေမဲ့ . . . သူ . . . အခုမှ ဆက်တာ''

''မင်းက . . . ဖုန်းနံပါတ်ပေးတယ်။ သူက, ဆက်တယ်။ အဲဒီမှာ . . . ၊ ထူးဆန်းတာပါလို့လား''

''ဘာမှတော့၊ မထူးဆန်းဘူး။ ဒါပေမဲ့ . . . ထူးဆန်းသလို ဖြစ်နေတာက၊ ငါ . . . ဖုန်းနံပါတ်ပေးလိုက်တုန်းက၊ မြနှင်းဆီနဲ့ . . . ငါ, မကွဲသေးဘူး။

အခု . . . မြနှင်းဆီ မရှိတော့တဲ့အခါကျမှ၊ သူ့ဖုန်းဝင်လာတာ။ ငါ့စိတ်ထဲ၊ တစ်ခုခု တိုက်ဆိုင်သလို ဖြစ်နေတယ်။

နောက်ပြီး . . . ငါ့ပြန်စာထဲမှာ သူ့ကို ပြောရမှာများလို့၊ ဖုန်းနံပါတ် ထည့်ရေးပေးခဲ့တာ။ အဲဒါကိုလည်း၊ မြနှင်းဆီ သိတယ် . . . ။ စာကိုတောင်၊


www.burmeseclassic.com

www.burmeseclassic.com



မြနှင်းဆီ . . . သွားထည့်ပေးခဲ့တာ။

အခု . . . သူ ဖုန်းဆက်တဲ့အချိန်မှာ၊ မြနှင်းဆီ မရှိတော့ဘူး။ သူက.တော့ . . . မြနှင်းဆီကို မေးတယ်။ ငါ . . . ခရီးသွားနေတယ်ပဲ၊ ပြောထားခဲ့တယ်''

''ဘာလဲ၊ မင်း အိမ်ထောင်ပျက်တစ်ယောက် ဖြစ်နေတာကို၊ သူ့ . . . မသိစေချင်လို့လား''

ကျွန်တော်က . . .

''အိမ်ထောင်ကွဲတယ်၊ အိမ်ထောင်ပျက်တယ် ဆိုတာ၊ မင်္ဂလာသတင်းမှ မဟုတ်တာ။ အ,မင်္ဂလာသတင်း။ မလိုအပ်ဘဲ၊ မပြောချင်ပါဘူး''

ထွန်းဦးက . . .

''ဒါနဲ့၊ အဲဒီကောင်မ.လေးက၊ ဘာ . . . ထူးခြားမှုရှိလို့လဲ။ မင်းဆီကို၊ စာတွေရေးပြီး . . . မေးကြ၊ မြန်းကြ.တဲ့ သူတွေ အများကြီးထဲမှာ . . . သူက. တစ်ခုခု ပိုထူးခြားနေလို့လား''

''မထူးခြားဘဲနဲ့ စကားထဲ . . . ငါ ထည့်ပြောပါ့မလား''





''ဪ . . . အေး။ မင်းနဲ့ . . . အဲဒီကောင်မ, လေးနဲ့၊ အခုမှ သိကျွမ်းကြတာ မဟုတ်ဘူးပေါ့''

''စာ . . . အဆက်အသွယ်ရှိတာ၊ ခုနစ်နှစ်လောက်ရှိပြီ''

''ဟာ။ ဟုတ်လား''

''ဟုတ်တယ်။ မေးကြမြန်းကြတဲ့ စာတွေကို ငါ . . ., လိုအပ်ရင်၊ ပြန်ပေးနေကျပဲ။

သူ့.ကိုလည်း ငါ. စာတွေပြန်ခဲ့တာပဲ။ သူ့. တစ်ယောက်တည်းအပေါ်၊ ဂရုတစိုက် ပြန်ဖြစ်ခဲ့တာတော့ မဟုတ်ဘူးပေါ့။

ဒါပေမဲ့ . . . ဂရုစိုက်မိရလောက်အောင် ထူးခြားမှုတွေတော့ အများကြီးပဲလို့၊ ငါ . . . သိတယ်''

''ဪ . . .၊ မင်း . . . အဲဒါတွေ ပြောပြချင်တာပေါ့''

''ဆိုပါတော့''

''ဘာလို့၊ ပြောပြချင်တာလဲ''

ထွန်းဦးက၊ ပြုံးလျက် မေး၏။ ကျွန်တော်က . . . ဘာမှ၊ မစားဘဲ တစ်ခုခုကို မျိုချလျက် . . .



www.burmeseclassic.com

www.burmeseclassic.com



"ငါ ... သူ့ကို ဖုန်းမဆက်ဖို့ ပြောလိုက်မိ
တယ်။ ပြီးခဲ့တဲ့ တစ်လ,လောက်က"

ထွန်းဦး မျက်ခုံးတွန့်သည်။

ရုတ်တရက် ချက်ချင်း၊ သူ ... နားမရှင်းလောက်။

"ငေါက်ငေါက်ငမ်းငမ်း ပြောလိုက်တာလား"

"အဲဒီလိုတော့ မဟုတ်ဘူးပေါ့။ စာစီစာကုံး
စာအုပ်တစ်အုပ်ရေးမလို့၊ မအားတော့ဘူး ... လို့
ပြောလိုက်တာ။ အခု ... တစ်လပြည့်တော့၊ သူ
ဖုန်းပြန်ဆက်တယ်။ ဆက်တဲ့အခါမှာ၊ ငါ ... ဘာစာ
အုပ်မှ ရေးနေတာ မဟုတ်ဘူးဆိုတာ၊ သူ ... သိ
သွားတယ်"

"ဒါဆို ...၊ မင်းက ... တမင်ရှောင်ခဲ့တဲ့
သဘောပေါ့"

ကျွန်တော် ခေါင်းညိတ်ပြီး ...

"ဘာကြောင့် ရှောင်တာလဲ"

"...။..."

ကျွန်တော် စကားမတုံ့ပြန်။

"အဲဒီကောင်မ,လေး ဖုန်းမဆက်တော့





အောင်၊ တားလိုက်တာဟာ၊ မင်း နှလုံးသားကို၊
တားလိုက်တာမျိုး၊ ဖြစ်နေတာလား ကိုကိုအောင်"

"...။..."

ကျွန်တော်၊ အဖြေစကား မရှိ။ အတန်ကြာမှ၊ ထွန်းဦးကို
ကြည့်ရင်း ...

"မေးခွန်းတစ်ခုတည်းကို၊ ဖြေရမယ့်အဖြေ
စကားက တစ်ခွန်းတည်းနဲ့ မလုံလောက်ဘူး ထွန်းဦး။
ရင်ဖွင့်ချင်လို့၊ ပြောစရာရှိတယ် ... ဆိုပြီး၊
ငါ ..., စကား စ,ထားတာပါ"

"အေးပါ။ ငါ ... နားလည်ပါတယ်"

"အဲဒီ ကောင်မ,လေးနဲ့ငါ ...၊ တစ်ခါမှ
မမြင်ဖူးဘူး။ ဒါပေမဲ့ ... စာအဆက်အသွယ်ရှိတာ၊
ငါ ... အိမ်ထောင် မကျခင်ကတည်းကဘဲ။

ရိုးသားဖြူစင်တဲ့ ... ဆက်သွယ်မှုဆိုတာ
တော့၊ ငါ ... ရှင်းပြစရာ မလိုဘူး ထင်ပါတယ်"

ထွန်းဦး ခေါင်းညိတ်၏။

"အခု ...၊ ငါ ..., စိတ်ထဲမှာ ဖြစ်နေတဲ့
အခြေအနေကို၊ ပါးစပ်နဲ့ ပြောပြမယ် ... ဆိုရင်၊



www.burmeseclassic.com

www.burmeseclassic.com

အချိန်တွေ အများကြီး လိုမယ်လေ။ (ခုနစ်) . . . နှစ်စာလောက်ကို၊ တစ်ထိုင်တည်း ပြောဖို့ မလုံလောက်ဘူး''

''အေး။ ဟုတ်ပါတယ်။ ငါ . . . သဘောပေါက်ပြီ။ သူငယ်ချင်း''

''ဒီတော့ကွာ။ မင်း . . . အချိန်ပေးနိုင်မယ်ဆိုရင် . . . ၊ သူ . . . ရေးထားတဲ့စာတွေ၊ ငါ . . . ပေးဖတ်မယ်။ အဲဒီ့ စာတွေအပေါ်၊ ငါ . . . ဘယ်လို ပြန်စာရေးခဲ့တယ်ဆိုတာ၊ ပါးစပ်နဲ့ ပြောပြမယ်။ တချို့ပြန်စာတွေကို၊ မိတ္တူကူးထားသေးတယ်။

(ခုနစ်) နှစ်စာ။ ပြီးတော့မှ၊ အခု လက်ရှိ ငါ့ . . . နှလုံးသား အခြေအနေကို၊ ပြောပြလို့ ရမှာ . . . ။ ပြည့်စုံမှာ . . .''

''အေး။ ဟုတ်ပြီ ဟုတ်ပြီ၊ ငါ . . . အချိန်ပေးတယ်ကွာ။

မင်းပါးစပ်က . . . ၊ ဘုရား၊ တရားအကြောင်းပဲ ကြားရတာ များတယ်။ ဒီ . . . စကားမျိုး ကြားရတာ၊ ဒီ . . . အကြောင်းအရာမျိုး ဆွေးနွေးတာ၊





အခုမှ ကြုံဖူးတာ။

ငါ . . . စိတ်ဝင်တစား အချိန်ပေးပါတယ်ကွာ။ နှုတ်လည်း လုံပါ့မယ်''

ကျွန်တော် ခေါင်းခါလျက် . . .

''ဒါ . . . လျှို့ဝှက်ချက် မဟုတ်ဘူး ထွန်းဦး။

အရိုးသားဆုံး နှလုံးသားကိစ္စကို၊ ဘာနဲ့မှ ဖုံးဖိထားစရာ မလိုဘူး။

ဘုရား၊ တရား၊ သံဃာ တန်ဖိုးကို၊ ငါ . . . ဉာဏ်ကောင်းကောင်းနဲ့၊ သိထား ရှိသေ ကိုင်းရှိုင်းထားတဲ့အတွက်၊

နီးစပ်ရာ လူတိုင်းကို၊ ဘုရားကြည်ညိုဖို့၊ တရားလေ့လာဖို့၊ သံဃာ ရိုသေဖို့၊ စကားပါးတာ၊ ငါ့စေတနာ။

လူယောကျ်ားတစ်ယောက်က၊ လူ . . . မိန်းကလေးတစ်ယောက်အကြောင်းကို၊ ပြောမိ ဆွေးနွေးမိတာ၊ လူ ပီသ,တဲ့ ငါ့ . . . ဘဝ။

ဒါ . . . ဖုံးကွယ်ထားစရာလို့ ငါ . . . မယူဆ, သလို၊ ရှက်စရာလို့ မခံယူဘူး။


www.burmeseclassic.com

www.burmeseclassic.com

တစ်ခုတော့ ရှိတာပေါ့။ ဘုရား, တရား အကြောင်းပြော၊ မိန်းမ အာရုံပေါင်းများစွာ ထားနေတာမျိုးဆိုရင်တော့ . . .၊ ဒါ . . . ရက်စရာ ကောင်းတဲ့ အခြေအနေပေါ့။

အခု . . . ငါ, မင်းကို ပြောပြမှာ၊ တစ်ဦးတည်းသော၊ မိန်းကလေးတစ်ယောက်ရဲ့ကိစ္စ။

ဖုံးဖိထားစရာ မလိုသလို၊ ရှက်ရွံ့စရာလည်း မလိုဘူး။ အဲဒီ မိန်းကလေးသာ၊ ငါ့ နှလုံးသားကို မြင်နိုင်စွမ်းရင်၊ သူလည်း . . . သာစုခေါ်မှာပါ''

''နာမည် ဘယ်သူတဲ့လဲ''

''စမ်းစမ်းစိုး''

''နယ်က . . . ပေါ့''

''ဟုတ်တယ်။ နယ်က။ မော်လမြိုင်က။ အခု လောလောဆယ်၊ '. . . .' တက္ကသိုလ်မှာ အမှုထမ်းနေတယ်။ ဆရာမ, ပေါက်စလေးပေါ့''

''လူ . . . မမြင်ဖူးသေးဘူးပေါ့''

''နောက်ဆုံးရေးတဲ့စာမှာ . . . ဓာတ်ပုံထည့်ပေးတယ်'' . . . ဟု၊ ကျွန်တော် ပြောလိုက်သည်။





အခြားသော စာပေါင်းများစွာ ထည့်ထားသည့် ပလတ်စတစ်ခြင်းကြီးထဲမှ၊ ရွေးထုတ်စီထပ်ထားသော၊ စမ်းစမ်းစိုး၏စာများစွာကို၊ ထွန်းဦး၏အနီးတွင်၊ ပုံပေးလိုက်၏။

စိတ်ကူး အိပ်မက်များကို၊ စုပုံလေသည် . . . ဟု၊ မခံစားချင်။

❋ ◆ ❋


www.burmeseclassic.com

www.burmeseclassic.com

[၂]

အစ်ကိုကြီး ကိုကိုအောင် ခင်ဗျား။

ကျွန်တော် ခင်မင်လေးစားမှုများစွာ၊ ကျေးဇူးတင်ခြင်းများစွာနဲ့၊ ဒီစာကို ရေးလိုက်ပါ သည်။

ကျွန်တော် ဆယ်တန်း (တက္ကသိုလ်ဝင်တန်း) ဖြေခါနီးတုန်းက၊ အစ်ကိုကြီးရေးတဲ့၊ မြန်မာစာ စာအုပ်တစ်အုပ်ကို၊ ဖတ်မှတ် ဖြစ်ခဲ့ပါသည်။

ကျွန်တော် စာမေးပွဲအောင်ပါပြီ၊ အခု ... တက္ကသိုလ်တက်ရပါတော့မယ်။ ကျေးဇူးတင်စကားကို အဓိက,ထားပြီး ပြောချင်တာပါ။ ဂါရဝလည်း ပြုချင်လို့၊ မျက်နှာသုတ်ပဝါ တစ်



www.burmeseclassic.com

www.burmeseclassic.com

ထည့်နဲ့၊ ကန်တော့လိုက်ပါတယ်။

ဒီစာ ရောက်မရောက်လည်း၊ ကျွန်တော် သိချင်ပါတယ်။ အပန်းမကြီးဘူးဆိုရင် . . . ကျွန်တော့်ဆီကို၊ ပြန်စာလေး ရေးပေးစေချင်ပါတယ်။

အစ်ကိုကြီးရဲ့၊

ညီ . . . ညီမ‚များစွာထဲမှ

တစ်ယောက်သော

ညီမလေး

Soe

မှ/

မစမ်းစမ်းစိုး

c/o မနီနီ၊

( . . . . ) ဆေးပေးခန်း၊ တောင်ဝိုင်း၊

မော်လမြိုင်မြို့။

"အဲဒီစာနဲ့အတူ ပါလာတဲ့၊ မျက်နှာသုတ်ပဝါကို၊ ငါ . . . ပြန်ပို့ဖို့၊ စဉ်းစားဖူးသေးတယ်။

ရိုင်းသွားမှာစိုးလို့၊ ငါ . . . ပြန်မပို့ဖြစ်ဘူး။





စာတော့ ပြန်လိုက်တယ်။

ပညာကို ဆက်ကြိုးစားဖို့အကြောင်းနဲ့၊ နောက်နောင်၊ ဘာလက်ဆောင်မှ၊ မပို့ဖို့အကြောင်း၊ ငါ . . . ထည့်ရေးဖြစ်တယ်။

အစ . . . ပထမ, နာမည်တောင် သိပ်, မမှတ်မိခဲ့ပါဘူး။ သူ့အရွယ်တွေ . . . ကျား ကျား မမ, ရေးကြ၊ မေးကြတာတွေလည်း၊ အများကြီးပဲလေ"

"အင်း။ ငါ . . . သဘောပေါက်ပါတယ်။ ငါ . . . , နောက်ထပ်စာတွေ၊ ဖတ်လိုက်ဦးမယ်"

ထွန်းဦးကို၊ ကျွန်တော် ခေါင်းညိတ်ပြလိုက်၏။

◆

ဆရာ . . . ။

ကျွန်တော် ဒုတိယနှစ် သတ္တဗေဒအဓိက‚နဲ့ တက္ကသိုလ်တက်နေပါပြီ။


www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စိတ်ညစ်လို့ ဒီ ... စာကို ရေးလိုက်တာပါ။ မိသားစု အသိုင်းအဝိုင်းထဲမှာ၊ အော်ဟစ် ရင်ဖွင့်လို့ မရနိုင်တဲ့ ပြဿနာမျိုးတွေ၊ ကျွန်တော် ရင်ဆိုင်ရတဲ့ အခါတိုင်း၊ ဆရာ့ ဆီမှာ ... တိုင်တည် ရင်ဖွင့်ချင်မိတယ်။

အခု ... ကျွန်တော် အိမ်မှာ ... မနေချင်တော့ဘူး။ အိမ်က. နေ အဝေးကို၊ ထွက်သွား ချင်တယ်။

ရန်ကုန်မှာ ... ဆရာ့ကျူရှင်မှာ တက်ဖူးခဲ့တဲ့ သူငယ်ချင်းက၊ ဆရာ့ဆီကို၊ စာရေးပြီး၊ အကူအညီတောင်းရင်၊ ဆရာ ကူညီ လိမ့်မယ် ... လို့၊ ပြောဖူးပါတယ် ဆရာ။

ဆရာက ... အားလုံးအပေါ်၊ အေးချမ်းအောင်၊ တိုးတက် အောင်၊ အမြဲတမ်း သွန်သင်နေတဲ့သူ ... ဆိုတာ၊ ဆရာ့ တပည့်အားလုံး သိကြပါတယ် ... တဲ့။

ကျွန်တော့်ကို ကူညီပါ ဆရာ။

အဖေနဲ့အမေနဲ့ ညတိုင်း ရန်ဖြစ်တယ်။

အမေ့ညီမ အငယ်၊ ကျွန်တော့်အဒေါ် ဒေါ်ခင်ရီနဲ့အဖေနဲ့၊ မဖြစ်သင့်, မပြုသင့်တဲ့ အပြုအမူမျိုးကို၊ ကျွန်တော် မြင်ခဲ့ရ တယ် ... ဆရာ။

ကျွန်တော် အိမ်မှာ မနေချင်တော့ဘူး။ ပညာလည်း ဆက်





မသင်ချင်တော့ဘူး။ မိသားစုနဲ့ ဝေးရာကို၊ ထွက်သွားချင်နေ ပါတယ်။

ဆရာက ... ပညာကို လိုလိုလားလား သင်ယူဖို့ အကြံပေး ထား ဆုံးမ,ထားပေမယ့်၊ ကျွန်တော့် စိတ်ဒုက္ခက၊ ကြီးလွန်း နေလို့ပါ ဆရာ။

ဆရာ ...

ကျွန်တော့်ကို တစ်မျိုးမမြင်ပါနဲ့နော်၊ အစ်ကိုကြီးတစ်ယောက် ကို၊ ရင်ဖွင့်သလို စိတ်မျိုးနဲ့၊ ကျွန်တော် ... ရင်ဖွင့်တာပါ။ စိတ်အနှောင့်အယှက်ဖြစ်ရင်၊ ခွင့်လွှတ်ပါ ဆရာ။

ဆရာ့ရဲ့ ဆုံးမ,စကား တစ်ခွန်းလောက် ကြားရ, ဖတ်ရရင်ပဲ၊ ကျွန်တော့်အတွက်၊ ကောက်ရိုးတစ်မျှင်ပါ။

ရိုသေစွာဖြင့်,

စမ်းစမ်းစိုး

◆

"အဲဒီ့တုန်းက၊ မင်း ... မြန်နှင်းဆီနဲ့ မယူရ



www.burmeseclassic.com

www.burmeseclassic.com

သေးဘူးနော်"

ကျွန်တော် ခေါင်းညိတ်ပြလိုက်ရင်း ...

"ငါ ...၊ အဲဒီစာကိုတော့၊ သေသေချာချာ ပြန်လိုက်တယ်ကွ။

အကြောင်းအရာကိုလည်း ... မှတ်မိနေတယ်။

အနေအထိုင်မတတ်ကြတဲ့ မိဘ,တွေရဲ့ ပေါက်လွှတ်ပဲစား၊ ကိစ္စတွေကြောင့် ... သားသမီးတချို့၊ စိတ်ဒဏ်ရာ၊ ရ ... နေကြတာကို၊ ငါ ... တော်တော်ကူညီချင်တယ်ကွ။

အဲဒါကြောင့် ... ငါ, ပြန်စာကို တရင်းတနှီး ရေးလိုက်တယ်"

"ဘယ်လို အကြံပေးလိုက်တာလဲ"

"ဝမ်းမနည်းနဲ့ ... လို့၊ သဘောထား။ မိဘ,ကို စိတ်နဲ့တောင် မပြစ်မှားနဲ့။

ကိုယ်ကိုယ်တိုင်၊ သူတစ်ပါး အသိုက်အမြုံကို ပူပင်အောင်၊ အတိတ်သံသရာမှာ၊ လုပ်ခဲ့ဖူးရင် ...

ကိုယ်လည်း၊ ဒါမျိုး ကြုံရတတ်တယ်၊ ကိုယ့်





ကံ ...၊ ကိုယ့်အကုသိုလ် ... လို့ နှလုံးသွင်းပြီး၊

ကိုယ့်လမ်းကိုယ် ... ဆက်လျှောက်ပါ ... လို့ ရေးလိုက်တယ်။

ကျွန်တော့်စေတနာကို မြင်ရင်၊ ကျွန်တော့်ကို ခင်ရင်၊ ကျွန်တော် ပြောတာကို၊ မပျက်မကွက် လိုက်နာပါ ... လို့ ပိုပိုသာသာလေး၊ ငါ ... ရေးလိုက်တယ်။

အခု ... တက်နေတဲ့ ဘာသာရပ်ရဲ့ အမြင့်ဆုံးဘွဲ့ကို၊ ရအောင် ယူပါ ... လို့ ငါ ... အကြံပြုလိုက်တယ်။

ရည်ရွယ်ချက် ပန်းတိုင်ကို၊ ရည်မှန်းပြီး၊ ပြေးနေတဲ့သူဟာ၊ ဘယ်စိတ်ညစ်စရာကိုမှ၊ မခံစားရဘူး ... လို့ အားပေးလိုက်တယ်"

"ကောင်းတယ်ကွာ" ... ဟု၊ ထွန်းဦး ပြော၏။ "အင်း။ သူလည်း ... ငါ့စကားကို၊ တကယ် လိုက်နာခဲ့ပါတယ်" ... ဟု၊ မောလျှစွာ၊ ကျွန်တော် ပြောလိုက်၏။

❋ ◆ ❋


www.burmeseclassic.com

www.burmeseclassic.com

[၇]

ဆရာ . . . ။

ဆရာ့ဖေဖေ ဆုံးသွားတဲ့သတင်းကို၊ နာရေး စာမျက်နှာမှာ တွေ့လိုက်ရပါတယ်။

ရန်ကုန်ကို၊ ကျွန်တော် လာချင်ပါတယ် ဆရာရယ်။ အိမ်ကို ဘယ်လိုပြောရမှန်း၊ မသိလို့၊ မလာဖြစ်ခဲ့ပါဘူး။

ဆရာ့ဖေဖေ နာမည်နဲ့၊ ကျွန်တော် . . . ဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့မှာ၊ အလှူငွေ လှူဒါန်းပေးလိုက်ပါ တယ်။

အလှူခံဖြတ်ပိုင်းလေးကိုလည်း၊ ထည့်ပေးလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဘွဲ့ရပြီဆရာ။ ဒါပေမဲ့ . . . ရှေ့ဆက် လျှောက်ပါဦးမယ်။

(၁၀၉)

◆

သေခြင်းတရားက ဘယ်သူ့ကိုမှ မျက်နှာမလိုက်ဘူး။

မသေခင်မှာ အကောင်းဆုံးဘဝနဲ့ နေပါ . . . ဆိုတဲ့၊ ဆရာ့အမှာစကားကို၊ ကျွန်တော် သိပ်နားမလည်သေးပေမယ့်၊ နှလုံးသားထဲမှာ၊ မှတ်သားထားပါတယ်။

ဆရာ့ ကျူရှင်မှာ၊ လာတက်ဖူးတဲ့ မောင်အရွယ်၊ ညီမအရွယ်လေးတွေရဲ့၊ စကားတွေထဲမှာ၊ ဆရာက . . . စာသင်ရုံတွင်မဟုတ်ဘူး၊ စိတ်ကိုပါ သင်ပေးတဲ့အကြောင်း၊ ကျွန်တော် ကြားရတော့၊ ဝမ်းလည်း သာပါတယ် ဆရာ။ ဂုဏ်လည်း ယူမိပါတယ်။

အဖေ သေဆုံးတာတောင်၊ ရှာပန မြေချတဲ့





အချိန်က,လွဲလို့ စာသင်ချိန်ကို မဖျက်တူးဆိုတဲ့ သတင်းကြားရလို့၊ ကျွန်တော် . . . ငိုတောင် ငိုချင်မိပါတယ် ဆရာ။

January လ,မှာ၊ ဖခင်ဆုံးတာ။ ကျောင်းသားကျောင်းသူတွေ စာမေးပွဲရက်နဲ့ နီးကပ်နေတဲ့အတွက်၊ စာအသင် မပျက်ကွက်ခဲ့သလို၊ ဖခင်ရဲ့ရှာပန ကိစ္စကိုလည်း၊ ဂရုတစိုက် ဆောင်ရွက်နိုင်ခဲ့တာကို၊ ရင်းနှီးသူတိုင်း ချီးကျူးကြတယ် ဆရာ။

ဆရာရေ . . .

ဆရာ့လို အစ်ကိုကြီးတစ်ယောက်ရဲ့၊ ညီမလေး ဖြစ်ခွင့်ရရင်၊ သိပ်ကောင်းမှာပဲနော်။

ညီမလေး

စမ်းစမ်းစိုး

◆



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ စာမေးပွဲဖြေရတော့မယ်။ သိပ်မအားတော့ဘူး။ ဒါပေမဲ့ ... ဆရာ့ကို စကားပြောချင်လို့ ဒီစာကို ရေးလိုက်တာပါ။

ဆရာ နေကောင်းပြီလား။ ဆရာဝန်နဲ့ ထပ်ချိန်းထားတာ၊ ပြပြီးပြီလား။

"သံယောဇဉ်ဟူသမျှ၊ ကင်းကင်းပပ, နေနိုင်ရင်၊ အကောင်းဆုံး" ... လို့၊ ဆုံးမ,ပြောဆိုထားတဲ့အတွက်၊ ဆရာ့ဆီကို စာရေးဖို့ လက်နည်းနည်းတွန့်နေတယ်။

အဲဒီ့ အဆုံးအမ,လေးက၊ အပေါ်ယံ စဉ်းစားကြည့်ရင်တော့၊ တော်တော်လေး Feel ဖြစ်စရာ ကောင်းတယ်။ ဒါပေမဲ့ သေသေချာ နက်နက်နဲနဲ စဉ်းစားကြည့်လိုက်တော့၊ အလိုအပ်ဆုံး အရေးကြီးဆုံးကို၊ စေတနာကြီးစွာနဲ့ ဆုံးမ,ထားတယ်ဆိုတာကို၊ နားလည်သဘောပေါက်ပါတယ်။

ဆရာ့ရဲ့ပြန်စာတွေကို ဖတ်ပြီး ကျွန်တော့်စာတွေအတွက်၊ ဆရာ စိတ်အနှောင့်အယှက် ဖြစ်နေမလား ... လို့ တွေးကြည့်မိတယ်။ တကယ်တမ်းတော့၊ ကျွန်တော့်စာတွေက ဆရာ့အတွက်၊ စိတ်ရှုပ်စရာ, အမှိုက်ရှုပ်စရာတွေ ဖြစ်နေမှာပါ။





ဒါပေမဲ့ ဆရာ ပြန်ရေးလိုက်တဲ့ စာတိုင်းက,တော့၊ ကျွန်တော့်အတွက် အဖိုးမဖြတ်နိုင်စရာ၊ ပြောဆိုဆုံးမ,မှုတွေ ဘဝမှာ ကြုံတွေ့ရင်ဆိုင်ရမယ့်ကိစ္စတွေအတွက်၊ ဖြေရှင်းဖို့ ပြဿနာကို၊ ချဉ်းကပ်ပုံ, အတွေးအခေါ် အယူအဆ,တွေ ... (ဘဝ,အတွက် အရေးကြီးတဲ့ အချက်တွေ) ကို၊ ရရှိပါတယ်။

မိသားစုတွင်းမှာ၊ မကျေနပ်လို့ တိုင်တောချင်တဲ့ အတွက်ကြောင့် (သို့မဟုတ်) ကျွန်တော့်စိတ်ကို မြင်တတ်၊ နားလည်တတ်မယ်လို့၊ ယူဆ,မိတာကြောင့်ရယ်၊ ဖြေရှင်းမရတဲ့ (ကိုယ့်ဘာသာ မစဉ်းစားတတ်တဲ့) ကိစ္စတွေအတွက်၊ ခပ်ရှုပ်ရှုပ်ပြောရရင်၊ ထွက်ပေါက်တစ်ခုအနေနဲ့၊ စာ ခဏ ခဏရေးဖြစ်တာပါ။

လူတစ်ယောက် ဝန်ပေါ့ဖို့၊ နောက်တစ်ယောက်မှာ၊ ဝန်ပိနေရတယ်ဆိုရင်တော့ ...၊ မကောင်းဘူး။ ဒါကြောင့် ... ကျွန်တော့်စာတွေက၊ ဆရာ့ကို ဝန်ထုပ်ဝန်ပိုး ဖြစ်နေခဲ့မယ်ဆိုရင်၊ အားမနာပါနဲ့။ ပြတ်ပြတ်သားသား၊ တားမြစ်လိုက်ပါ။

အခု ... ဆိုရင်၊ ကျွန်တော် အရွယ်ရောက်ပြီဆို


www.burmeseclassic.com

www.burmeseclassic.com



တော့၊ အမေ မသိအောင်၊ အဖေနဲ့ ထိပ်တိုက်ဆွေးနွေးပြီး ပါပြီ။၊ အဆင်ပြေပါတယ် ဆရာ။ ဒါ . . . ဆရာ့ကျေးဇူးပါ။ ဆရာပေးတဲ့ သတ္တိပါ။

ဘယ်သူ့ကိုမှ မမုန်းဖို့၊ ကံကိုမြင်အောင် ကြည့်ဖို့၊ ဘယ်သူ့ တရားပျက်ပျက် ကိုယ်မပျက်ဖို့၊ ဘယ်သူ စည်းကမ်းမဲ့မဲ့ ကိုယ် မမဲ့ဖို့ သီလ, လုံလုံခြုံခြုံနဲ့ နေထိုင်ရင်ဆိုင်ဖို့ မှန်တာကို ပြောရဲဖို့ အားပေးအကြံပြုခဲ့သမျှ ဆရာ့စကားတွေဟာ၊ ကျွန်တော့်ဘဝရဲ့၊ ရတနာတွေပါ။

ဆရာ့ရဲ့ ဘာသာရပ်ဆိုင်ရာ၊ ဆောင်းပါးတွေ . . .၊ လူငယ်တွေအတွက်၊ ရေးသားနေတဲ့၊ ဆောင်းပါးတွေ၊ စာအုပ်တွေကို၊ ကျွန်တော် ဖတ်ရပါတယ်။

လူငယ်တွေအနေနဲ့လည်း၊ ဆရာ့ကို ကျေးဇူးတင်နေကြပါတယ်။

ဆရာရေ . . . ကျွန်တော့်ထက်၊ အသက် (ခုနစ်) နှစ်သာကြီးတဲ့ . . . ဆရာ၊ အရွယ်နဲ့ မလိုက်အောင် တော်တယ် . . . ဆိုတာ၊ သူငယ်ချင်းတွေလည်း ပြောကြ, ဝေဖန်ကြပါတယ်။

အရေးတကြီး အကြောင်းအရာ မရှိပါဘူး ဆရာ။





သတိရလို့၊ စာရေးလိုက်တာပါ။

ရှိသေလေးစားလျက် . . .

(စမ်းစမ်းစိုး)

❊ ◆ ❊



www.burmeseclassic.com

www.burmeseclassic.com

[၄]

ဆရာ့ လက်ထပ်သတင်းကို၊ သတင်းစာမှာ၊ ကျွန်တော် တွေ့ပါတယ်။

Congratulation ပါ ဆရာ။ ဆရာ့ချစ်ဇနီး နာမည်လေးက၊ မြနှင်းဆီ . . . လို့ သိရပါတယ်။ နာမည်လေးက, သိဝ်လှပါတယ်။ လူလည်း လှမယ်ထင်တယ်နော်။

ဆရာရေ . . .

ကျွန်တော် ( . . . ) တက္ကသိုလ်မှာ တာဝန်ထမ်းဆောင်နေပါပြီ။ ဌာနမှာ သရုပ်ပြဆရာမ, အဖြစ်၊ အလုပ်ဝင်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒါ . . . ဆရာ့ကျေးဇူးပါ။ ဆရာ မှတ်မိချင် မှတ်မိမှာပါ။ ကျွန်တော် အရမ်းစိတ်ညစ်ပြီး၊ အိမ်က, ထွက်သွားချင်တယ်လို့ ရေးခဲ့ဖူးတယ်။ ဆရာက . . . ဒါကို၊ ဝဋ်ကြွေးလို့ သဘောထားပြီး၊ အိမ်က, ထွက်မသွားဖို့ တားခဲ့ဖူးတယ်။ ကျွန်တော် 2nd year တက်နေချိန်မှာ၊ အဲဒီ့အဖြစ်အပျက်ကို၊ စ,သိသိချင်း၊ စိတ်တွေ လေခဲ့တယ်။

ဘယ်သူ့ကိုမှလည်း၊ မပြောရဲဘူး။ ကျွန်တော်, မိတက္ခဲ၊ ဖ,တက္ခဲ နေရမှာလည်း၊ ကြောက်တယ်။ အခု . . . ဒီ,စာရေးရင်း၊ အဲဒီတုန်းက, အရာတွေကို ပြန်စဉ်းစားရင်း ရင်နာတယ်။

အဲဒီ့အတွက်၊ အခုအချိန်မှာ . . . ဆရာ့ ကို၊ အရမ်းကျေးဇူးတင်နေရပါတယ်။

အကယ်၍ ဆရာ့ဆီကို၊ စာ . . . မရေးခဲ့ဘူး။ ရင်မဖွင့်ဖြစ်ခဲ့ဘူးဆိုရင်၊ (သို့မဟုတ်) ကျွန်တော် အိမ်က, ထွက်သွားခဲ့ရင်၊ အခုအချိန် မှာ . . . အခြေအနေတွေဟာ၊ အခုလို ကောင်းနေမှာ မဟုတ်ဘူး။

ဆရာ့ရဲ့ ဆုံးမ,မှု၊ ကူညီဖေးမ,မှု၊ အားပေးမှုတွေနဲ့၊ ကျွန်တော့်ဘဝ, ရပ်တည်နိုင်ခဲ့တာပါ။ အခု . . . ကျွန်





တော်တို့မိသားစု တစ်စုလုံးရဲ့ဘဝ၊ အေးချမ်းနေခဲ့ပါပြီ။ အရာရာဟာလည်း အချိန်တန်လို့၊ ပြီးဆုံးသွားပါပြီ။

ကျွန်တော်လည်း၊ ဆရာ့စကားကို နားထောင်ပြီး၊ ကျောင်းစာထဲမှာ . . . စိတ်နှစ်ခဲ့လို့၊ ခံနိုင်ရည်ရှိအောင် ကြိုးစားခဲ့လို့၊ အခုအချိန်မှာ . . . သင့်တင့်တဲ့ နေရာတစ်ခုမှာ၊ ရပ်နေနိုင်ပါပြီ။

ဆရာ ဆုံးမ,ခဲ့ဖူးတဲ့၊ "ကိုယ့်ကိုယ်ကိုယ် အရည်အချင်းရှိအောင်၊ အမြဲကြိုးစားနေပါ။ အရည်အချင်းရှိတဲ့သူအတွက်၊ နေရာတစ်ခု၊ အမြဲ ရှိနေတယ်" . . . ဆိုတဲ့၊ စကားကို၊ ကျွန်တော် အင်အားအဲဖြစ် သတ်မှတ်ကြိုးစားခဲ့တာပါ။

စမ်းစမ်းစိုးဆိုတဲ့၊ ကောင်မ,လေးဟာ၊ လောက, ကြီးထဲကို၊ ဒီ,အတိုင်း ရောက်လာပြီး၊ အလဟဿ ပြန်သွားမယ့်သူ မဟုတ်ဘူးဆိုတာ၊ ဆရာ ယုံကြည်ပေးပါ။

ပုထုဇဉ်သဘာဝ, ဘယ်တော့မှ၊ အမှားနဲ့ မကင်းကြပါဘူး။ ကျွန်တော်က, အမှားတွေ အားလုံးထဲမှာ၊ အသိတရား မှားမှာကို၊ အကြောက်ဆုံးပါပဲ။

အသိတရားမှားရင်၊ ဆုံးဖြတ်ချက် မှားမယ်၊



www.burmeseclassic.com

www.burmeseclassic.com



အတွေးအခေါ် အယူအဆ,တွေ၊ မှားသွားနိုင်ပါတယ်။ ဒါကြောင့်, ကျွန်တော့်အနေနဲ့ ဆုံးဖြတ်ချက် မချနိုင်တဲ့ ကိစ္စမျိုးတွေမှာ၊ ဆရာ့ဆီကို၊ လိုအပ်ရင်၊ စာ . . . ရေးပြီး အကူအညီ တောင်းနေချင်ပါသေးတယ်။ အဲဒါ . . . ဆရာ ဆက်လက် ကူညီပေးစေချင်ပါတယ်။

ဘုရားကို လေ့လာဖို့ လောက,ကြီးကို၊ ဘုရားရဲ့ နည်းစနစ်နဲ့၊ ရင်ဆိုင်ဖို့၊ ဆရာ . . . အကြံပြုထားတာကို၊ ကျွန်တော် . . . မကြာခင် ပြင်ဆင်ပါ့မယ်။

ဘွဲ့,ယူမယ့် နေ့က,တောင်၊ အဖေနဲ့အမေ စကား များကြပါသေးတယ်။ ဆရာ မှာထားသလိုပဲ၊ ငါ့ဝဋ်ကြွေး ကြီးလိုက်တာ . . . လို့ပဲ၊ နှလုံးသွင်းပြီး၊ ဘုရားဂုဏ်တော် တွေကိုသာ၊ ရည်မှတ်နေဖြစ်ပါတယ် ဆရာ။

သမီးဖြစ်သူရဲ့ ပျော်ရွှင်ရမယ့်အချိန် ကာလ,ဆိုတာ ကိုတောင်၊ သတိမမူမိကြတဲ့, မိဘ,နှစ်ပါးကိုလည်း၊ စိတ် ထဲက, ဘယ်လိုမှ၊ အပြစ်မတင်ဖြစ်ပါဘူး။

ဆရာ ပြောဖူးသလို၊ ပုထုဇဉ် . . . ဆိုတဲ့၊ အဝန်း အဝိုင်းထဲ၊ လာ . . . ဖြစ်တာကိုက၊ ကိုယ့်ကံ ပါလား . . . လို့သာ၊ ကြည်ကြည်လင်လင် နှလုံးသွင်းခဲ့တာပါ . . . ဆရာ။





အော်ငို့ချင်စိတ်တော့၊ ပေါက်သွားသေးတာပေါ့နော်။

ဆရာရေ . . .

လောကဓံလှိုင်းတံပိုးတွေကို၊ ကျော်လွှားနိုင်ခါစ, အသိဉာဏ်လေးနဲ့ ဆရာ့ကျေးဇူးကို ရည်မှူးပြီး၊ ပင်လယ်ရေ ပြာပြာမှာ ငြိမ်ငြိမ်သက်သက် ရွက်လွှင့်နေတဲ့၊ ရွက်လှေပုံ လေး တစ်ပုံကို၊ လက်ဆောင်အဖြစ် ထည့်ပေးလိုက်ပါတယ်။

ပြုံးမပို့ပါနဲ့နော် . . . ဆရာ။

ညီမလေး

စမ်းစမ်းစိုး

သရုပ်ပြ

သတ္တဗေဒဌာန

❄ ◆ ❄



www.burmeseclassic.com

www.burmeseclassic.com

[၅]

"ဒီ ... စာကျတော့၊ ယော် ..., ဒါ ...၊ မင်း ..., လက်ရေးပဲ။ ဒါ ...၊ စမ်းစမ်းစိုးဆီ ပြန်တဲ့စာလား။ ဘာလို့ မိတ္တူကူးထားတာလဲ" ... ဟု၊ ထွန်းဦး မေးပြော ပြောဏ်။

ကျွန်တော်က ...

"အဲဒါ ... မြနှင်းဆီ မိတ္တူကူးထားတာ။ ဘယ်သူ့ဆီကို ပြန်တဲ့စာ ဖြစ်ဖြစ်၊ ဗဟုသုတ, ရမယ် ထင်တဲ့၊ အကြောင်းတွေပါရင်၊ သူ ... မှိုင်တွဲထားတယ်။

ဒီစာက, စမ်းစမ်းစိုးဆီ ပြန်တဲ့စာ ဖြစ်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြန်စာတိုင်း . . . ငါက, အားတဲ့အချိန် ရေးရတာကို
စာတိုက်ပို့တာတော့၊ မြနှင်းဆီ ကူညီမှ၊ ဖြစ်မှာလေ
ဒါ . . . ဘယ်စာကို၊ ပြန်တဲ့စာလဲတော့ မမှတ်မိတော့
ဘူး''

''အင်း . . .။ မြနှင်းဆီလည်း . . ., မင်း
အပေါ် ဂရုတစိုက် ရှိပါလျက်နဲ့ ' သတိလက်လွတ်
ဖြစ်သွားတယ် ထင်တယ်''

''စကားစပ်လို့၊ ချီးမွမ်းစရာ, ကျေးဇူးတင်စရာ ရှိရင်၊ ငါ
. . . မြနှင်းဆီ၊ နာမည်ကို၊ ပြောမိနိုင်ပါတယ်။ ဒါပေမဲ့ . . . တခြားတ
ယောက်ယောက်က၊ သူ့နာမည်ပြောရင်၊ ငါ . . ., မကြားချင်တော့
ဘူးနော် ထွန်းဦး'' . . . ဟု၊ ကျွန်တော် ညင်သာပျော့ပါးစွာ ဟန့်တား
မိသည်။

''အေးပါ။ ငါ . . . သဘောပေါက်ပါတယ်''

ပြောပြီး၊ ကျွန်တော့် လက်ရေးဖြင့် ရေးသားထားသော
မိတ္တူကူးထားသည့်၊ ပြန်စာကို ထွန်းဦး ဖွင့်ဖတ်၏။





အနိစ္စ, ဒုက္ခ, အနတ္တ . . . ဆိုတဲ့ သခါရ သဘော
တရားတွေကို ဘေးဖယ်ပြီး၊ သာမန်စကားနဲ့ ပြောရမယ်
ဆိုရင်၊ ကျွန်တော် နေကောင်းပါတယ် မစမ်းစမ်းစိုး။

အချိန်တိုင်း ဖောက်ပြန် ပျက်စီးနေတဲ့ ရုပ်, နာမ်
သဘာဝ,တွေကို လစ်လျူမရှုဘဲ၊ သတိကြီးကြီးနဲ့
ပြောပြရမယ်ဆိုရင်တော့၊ ကျွန်တော် ဉာဏ်ကောင်းကောင်း
နဲ့၊ နေနေပါတယ်။

တကယ့် လူတစ်ယောက်အနေနဲ့၊ ပုထုဇဉ် အညစ်
အကြေးတွေ ကင်းစင်လွတ်မြောက်တဲ့ ဉာဏ်ကို၊ ပိုမို
တိုးပွားဖို့၊ အချိန်ပိုယူနေရတဲ့အတွက်၊ မအားမအပ် ဖြစ်
ရတာပါ။

မစမ်းစမ်းစိုးလည်း၊ အသက်အရွယ်နဲ့ လိုက်ဖက်တဲ့
အသိဉာဏ် ပိုမိုတိုးပွားဖို့၊ ကြိုးပမ်း နေလိမ့်မယ် . . . လို့၊
ကျွန်တော် ယုံကြည်ပါတယ်။

ဒီဘဝ, ဒီ,တစ်ခါတည်းသာ ရရှိပိုင်ဆိုင်နိုင်မယ့်၊
တိုးတက်မှုတွေကိုလည်း၊ လူ . . . ပီပီ သသ, ရယူနိုင်အောင်
ကြိုးစားပါ။

ဘယ်တော့မှ ဘယ်သောအခါမှ, မပျက်စီး



www.burmeseclassic.com

www.burmeseclassic.com



မယိုယွင်းတဲ့၊ ဉာဏ်ပညာကိုလည်း၊ ပီပီသသ, သိမြင်ပိုင်ဆိုင်နိုင်ဖို့၊ သဒ္ဓါကြီးကြီးနဲ့ ကြိုးပမ်းစေချင်ပါတယ်။

လောက,ကြီး၊ ဘယ်လိုပျက်ပျက်၊ ဝန်းကျင်မှာ . . . ဘယ်လိုပျက်ပျက်၊ ကိုယ့်ဟာဒယ (နှလုံးအိမ်,ထဲက၊ အသိဉာဏ်ဓာတ်တွေ၊ မပျက်စီးရင်၊ လူဖြစ်ရကျိုးနပ်ပါပြီ)။

ဘုရင်ကြီးလည်း သေတယ်။

စစ်ဗိုလ်ကြီးလည်း သေတယ်။

ဆရာဝန်ကြီးလည်း သေတယ်။

ကျူရှင်ဆရာလည်း သေတယ်။

ရဟန်းလည်း သေတယ်။

သူတော်ကောင်းလည်း သေတယ်။

ယုတ်မာသူလည်း သေတယ်။

ဘယ်သူတွေ၊ ဘယ်လို သေသေ၊ ဉာဏ်နဲ့ နေသူရဲ့ (သတိနဲ့ နေသူရဲ့) ဉာဏ်ဟာ၊ ဘယ်တော့မှ၊ မသေဘူး။ သေဦးမယ်ဆိုရင်လည်း၊ ရုန်းရင်းဆန်ခတ် မသေဘူး။ ပူပူလောင်လောင် မသေဘူး။

ရုပ်, နာမ် ခန္ဓာတွေ . . .

သေချင် သေ။





ဉာဏ်, မသေဖို့

အရေးကြီးလွန်းပါတယ်။

ဉာဏ်မပါဘဲ သေရင် . . .၊ ခဏခဏ အကြိမ်ကြိမ်၊ ပူပူလောင်လောင်၊ သေရတတ်ပါတယ်။ ဉာဏ်နဲ့ သေသူဟာ၊ အကြိမ်ကြိမ် မသေတော့ပါဘူး။ (သေကြိမ်နည်းသွားပါတယ်)။ သေကြိမ်နည်းသွားတဲ့အပြင်၊ ပူလောင်ပြီး မသေတော့ပါဘူး။

လောက,မှာ . . . ဘယ်သူ . . .၊ ဉာဏ်, အကြီးဆုံးလဲ . . . ဆိုတာ၊ မစမ်းစမ်းစိုးလည်း သိနေလောက်ပါပြီ။ ဘယ်ဉာဏ်အရေးအကြီးဆုံးလည်း ဆိုတာ၊ သိနိုင်လောက်ပါပြီ။

ငယ်ငယ်တုန်းက၊ ဉာဏ်မကောင်းဘူး . . . လို့ သူတစ်ပါးပြောမှာ၊ ကျွန်တော် မလိုလားပါဘူး။ အခု . . . ကိုယ့်ကိုယ်ကိုယ် ဉာဏ်တကယ် ကောင်းရဲ့လား . . . လို့ ရဲရဲရင့်ရင့် မေးဝံ့ပါပြီ။ မစမ်းစမ်းစိုးလည်း မေးကြည့်ပါ။

ဉာဏ်ကောင်းတဲ့သူဟာ၊ အကောင်းဆုံး ဉာဏ်ရှိဖို့ လိုပါတယ်။ အကောင်းဆုံး ဉာဏ်ဆိုတာ၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဆီမှာလည်း၊ မရှိနိုင်ပါဘူး။ အမေရိကန်



www.burmeseclassic.com

www.burmeseclassic.com



သမတာဆီမှာလည်း၊ မရှိနိုင်ပါဘူး။

(၇) နှစ်သား၊ (၇) နှစ်သမီးလောက်နဲ့လည်း၊ အကောင်းဆုံး ဉာဏ်၊ ရှိချင် ရှိနေနိုင်တာပါ။ အကောင်းဆုံး ဉာဏ်ကို၊ မစမ်းစမ်းစိုး၊ ရရှိ ပိုင်ဆိုင်နိုင်ပါစေ ...လို့၊ ကျွန်တော် ဆန္ဒပြု ဆုမွန်ခြွေလိုက်ပါတယ်။ ။

ငြိမ်းချမ်းပါစေ ...

လေးစားခင်မင်လျက်

ကိုကိုအောင်

(အရုဏ်ဦး စာသင်ဝိုင်း)

"ဒီစာကို၊ ငါလည်း မိတ္တူ ကူးထားချင်တယ်ကွာ" ...ဟု၊ ထွန်းဦး ပြော၏။

ကျွန်တော်က ...

"အသုံးဝင်ရင်၊ ယူထားပေါ့ကွာ။ ယူထား မှတ်ထားပြီး၊ အသုံးမဝင့်ရင်၊ အလကားပဲ။

မြနှင်းဆီလည်း ...သူ ...လိုချင်လို့၊ ကူး ထားတာပဲ။ အသုံးမပြုတတ်တာလား၊ အသုံးမဝင် တာလား၊ မသိဘူး၊ လှူချင်းကွဲသွားတော့လည်း၊ ကူး





ထားတဲ့ မိတ္တူစာရွက်တွေ၊ ကျန်ခဲ့တာပဲ။ သူ့အတွက် လည်း၊ အကျိုးရှိတယ်ဆိုပြီး၊ ကူးယူထားတဲ့ မိတ္တူ တွေ၊ အများကြီး"

ကျွန်တော့် စကားကြောင့် ထွန်းဦး ပြုံး၏။ ကျွန်တော်က

"ကာယကံရှင်တွေအတွက်၊ အသုံးဝင်ကြ ပေမယ့်၊ သူ့အတွက်၊ အသုံးမတည့်ဘူး ထင်ပါရဲ့။ ဘော်ကြယ်လား, ရွှေချည်ထိုးလား။ ဖန်းကွဲ, ပုလင်း ကွဲလား၊ ရတနာလား မသိဘဲ၊ သူတစ်ပါး ဆင်မြန်း တာတွေ့လို့ လိုချင်တဲ့သူတွေ၊ လောက,မှာ အများ ကြီးပဲ။

ယင်ယင်တုန်းက, လိုပေါ့ကွာ။ လူကြီးတွေက၊ တရုတ်ဆေးခါးကြီး၊ ငွပ်ခနဲ, ငွပ်ခနဲ၊ သောက်နေ ကြတော့၊ ကိုယ်လည်း ငွပ်ချင်စိတ် ပေါက်လာရော။ ဒါနဲ့, သောက်ကြည့်မိတော့ ...ကြက်သီးထ, လောက်အောင် ခါးလိုက်တာ။ နောက် ...ဘယ် တော့မှ မသောက်တော့ဘူးလေ။ ခါးလို့။

အဲဒီလိုပဲ ...၊ ဘယ်တရားလေး ကောင်း



www.burmeseclassic.com

www.burmeseclassic.com

လိုက်တာ၊ ဘယ်စကားလေး မှန်လိုက်တာ ဆိုပြီး၊ ကူးထား၊ မှတ်ထား။

တကယ် အသုံးပြုရမယ့် ကာလ,ကျတော့၊ ကူးထား၊ မှတ်ထားတာတွေ၊ အသုံးမဝင်တော့သလိုပဲ။

အနိုင်ရပြီးရော ...၊ လိုတာရ ပြီးရော မှျ၊ မမှျ၊ မှန်၊ မမှန်၊ မစဉ်းစားကြတော့ဘူး။

သောက်ချင်မိခဲ့တဲ့၊ ဆေးခါးကြီးကို၊ တကယ် သောက်ရမယ့်အခါမှာ ... မျက်နှာလွှဲထားမိသလို၊ မဖြစ်စေနဲ့ကွာ''

ထွန်းဦးက ...

''စု, တု, ပြု ဆိုသလိုပေါ့ကွာ။ ကူးထား၊ မှတ်ထားဖန် များလာရင်၊ တဖြည်းဖြည်း တော့၊ အသုံးပြုတတ်လာမှာပါ''

ကျွန်တော် ခေါင်းညိတ်ရုံသာ ညိတ်လိုက်၏။

❋ ◆ ❋



[၆]

... ဆရာ့ဆီ ရေးတိုင်း စာတွေထဲမှာ၊ ကျွန်တော် ... ကျွန်တော် MRCS မပါတဲ့အ ကြောင်း ရေးမိခဲ့သလား မသိဘူး။

''ကိုယ့်ကိုယ်ကိုယ် အရည်အချင်းရှိအောင် ကြိုးစားနေဖို့၊ အရည်အချင်းရှိတဲ့သူ ... အခွင့်အရေး ရလာမယ်'' ... ဆိုတဲ့၊ ဆရာ့စကားကို မှတ်ထားတဲ့အတွက်၊ ထပ်ကြိုးစားချင်စိတ် ဖြစ်ခဲ့တယ်။

အဲဒီအတွက် ဆုလာဘ်က၊ လူ ၅၀၀ နီးပါး အလုပ်စာမေးပွဲ ဖြေကြတာ ၂၅ ယောက်ပဲ၊ written အောင်တယ်၊


www.burmeseclassic.com

www.burmeseclassic.com

အဲဒီအထဲမှာ၊ ကျွန်တော် ပါခဲ့တယ်လေ။ Personal interview မှာလည်း၊ အောင်ခဲ့တယ်။ ဘာပဲဖြစ်ဖြစ်၊ အဲဒါ . . . ဆရာ့ကျေးဇူးပါ။

အလုပ်ခွင်ထဲ ရောက်လာတော့၊ စိတ်ညစ်စရာတွေနဲ့ ကြုံရပြန်တာပေါ့နော်။ ဆရာ့ကို ကျွန်တော် အကူအညီ တောင်းဦးမယ်နော်။ ကျွန်တော်မေးတဲ့ မေးခွန်းလေးတွေကို၊ ဖြေပေး ပါဦးနော်။

၁။ အလုပ်ခွင်ထဲမှာ ကိုယ့်အပေါ် ကောင်းမယ့်သူလား။ ကိုယ့်ကို နောက်ကျောက၊ ဓားနဲ့ထိုးမယ့်သူလား။ အဆင်း ဘီးတပ်မယ့်သူလား။ သိအောင် ဘယ်လို ခွဲခြားရမလဲ။

၂။ အလုပ်ခွင်ထဲမှာ ပျော်ရွှင်မှုရအောင် (ကိုယ်ရော, သူတစ်ပါးရော) ဘယ်လို နေထိုင်, ကျင့်ကြံ၊ ပြုမူ ပြောဆိုသင့်သလဲ။

၃။ အထက်လူကြီးက, စပြီး၊ အောက်ဆုံးလူအဆင့်အထိ၊ သူတစ်ပါး ချစ်ခင်အောင်၊ ကြည်ညိုအောင်၊ လေးစားအောင်၊ အဆင်ပြေအောင်၊ ဘယ်လို နေထိုင်သင့်သလဲ။





၄။ အလုပ်ထဲမှာ နေထိုင်တဲ့အခါမှာ၊ ဘယ်လို စိတ်ထားမျိုးနဲ့ ရှင်သန်နေထိုင်သင့်သလဲ။

ဖြေစေချင်ပါတယ်။ ဆရာ အားမှပေါ့နော်။ စာသင်တဲ့အလုပ်ကိုတောင်၊ အချိန်ပိုင်းပဲ လုပ်ပြီး၊ ဘာသာရပ်ဆိုင်ရာ ဆောင်းပါးတွေ, လူငယ်အကျိုးပြု ဆောင်းပါးတွေ၊ ရေးသားကြိုးပမ်းနေတဲ့ ဆရာ့အချိန်တွေထဲက၊ ကျွန်တော့်ကို၊ နည်းနည်းဖဲ့ပေးပါ ဆရာ။ အလုပ်ထဲမှာ အငယ်ဆုံးဆိုတော့၊ အနိုင်းခံရတယ်။ အရမ်းစိတ်ဆိုးမိတယ်။

မကြာခင် ကျွန်တော် Ph.D ဝင်ခွင့်ရအောင် ကြိုးစားမယ်။ ဆရာ ဖြစ်စေချင်သလို၊ ဘုရား, တရား, သံဃာကို၊ အကြွင်းမဲ့ ကိုးကွယ် ယုံကြည်သူတစ်ယောက် ဖြစ်နေပါပြီ။

ကျွန်တော့် မေးခွန်းတွေကို ဖြေပေးစေချင်ပါတယ် . . . ဆရာ။ ။

ဆရာ . . .

ကိုယ်စိတ်နှစ်ပါး ရွှင်လန်းပါစေ

ရှိသေစွာဖြင့်

ဒေါ်စမ်းစမ်းစိုး



www.burmeseclassic.com

www.burmeseclassic.com



သရုပ်ပြ၊ သတ္တပဗေဒဌာန

". . ." တက္ကသိုလ်။

◆

အဖြေ–၁။ [ရန်သူလား မိတ်ဆွေလား၊ ခွဲခြားတတ်ဖို့အတွက်၊ ခွဲခြားနိုင်တဲ့ စိတ်စွမ်းအား။ ဉာဏ်စွမ်းအား လိုတယ်။ (ဒါ . . . အကြမ်းဖျင်း အဖြေ)]။

အဖြေ–၂။ [စိတ်ချမ်းသာဖို့, နည်းစနစ် သိရမယ်။ (ဒါ . . . အကြမ်းဖျင်း အဖြေ)]။

အဖြေ–၃။ [မေတ္တာနဲ့ နေရမယ်။ (ဒါလည်း . . . အကြမ်းဖျင်း အဖြေ)]။

အဖြေ–၄။ [အမြဲတမ်း နေထိုင်ရမယ့် စိတ်ထားလို့၊ သဘော သက်ရောက်တယ်။ သတိနဲ့ နေပါ။ (ဒါလည်း . . . အကြမ်းဖျင်း အဖြေ)]။





မေးခွန်း တစ်, နှစ်, သုံး, လေး (အားလုံး) အတွက်၊ အသေးစိတ် အဖြေကို၊ အကျဉ်းချုပ်ပြီး ပြောပြမယ်။ (ပြောပြသူ နည်းစနစ်အား နည်းရင်လည်း၊ တစ်ဖက်လူ နားမလည်မှာစိုးတယ်)။

ဒါကြောင့်, မစမ်းစမ်းစိုးအနေနဲ့ လည်း၊ (၅) ပါးသီလ, ခံယူဆောက်တည်ပြီးမှ၊ ဉာဏ်စွမ်း အပြည့်နဲ့၊ ဒီ . . . နည်းစနစ်ကို၊ ဖတ်ပါ။

ငယ်ငယ်က, ကြားဖူးကြုံဖူးမှာပေါ့။ ကျွန်တော်, ကျွန်မ, မခံစားနိုင်တော့ဘူး . . . လို့ အော်ဟစ် ညည်းညူမိတယ် ဆိုပါတော့။ ဘေးက, လူကြီးသူမ,တွေ၊ နည်းစနစ် ပေးကြတာပါပဲ။

ဘယ်လို နည်းစနစ်ပေးခဲ့ကြသလဲ ဆိုတော့၊ "တရားနဲ့ဖြေ" . . . တဲ့။



www.burmeseclassic.com

www.burmeseclassic.com



"တရားနဲ့ဖြေ" ဆိုတဲ့ နည်းစနစ်က၊
အကောင်းမွန်ဆုံး ဆိုပေမယ့်၊ တရား
. . . ဆိုတာ၊ ဘာမှန်းမသိဘဲ သူက၊
ဘယ်လိုတရားနဲ့ ဖြေနိုင်ပါ့မလဲ။ အဲဒီ
လိုပဲ . . . တရားနဲ့ဖြေဖို့, ဆောင်မ.
ညွှန်ကြားသူကိုယ်တိုင်က, လည်း၊
တရားသဘောကို၊ တကယ်မသိဘဲ၊
ပြည့်ပြည့်ဝဝ, မသိဘဲ၊ တရားနဲ့ချည်း
ဖြေခိုင်းနေတာလည်း နည်းစနစ်ပေး
သူရဲ့၊ အားနည်းချက်ပဲ။

ရေမကူးတတ်တဲ့သူ၊ ရေနစ်နေတာ
ကို၊ ရေကူးနည်း ဖတ်ထားပြီး ကိုယ်
တိုင် ရေမကူးဘူးတဲ့သူက၊ ရေကူး
နည်း လှမ်းသင်နေပြန်ရင်လည်း၊ ဒါ
. . . အင်မတန် လွဲချော်တဲ့ကိစ္စပဲ။

ရေကူးတတ်သူပဲဖြစ်ဖြစ်၊ ရေမကူး
တတ်သူပဲဖြစ်ဖြစ်၊ ရေနစ်နေရင် . . .
ရေကူးကျွမ်းကျင်သူက ရေထဲ ခုန်





ဆင်းပြီး၊ ကယ်လိုက်တာဟာ၊
အကောင်းဆုံးပါပဲ။

လောက, ပင်လယ်ပြင်ကြီးထဲမှာ၊
ကျွန်တော် ရေနည်းနည်း ကူးတတ်
တယ်။ မစမ်းစမ်းစိုးက၊ ရေနစ်တော့
မယ်။ (မနစ်သေးဘူး)။ နည်းမသိ
ရင် နစ်မယ်။ (ရေကူးနည်း၊ ပြောပြ
ချိန် နည်းနည်းရတယ်ဆိုပါတော့)။

ဒါကြောင့် . . . သင်ယူသူက, လည်း၊
လိုအပ်မယ့် စည်းကမ်းကို၊ လိုက်နာ
စည်းစနစ်ကို သေသေချာချာမှတ်။
ပြောပြသင်ကြားသူ ကျွန်တော်က,
လည်း၊ အချိန်တိုတိုအတွင်းမှာ၊
အင်အားအပြည့်နဲ့၊ ပြောပြပါ့မယ်။

(တစ်) ။ ။ ရန်သူ မိတ်ဆွေ ခွဲခြားနိုင်တဲ့ စိတ်စွမ်း
အား၊ ဉာဏ်စွမ်းအား ပိုင်ဆိုင်ဖို့
အတွက်၊ ကိုယ့်ရဲ့ စိတ်နှလုံးက၊ သန့်
ရှင်းစင်ကြယ်နေဖို့ လိုပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကိုယ် ကိုယ်တိုင်ကိုက၊ လောက,ကို၊ သံသယနဲ့ကြည့် နေမိရင်၊ ဘာကိုမှ၊ အမှန်မြင်တတ်တော့မှာ၊ မဟုတ်ပါဘူး။

(ဉာဏ်တော် ရှေ့သွားမရှိခြင်းသည်၊ မရှိ . . . တဲ့။ ဒါ . . . မြတ်စွာဘုရားရဲ့ ဂုဏ်တော်တစ်ခုပါပဲ။)

ဘာကိုလုပ်လုပ်၊ ဘာကို ပြောပြော၊ ဉာဏ် . . . ရှေ့က, ဦးဆောင်ပါတယ် . . . တဲ့။ ဒါကို နှလုံးသွင်း၊ ဗဟုသုတ,ယူပြီး ကျွန်တော်တို့၊ သာမန်လူတွေ၊ ဘုရားရှင်ရဲ့ နည်းစနစ်အတိုင်း၊ ဉာဏ်လှမ်းမီသလောက် နေထိုင်ကျင့်ကြံရမယ် . . . ဆိုတဲ့ အဖြေကိုပဲ၊ ကျွန်တော် ပေးပါတယ်။

(နှစ်) ။ ။ (ကိုယ်ရော, သူတစ်ပါးရော) အလုပ်ခွင်ထဲမှာ၊ (ကျွန်တော့် အလိုအရ)





နေရာတိုင်းမှာ၊ ပျော်ရွှင်မှုရအောင်၊ ဘယ်လို နေထိုင်, ပြုမူ ပြောဆိုသင့်သလဲဆိုရင်၊

အမှန်စကား စ,ပြောရရင်၊ လောက,မှာ၊ ပျော်ရွှင်မှု ဆိုတာထက်၊ ငြိမ်းအေးမှုသာ တကယ်လိုအပ်တာပါ။ အဲဒီ့အတွက် ဘယ်လိုနေထိုင်ပြုမူ ပြောဆိုရမလဲဆိုတော့ . . . ,

ငါ . . . နေထိုင်ရှင်သန်နေတဲ့ ဝန်းကျင်ဟာ၊ အရိယာ သူတော်စင်, သူတော်ကောင်းတို့၊ ဝန်းကျင်လား၊ ပုထုဇဉ်တွေ များပြောင်လှတဲ့ ဝန်းကျင်လား . . ဆိုတာ၊ ဆင်ခြင် စဉ်းစားတတ်ရပါတယ်။ ပုထုဇဉ်ဆိုတာ၊ ကြီးကြီး, ငယ်ငယ်, ကိုယ်လုပ်တာမှန်တယ် ထင်တတ်သလို၊ မြင်တာ, တွေ့တာလေးကိုပဲ၊ ဝေဖန်ပိုင်းဖြတ်


www.burmeseclassic.com

www.burmeseclassic.com

ပြီး။ ကိုယ်ထင်တာ အမှန်၊ ကိုယ်မြင်တာ အကောင်း။ ကိုယ်လုပ်သမျှ ဖြစ်ရမယ်၊ ဖြစ်သမျှ မြဲတယ် . . . လို့ ထင်တတ်တဲ့ သဘာဝရှိကြတယ်။

ကိုယ့်ကို အထက်လူ ငြိုငြင်မှာ စိုးလို့ ကိုယ်က‚လည်း ကိုယ့်ဉာဏ်မီ သလောက်နဲ့ အောက်လူကို၊ အထိတ်တလန့် အမိန့်ပေး‚ နိုင်းစေတတ်တဲ့ သဘာဝလည်း ရှိတယ်။

ဒီနေရာမှာ . . .‚ ငါ . . . လုပ်ပိုင်ခွင့်ရှိတယ်၊ အဲဒီတော့ . . . ငါ‚နိုင်းတာပဲ . . . လုပ်ဆိုတဲ့၊ မာန်မျိုးလည်း ရှိတတ်တယ်။ မှန်မှန်မှားမှား၊ နိုင်းတာ လုပ်မှ တိုးတက်မယ်၊ ထင်ပြီး‚ တင်ပြစရာ ရှိတာကိုတောင်၊ မတင်ပြ . . တော့ဘဲ၊ မှိန်းနေတတ်တဲ့ သဘာဝ‚ လည်း ရှိတတ်တယ်။

ပုထုဇဉ် ဉာဏ်ထက်၊ မြင့်မား မြင့်





မြတ်တဲ့၊ သူတော်ကောင်းစိတ်ရှိတဲ့ သူက‚တော့ . . .‚ ပုထုဇဉ်စရိုက်မျိုး တွေ၊ ဉာဏ်ကြီးရင် ကြီးသလောက် လျော့နည်းနေပါတယ်။

ဒီတော့ . . . ဩော် . . . ပုထုဇဉ် တွေကိုးလို့၊ နှလုံးသွင်းပြီး သည်းခံခွင့်လွှတ်နေတတ်ရင် ဘယ်အရပ်မှာ ဖြစ်ဖြစ်၊ နေထိုင်နိုင်ပါလိမ့်မယ်။ (ကိုယ်လည်း ပုထုဇဉ်ပါလား . . . လို့ နှလုံးသွင်းဖို့လည်း မမေ့ပါနဲ့)။

ဒါဆို . . . အားလုံး ငြိမ်းအေးပါ လိမ့်မယ်။ သည်းခံ‚ ခွင့်လွှတ်ခြင်း . . . ဆိုတဲ့၊ စကားရဲ့‚ တန်ဖိုးကို လည်း၊ တစ်ခါတည်း ရှင်းပြလိုက်ပါ့ မယ်။

လုပ်ဖော်ကိုင်ဖက် အချင်းချင်း ထဲက‚ဖြစ်စေ၊ ဝန်တိုသူက‚ဖြစ်စေ၊ ကိုယ့်အပေါ် . . . တိုက်ခိုက်နှောင့်


www.burmeseclassic.com

www.burmeseclassic.com



ယှက်ပြီဆိုရင်၊ ဘယ်သူပဲဖြစ်ဖြစ်၊ စိတ်က, ထောင်းခနဲ၊ ဒေါသ,က ဝေါခနဲ ထွက်လာတော့တာပဲ။

ဘယ်လို အကြောင်းကြောင့်ဖြစ်ဖြစ်၊ စိတ်ထဲကို ဒေါသ, ခိုပြီဆိုရင် စိတ်နှလုံး အပူသင့်တော့တာပါပဲ။

နှလုံးသား ဆိုတာ။ နှလုံးဆိုတာ၊ ဟာဒယ ...။ နှလုံးကို ဟာဒယလို့ ခေါ်ပါတယ်။ ဟာဒယဆိုတာ ...နိမ့်ရာ ...လို့ အဓိပ္ပာယ် သက်ရောက်ပါတယ်။ ဘာ ...နိမ့်တာလဲဆိုတော့၊ စိတ်ရဲ့နိမ့်ရာ ...လို့၊ ဆိုပါတယ်။

အကြောင်း တစ်ခုခုကြောင့် စိတ်ထဲ၊ ဒေါသ,ရောက်။ သောက, ရောက်။ လောဘ,ရောက်။

စိတ်က, နှလုံးသွေးကို နှိ ...မှီ။ နှလုံးသွေးကို, နှလုံးက, စုတ်ယူ





နှလုံးက, စုတ်ယူပြီးသား နှလုံးသွေးတွေကို ...တစ်ကိုယ်လုံးကို ဖြန့်။ ဦးနှောက်ကို ရောက်။

စိတ်ထဲဝင်တဲ့ ဒေါသ,တွေ၊ အပူတွေ၊ နှလုံးသွေးထဲရောက်၊ တစ်ကိုယ်လုံးရောက်ဆိုရင်၊ မျက်တောင်တစ်ခတ်လောက်, ဒေါသ, ဖြစ်မိရင်တောင်၊ နှလုံးသွေး ညစ်နွမ်းမှု၊ ကမ္ဘာ့တစ်သိန်းလောက် အရှိန်အဟုန် ဖြစ်သွားလေ့ရှိတယ် ...လို့ မှတ်သားဖူးပါတယ်။

ဒါကို ...ဉာဏ်အကောင်းစားနဲ့ ဆင်ခြင်တတ်ရင်၊ ဒေါသ ...ဖြစ်အောင် လုပ်တာ သူတစ်ပါး။ ဒေါသ, သင့်သွားတာ၊ ကိုယ့်နှလုံးသွေး၊ ကိုယ့်နှလုံးသား၊ ကိုယ့်ဘဝ။

ဘယ်သူ နစ်နာသွားသလဲ။ စဉ်းစားကြည့်ပါ။ ထွက်လာတဲ့ အဖြေက,



www.burmeseclassic.com

www.burmeseclassic.com



တော့၊ တကယ် ဉာဏ်မီရင် ... (ဘယ်သူ ဘာပြောပြော။ ဘယ်လို နှောင့်ယှက် နှောင့်ယှက်)။

ငါ ..., ဒေါသ မဖြစ်သင့်ဘူးဆိုတဲ့ အဖြေပဲ၊ ထွက်လာပါလိမ့်မယ်။

ဒါကြောင့် ... သည်းခံတယ်, ခွင့်လွှတ်တယ် ဆိုတဲ့အလုပ်က၊ ဉာဏ်ကောင်းမှ၊ လုပ်လို့ရတယ် ... လို့။ ကျွန်တော် အကြံပြုပါရစေ။

ဩော် ... ဒီလို အဝန်းအဝိုင်းထဲ၊ ရောက်စေတဲ့ ကံအမှုကို၊ ငါ ... ပြုခဲ့တာပါလား ... လို့၊ နှလုံးသွင်း။ ပြီးမှ ... ဩော် ပုထုဇဉ်တွေကိုး ... လို့၊ တွေး ... မှတ်။ ပြီးတော့ ... သည်းခံ ခွင့်လွှတ်။ ဒါဆို ... ဘယ်မှာနေနေ ပျော်ရုံမက၊ ငြိမ်းအေးကြပါလိမ့်မယ်။

(သုံး) ။ ။ အထက်လူကြီးက,စပြီး၊ အောက်လူ





အဆင့်အထိ၊ သူတစ်ပါး ... ချစ်ခင်, ကြည်ညို,လေးစား,အောင်၊ အဆင်ပြေအောင်၊ နေထိုင်ဖို့က,တော့၊ ဘုရားရှင်ရဲ့နည်းပဲ၊ အကောင်းဆုံးပါ။

မေတ္တာနဲ့နေဖို့၊ ကျွန်တော် ... အကြမ်းဖျင်း၊ ပြောထားတယ်နော်။

အထက်လူကြီးကို မိဘ,လို သဘောထား။ အောက်လူကို မောင်နှမသားချင်းလို သဘောထား။ ကိုယ့်ကဲ့သို့ သဘောထား။ အဲဒါ ... မေတ္တာထားတာပါပဲ။

နောက်ပြီး ...၊ သူတစ်ပါး ... ချစ်ခင်, ကြည်ညိုလေးစားဖို့ထက်၊ အရေးကြီးဆုံးက၊ ကိုယ့်ကိုယ်ကိုယ် ချစ်တတ်ဖို့၊ ကြည်ညိုဖို့၊ လေးစားဖို့၊ ပို ... အရေးကြီးပါတယ်။

ကိုယ့်ကိုယ်ကိုယ် ချစ်တတ်သူဟာ၊ ပူပင်အောင် မနေပါဘူး။ အ,



www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်ကြီးအောင်၊ မနေပါဘူး။ အ,ကုသိုလ် . . . ဆိုတာ၊ သူတစ်ပါးကို၊ ထိပါးစေမှ၊ အ,ကုသိုလ် မဟုတ်ပါဘူး။ သူတစ်ပါးကြောင့်, ကိုယ် . . . သောက,ဖြစ်တာ၊ ဒေါသဖြစ်တာလည်း၊ အ,ကုသိုလ်ပါပဲ။

သီလ, သမာဓိ, ပညာ (ဝိပဿနာ ဉာဏ်ပညာ) အပြည့်နဲ့၊ ဉာဏ်လှမ်းမှီသလောက် နေထိုင်ကျင့်သုံးနေသူအဖို့၊ အထက်အောက် လူတန်းစားပေါင်းစုံနဲ့၊ အဆင်မပြေစရာအကြောင်း မရှိတော့ပါဘူး။ ရှိနေတတ်ပါတယ် ဆိုရင်လည်း အဲ့ဒီ ကာယကံရှင်ရဲ့ . . . သီလ,အား၊ သမာဓိအား၊ ပညာအား လျော့နည်းနေလို့ပါ။ (အ,ကုသိုလ် ရှိနေသေးလို့ပါ)။

(လေး) ။ ။ အလုပ်ထဲမှာပဲ ဖြစ်ဖြစ် (ဘယ်မှာဖြစ်ဖြစ်) ဘယ်လိုစိတ်ထားမျိုးနဲ့ နေထိုင်





ရှင်သန်ရမလဲ . . . ဆိုရင်၊ လောဘ, ဒေါသ, မောဟ နည်းပါးစေတဲ့၊ စိတ်ထားနဲ့ နေထိုင်ရပါမယ်။

ဒါကို သတိနဲ့ နေထိုင်တယ်လို့ ဆိုချင်ပါတယ်။ သတိ ဆိုလို့၊ ငါ့ကို ဘယ်သူ အနိုင်ကျင့်မလဲ၊ ငါ့ကို ဘယ်သူ တိုက်ခိုက်မလဲ, ကုန်းချောမလဲ, ယှဉ်ပြိုင်နေမလဲ . . . ဆိုတဲ့၊ သတိမျိုးကို၊ ဆိုလိုတာ မဟုတ်ပါဘူး။

ဘယ်သူ့ကြောင့်ဖြစ်ဖြစ်၊ ဘာကြောင့်ဖြစ်ဖြစ်၊ စိတ်ထဲမှာ . . . အ,ကုသိုလ် မဝင်အောင်၊ ဆင်ခြင်နိုင်စွမ်းတဲ့၊ ဉာဏ်သတိကို၊ ဆိုလိုပါတယ်။

ဉာဏ်သိပ်ကြီးတဲ့သူက . . . ရုပ်, နာမ်, ဓမ္မ, သင်္ခါရတွေကိုသာ၊ သဘောအဖြစ်နဲ့ နှလုံးသွင်းပါတယ်။

ဉာဏ်သင့်တဲ့ သူက . . . ဗုဒ္ဓ



www.burmeseclassic.com

www.burmeseclassic.com



နုသသတိနဲ့ နေပါတယ်။

နှလုံးသားရဲ့ အောက်ဘက်၊ နှလုံးချိုင့်လို့ခေါ်တဲ့ စိတ်နိုရာ အရပ်မှာ ဘုရားရှင်တွေကို၊ နှလုံးသွင်း၊ ဂုဏ်တော်တွေကို နှလုံးသွင်းနေတာ၊ ဗုဒ္ဓနုသသတိလို့၊ ခေါ်ပါတယ်။

နားလည်လွယ်အောင် ပြောရရင်၊ ရေခဲတုံးကို၊ ဖြတ်သန်း စီးကျလာတဲ့ ရေက အေးမြလေ့ရှိသလို၊ ဗုဒ္ဓကို နှလုံးသွင်းထားသူရဲ့ နှလုံးသွေးကို၊ စုပ်ယူ ဖြန့်ကြက်နေသူရဲ့ ခန္ဓာအနံ့ ဟာလည်း၊ အ,ကုသိုလ် နည်းပါး ကင်းစင်နေပါတယ်။

မန္တိုင်းကောင်း နိုင်းကောင်း၊ ရေခဲတုံးကို ဖြတ်သန်းစီးကျလာတဲ့ ရေ သဘာဝ,လိုပါပဲ။

နိဂုံးချုပ် ပြောပြရရင်၊ ဘယ်အရာကို၊ ဘယ်တော့ ရင်ဆိုင် ရင်ဆိုင်၊





တစ်, နှစ်, သုံး, လေး, ဘယ်ကိစ္စ ဖြစ်ဖြစ်၊ သီလ,အခြေခံ သမာဓိ အခြေပြု၊ ပညာယှဉ်ပြီး ရင်ဆိုင်ကြရမှာပါ။ (အဲဒါကို . . . ဉာဏ်လို့ ခေါ်စေချင်ပါတယ်)။

ကိုယ်ကို အကြောင်းပြုပြီး ခန္ဓာမှာ ဖြစ်,ပျက် သွားတတ်တဲ့၊ သဘောသဘာဝ, ဓာတ်သဘာဝ, ရုပ်, နာမ်, မွေ့သဓိရ ဆိုတာတွေရဲ့၊ အကြောင်း အကျိုးတွေကို၊ သံဃာတော်တွေသာ၊ သိဖို့လိုမယ်။

ငါတို့, သိဖို့မလိုဘူး။ ကျင့်ကြံဖို့ မလိုဘူး။ ဒါ . . . ပါရမီပါမှ ဖြစ်တာပါ . . . လို့၊ ဆင်ခြေကာတတ်သူတိုင်းဟာ၊ အင်မတန် ဉာဏ်နည်းတဲ့ အလွန်သနားစရာကောင်းတဲ့သူတွေပဲ . . . လို့၊ ကျွန်တော် . . . မေတ္တာစေတနာ ရှေ့ထားပြီး ပြောပြ ပေးမှ



www.burmeseclassic.com

www.burmeseclassic.com

လိုက်ပါတယ်။ ဒါပါပဲ။

(မရှင်းတာရှိရင်၊ ထပ်မေးပါ။ အချိန်အားလပ်ရင်၊ ကျွန်တော် ထပ်မံ ရှင်းပြပါ့မယ်။

မစန်းစန်းစိုးက၊ တစ်ချိန်ချိန်မှာ . . . စာသင်ခန်းထဲက၊ တပည့်တွေကို၊ ဦးဆောင်ရမှာပါ။ ဦးဆောင်မယ့်သူက . . . သိသင့်တာကို သိမထားရင်၊ ဘာ . . . စာသင်သင် ဘာပညာသင်သင်၊ အလုံးစုံ မပြည့်ဝ‌နိုင်ဘူး။ Perfect မဖြစ်ပါဘူး)။

လေးစားခင်မင်လျက်

ကိုကိုအောင်

(အရှေ့ဦး စာသင်ဝိုင်း)

❋ ◆ ❋



[၇]

ကျွန်တော် ရှိသေလေးစားစွာဖြင့်၊ သတိတရ စာရေးလိုက်ပါတယ်။ ဆရာ ကိုယ်ရော, စိတ်ပါ၊ နေကောင်းပါစေ . . . လို့ ကျွန်တော် ဆုတောင်းပေးလိုက်ပါတယ်။

ဒီဘဝမှာသာ၊ ရယူပိုင်ဆိုင်နိုင်တဲ့၊ တိုးတက်မှုတွေကို ကြိုးစားအားထုတ်နေပါတယ်။ ဒါပေမဲ့, ဆရာပြောတဲ့၊ "ဘယ်တော့မှ၊ မပျက်စီး မယိုယွင်းတဲ့ ဉာဏ်ပညာကိုလည်း၊ သိ, မြင်, ပိုင်ဆိုင်နိုင်အောင်၊ အသိကြီးကြီးနဲ့ ကြိုးစားဖို့, အားထုတ်ဖို့


www.burmeseclassic.com

www.burmeseclassic.com

စိတ်ထဲတော့ ရှိပါတယ်။ (အခုထက်ထိ အကောင်အထည်မဖော်ဖြစ်သေးပါ။ လုပ်ကို လုပ်ရမယ်ဆိုတာကိုတော့၊ အသိရှိနေပါတယ်)။ ကြိုးစားမှာပါ။

လူတွေအားလုံးဟာ၊ ကိလေသာ အလုံးစုံ မကင်းစင်နိုင်ကြသေးဘူး။ လူပီပီသသ, ပုထုဇဉ် အညစ်အကြေးက၊ ရှိဦးမှာပဲလေ။ အဲဒီတော့ ဘုရား, တရား, အလုပ်ကို၊ အချိန်ပြည့် မပေးနိုင်တဲ့လူ (ကျွန်တော့်လိုလူ) တွေအတွက်၊ ဆရာ့ အတွေးအခေါ် အကြံပြုစကားတွေက၊ အကျိုးရှိလှပါတယ်။

နုနယ်သေးတဲ့ အချိန်မှာ . . . မိသားစုထဲမှာ၊ မထင်မှတ်တဲ့ ကိစ္စတွေ ဖြစ်ခဲ့တုန်းက . . .

ဆရာ့ ဆုံးမစကားတွေက၊ ကျွန်တော့်ကို ဒီနေ့, ဒီအချိန်, ဒီလို ဖြစ်လာအောင်၊ တွန်းပို့ပေးခဲ့တာပါ။ စိတ်ညစ်နေတဲ့ အချိန်တုန်းက၊ လုပ်ချင်ရာ လုပ်ခဲ့မိရင်၊ အခုလို ဘဝ . . . မျိုးကို၊ ရနိုင်မယ် မထင်ဘူး။

လူတိုင်းက,တော့ . . . ဘယ်သောအခါမှ၊ မပျက်စီးတဲ့ အသိဉာဏ်ကို၊ ပိုင်ဆိုင်အောင် ကြိုးစား





ရမယ်ဆိုတာ၊ သိချင် သိမယ်။ မသိချင် မသိဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒါက နက်နဲတယ်လေ။ ဉာဏ်ရည်ရင့်ကျင့်မှုနဲ့လည်း ဆိုင်မယ်။

အဲဒီတော့ . . . ဘာပဲဖြစ်ဖြစ်၊ ကျွန်တော့်အတွက်၊ ဆရာ့ ပြန်စာတွေ လိုအပ်ပါတယ်။ အရာရာကို အနိစ္စ, ဒုက္ခ, အနတ္တ . . . လို့ သဘောမထားနိုင်သေးတဲ့၊ ကျွန်တော့်အတွက်, ဘဝကောင်းမွန်ဖို့၊ မတိမ်းစောင်းဖို့၊ ဘေးမချော်ဖို့၊ သင့်တင့်တဲ့ အနေအထားတစ်ခုကို၊ ရောက်ဖို့ ဆရာရဲ့ ပြန်စာတွေ လိုအပ်နေပါသေးတယ်။

ဒီ . . . စာကို၊ ရေးရတာ၊ အကြောင်းက, အခုမှ၊ စ,ပြောပါရစေ။ စိတ်ထဲ . . . အချဉ်ပေါက်လို့ ရေးလိုက်တာပါ။

ဆရာ ပြောဖူးတဲ့ . . . "လောက,ကြီး ဘယ်လိုပျက်ပျက်။ ကိုယ့်နှလုံးသားထဲက၊ အသိဉာဏ်တွေ၊ မပျက်ရင်။ လူဖြစ်ရကျိုး နပ်ပြီ" . . . တဲ့။

ဒါပေမဲ့ . . . ဆရာရယ်။ အဲဒီလောက်ကြီး၊ စိတ်ပျက်စရာကောင်းနေတဲ့၊ ပျက်နေတဲ့ လောက,


www.burmeseclassic.com

www.burmeseclassic.com

ကြီးထဲမှာ ကိုယ့်နှလုံးသားထဲက၊ အသိဉာဏ်ဟာလည်း၊ ဘယ်လိုမှ၊ ဖြူစင်နိုင်အောင်ထားလို့၊ မရတော့ဘူး။ မဖြူစင်နိုင်တော့ဘူးလေ။

စာ ... နည်းနည်းတော့ ရှည်ပါလိမ့်မယ်။ ရင်ထဲက တင်းကျပ်မှုတွေကို၊ ရင်ဖွင့်ချင်လို့ပါ။ ဆရာ သည်းခံပြီး ဖတ်ပေးဖို့၊ မေတ္တာရပ်ခံပါရစေ။

ကျွန်တော့်ရဲ့ စိတ်က သူတစ်ပါးကို၊ အရမ်းအားနာတတ်တယ်။ ပြီးတော့ ... သိပ်ပြီးလည်း မပြောမဆိုချင်ဘူး။ ငြင်းခုံရတာ၊ ရန်ဖြစ်ရတာကိုလည်း ဝါသနာ မပါဘူး။ ကိုယ့်ဟာကိုယ် ခပ်ရှင်းရှင်း ခပ်အေးအေး နေတတ်တယ်။ စကားမရှုပ်ဘူး။ သူများ လာရှုပ်ရင်လည်း၊ မကြိုက်ဘူး။ သူများအကြောင်းလည်း စိတ်မဝင်စားဘူး။

ကျွန်တော်က ... အခု တစ်ကြိမ် "..." တက္ကသိုလ်ကို၊ ဒုတိယအကြိမ်၊ ပြန်ရောက်တာ။ ပထမ, အလုပ်ရေ,က၊ "..." တက္ကသိုလ်၊ ပြီးတော့မှ ... ကျွန်တော် "..." တက္ကသိုလ်မှာ Ph.D သင်တန်း သွားတက်ရတော့၊ ဟိုမှာPh.D ...





တက်ရတော့၊ "..."ကနေ၊ "..." ကို၊ ပြောင်းသွားတယ်။

အခုက ... "မော်လမြိုင်"က၊ ကျောင်းတက်ပြီးလို့ "..." ကို၊ ပြန်ရတယ်။ ဒါ ... ဒုတိယအကြိမ်ပေါ့။

အကျဉ်းချုပ်ပြောရရင်၊ မိန်းမချင်း မစာနာတတ်တဲ့သူတွေနဲ့ တွေ့ရကြုံရတယ်။ နေရာ တစ်နေရာစာပေဟောင်၊ (ကိုယ်ပိုင်မဟုတ်ဘဲနဲ့) မပေးချင်ကြဘူး။

နောက်ပြီး ... စည်းကမ်းမရှိကြဘူး။ အချင်းချင်း ပြိုင်ဆိုင်နေကြတယ်။ မြင်ရ, တွေ့ရ, ကြုံရတာတွေက ... ရှုံ့စရာတောင် ကောင်းပါတယ်။ စိတ်ဓာတ်တွေကို ဆိုလိုတာပါ။

အကုသိုလ်စိတ်တွေပါ ဝင်လာမိတာပေါ့ ဆရာရယ်။ လူရှေ့ သူရှေ့ကျတော့ ဂုဏ်ဖြပ်တွေနဲ့၊ နောက်ကွယ်ကျတော့ ကူညီရိုင်းပင်းချင်စိတ် မရှိကြဘူး။ အဲဒါတွေကို ကြည့်ပြီး၊ ကြည်လင် ဖြူစင်ချင်တဲ့ စိတ်တွေလည်း၊ ညစ်ကုန်ပြီ။ မပျော်တော့ဘူး။


www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခုက . . .

ဆရာ့ကို၊ မေးချင်တာပေါ့နော်။ ကျွန်တော့် အခန်းမှာ ဘုရားစင် မထားမိဘူး။ ဘာဖြစ်လို့လဲဆို တော့၊ ဘုရားဝေယျာဝစ္စလုပ်ဖို့, ဆွမ်းတော်ကပ်ဖို့ ကျွန်တော် အချိန်မရလို့ပါ။ ကျွန်တော်တောင် အပြင် မှာ ဝယ်စားရတာ များတယ်လေ။ ဘုရားစင်ထားပြီး ဘုရားကို ချောင်ထိုးထားသလိုလည်း မဖြစ်ချင်လို့ပါ။ ကိုယ့်ရင်ထဲ ဘုရားရှိရင် ပြီးတာပဲ . . . လို့ တွက်ပြီး မထားမိဘူး။

ကျွန်တော့်အထက်က ဆရာမ,တွေနဲ့ ဘုန်း ကြီးတစ်ပါးဆီမှာ မေးဒင်သွားမေးဖြစ်တော့၊ ဘုရား စင်မှာ ဘာလုပ်, ညာလုပ်ဆိုတာတွေပါတော့၊ ဘုရား စင် စ,ထားလိုက်တယ်။

ကျွန်တော် သိချင်တာက . . .

(၁) ကျွန်တော် ဘုရားကို၊ နေ့တိုင်း ရှိခိုးချင်မှ ရှိခိုးမယ်။ ရင်ထဲမှာ . . . ဘုရား, တရား, သံဃာ အမြတ်ဆုံးပဲဆိုတာ ရှိနေရင် မလုံလောက်ဘူးလား။





(၂) ဘုရားစင် မထားရင်ရော . . . ဘယ်လို အပြစ်ရှိနိုင်သလဲ။

(၃) ဘုရား နေ့တိုင်း ရှိခိုးပြီး၊ မဟုတ်က, ဟုတ်က, ပြောနေ, လုပ်နေကြတဲ့သူတွေ ကရော . . . ငရဲမကြီးဘူးလား။

(၄) ဘုရားစင်ထားပြီး ဘုရားက, သူ့ဟာသူ နေ၊ ကိုယ်က . . . ဘာမှသောက်တော် ရေမကပ်။ ပန်းမကပ်ရင်ရော ငရဲမကြီး ဘူးလား။

(၅) ဘုရားက,တော့ ဘာမှ အပြစ်မပေးဘူး ဆိုတာ၊ ကျွန်တော် သိပါတယ်။ ဒါပေမဲ့ . . . အဲဒီလိုတွေ နေမိမှာကို, လိပ်ပြာမလုံ လို့ပါ။

ဆရာ။ ကျွန်တော့် မေးခွန်းတွေကို၊ ဖြေပေး ပါဦး။ ကျွန်တော့ ခံစားချက်တွေကို၊ ဖတ်ပေးတဲ့ အတွက်လည်း ကျေးဇူးတင်ပါတယ်။

ကျွန်တော် နှံ့ထဲက . . . ကြာ ဖြစ်ချင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ... ကျွန်တော့်မှာ ရွံ့တွေ ပေကျံနေမှာ[cut] လို့ပါ။

ဆရာ့ပြန်စာကို မျှော်နေမယ်နော်။ ကျွန်တော်[cut] သိချင်တာတွေ ရှိနေသရွေ့၊ အသက်ဘယ်လော[cut] ဖြစ်ဖြစ်၊ စာရေးနေဦးမယ်။ နောက် တစ်လ,လည်[cut] ဖြစ်ချင်ဖြစ်မယ်၊ နောက် ဆယ်နှစ်လည်း ဖြစ်ချင်ဖြ[cut] မယ်။ ဘယ်တော့ဖြစ်ဖြစ်နော်။

ဆရာ ကိုယ်ရော စိတ်ရော

နေကောင်းပါစေ

ဒေါ်စမ်းစမ်းစိုး

သရုပ်ပြ

သတ္တဗေဒ ဌာန

"..." တက္ကသိုလ်[cut]

"ဒီစာကိုတော့၊ မင်း ... စာမပြန်ဖြစ်တော့ဘူးပေါ့" ...[cut] မေးပြောပြောရင်း၊ ထွန်းဦးဟာ၊ စာခေါက်များကို၊ စာအိတ်ထဲ[cut] ထည့်၏။ ကျွန်တော်က ...

"ငါ့ ဖုန်းနံပါတ် ရေးပေးလိုက်တယ်။ ပြ[cut]





ပြရမှာ ကျယ်ပြန့်လွန်းလို့၊ စာပြန်ရမှာလည်း များလွန်းလို့၊ စကားနဲ့ပဲ ပြောပြမယ် ... လို့ ရေးလိုက်တယ်။

အဲဒီစာကိုတောင်၊ မြနှင်းဆီ ... စာတိုက်ကို ပို့ပေးခဲ့တာ"

ထွန်းဦးက ...

"သူ ... ဖုန်းဆက်တော့"

"သူ ... ဖုန်းဆက်တဲ့အချိန်မှာ မြနှင်းဆီ မရှိတော့ဘူး။ ဒါပေမဲ့ အခုအချိန်အထိ၊ သူ အသေးစိတ်၊ မသိသေးဘူး"

ထွန်းဦးက၊ လေးနက်စူးစိုက်စွာဖြင့် ...,

"ဖုန်းမဆက်ဖို့ တားမိတာက,ရော"

"ငါ ...၊ ဆက်ပြောပြမယ်လေကွာ၊ စာတွေကို သိမ်းလိုက်တော့မယ်"

ပြောပြီး၊ စာအိတ်များကို ကျွန်တော် စီရီလိုက်၏။ စာအိတ်တစ်အိတ်အတွင်းမှ၊ စမ်းစမ်းစိုး၏ဓာတ်ပုံတစ်ပုံကို၊ ထုတ်ယူလိုက်မိသည်။ ပြီးနောက် ... ကွန်ပျူတာကို၊ ဖွင့်လိုက်၏။

❋ ◆ ❋



www.burmeseclassic.com

www.burmeseclassic.com

‘‘ခေတ် ပျက်တိုင်း၊ လူ •••
လိုက်ပျက်ရမယ်ဆိုရင်၊
လောက,မှာ•••၊ လူကောင်းတောင်
ရှိတော့မှာ မဟုတ်ဘူး’’

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

[၅]

“ကျွန်မ့ကို၊ သွားပုပ်လေလွင့် ပြောတဲ့၊ ရှင့်သူငယ်ချင်း အောင်နိုင်နဲ့၊ ရှင် . . . , မခေါ်မပြောဘဲ နေလို့မရဘူးလား ဦးကိုကိုအောင်”

“လူတွေကို မမုန်းပါနဲ့ မြနှင်းဆီ။ ငါ . . . ပြောချင်တာ၊ အဲဒါပါပဲ”

“ဪ . . .။ ကျွန်မ့က . . . ရှင့်ကို၊ ဥစ္စာပစ္စည်း မက်မောပြီး၊ လက်ထပ်ထားတာပါ . . . လို့၊ အတင်းပြောတဲ့သူကို၊ ကျွန်မက . . . မမုန်းရဘူးပေါ့။ ဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



"အောင်နိုင့်ကိုတွင်၊ မဟုတ်ဘူး။ ဘယ်သူ့ကိုမှ၊ မမုန်းသင့်ဘူး မြနှင်းဆီရဲ့။ အထူးသဖြင့်၊ ငါတို့နှစ်ယောက် လက်ထပ်ပြီးခါစ,က၊ ငါတို့နှစ်ယောက်ကို၊ အောင်နိုင် ထမင်းကျွေးဖူးတယ်လေ။

တစ်လုပ်စားဖူး၊ သူ့ကျေးဇူးတဲ့။ ထမင်းတစ်လုပ်, ရေတစ်မှုတ် ထောက်ပံ့ဖူးတဲ့သူကို၊ မမုန်းကောင်းဘူး"

"သူ ... ကျွေးဖူးတာ၊ တစ်ခါတည်းပါ။ ကျွန်မ,တို့ဆီက၊ သူ ... အကူအညီတောင်းဖူးတာ၊ ခဏခဏ"

"လူဆိုတာ၊ ကိုယ့်ကျေးဇူးထက်၊ သူ့ကျေးဇူးကို၊ မမေ့ကောင်းဘူး မြနှင်းဆီ"

"သူလည်း ... လူလိုသိသင့်တာပေါ့။ သူ့ကိုကူညီဖူးတဲ့ သူကို၊ သွားပုပ်လေလွင့် မပြောသင့်ဘူး"

"ကဲပါ ... မြနှင်းဆီရယ်။ ခွင့်လွှတ်လိုက်ပါ"

"ရှင်နဲ့ကျွန်မ, လင်မယားမှ၊ ဟုတ်ရဲ့လား။ ရှင် ... လိုလားသူ မှန်သမျှ၊ ကျွန်မ, လိုလားတယ်လေ။





ကျွန်မ, ချစ်တဲ့သူကို၊ ရှင် ... ချစ်ပြီး၊ ကျွန်မ, မုန်းတဲ့သူကို၊ ရှင် ... မမုန်းနိုင်ဘူးလား"

"ဘယ်သူ့ကိုမှ မမုန်းသင့်ဘူး ... လို့၊ ငါ ... ပြောပြီးပြီပဲ။ အထူးသဖြင့်၊ တစ်လုပ်တစ်ဆုပ် ကျွေးမွေးဖူးတဲ့သူရဲ့၊ ကျေးဇူးကို၊ မမေ့ကောင်းဘူး။

ကျေးဇူးကို၊ မေ့တာ၊ မမြင်တာ၊ ကန်းတာပဲ။ ကျေးဇူးကန်းတယ်ဆိုတာ၊ ကျေးဇူးကို မမြင်တတ်တာကို၊ ခေါ်တာ"

"ရှင်က ... လူတွေကို၊ ချစ်နေတာလား"

"မဟုတ်ဘူး ... မြနှင်းဆီ၊ ခွင့်လွှတ်နေတာ၊ ခွင့်လွှတ်တယ် ... ဆိုတာ၊ ဉာဏ်ကောင်းမှ၊ လုပ်လို့ရတာ။ နင့်ကို၊ ဉာဏ်ကောင်းစေချင်တယ် ... မြနှင်းဆီ"

"ဟုတ်ပါတယ်။ ကျွန်မ,က၊ ဉာဏ်တုံးပါတယ်။ ရှင့်လောက်၊ ဉာဏ်မကောင်းဘူး။

ကိုယ့်ကို စော်ကားတဲ့သူကို၊ ခွင့်လွှတ်နိုင်လောက်အောင်တော့၊ ကျွန်မ ... ဉာဏ်မကောင်းနိုင်ဘူး" ▬



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်ယောက်ကို မုန်းနေတဲ့စိတ်က၊ ကိုယ့်ကိုယ်ကိုယ် မီးရှို့နေတာနဲ့ အတူတူပဲ မြနှင်းဆီ။

အဲဒီ . . . မုန်းတဲ့စိတ်ကို၊ ဖယ်ထုတ်လိုက်ပါ။ ဖယ်ဖို့ခက်နေရင်၊ အဲဒီစိတ် . . . ငါ့ကို လှူပါ"

"လှူတော့ မလှူဘူး။ ရှင့်ကိုပါ၊ ရော မုန်း ပစ်လိုက်မယ်"

◆

"အစ်ကိုကလည်း၊ ကျွန်မ . . . ဆီက၊ ပိုက်ဆံ ချေးပြီး၊ ပြန်မဆပ်ဘူး။ ညီမက,လည်း၊ ကျွန်မ . . . ကို၊ မနာလိုဘူး။ အဖေ,ကလည်း၊ အရက်ဖိုး လာလာတောင်းတယ်။ အမေက,လည်း၊ အဖေနဲ့ ကွဲပြီးကတည်းက၊ ကျွန်မ,ကို၊ လှည့်မကြည့်ဘူး။

ဒီကြားထဲ၊ နီးစပ်ရာ လူတိုင်းကလည်း၊ ကျွန်မ . . . ဘာလုပ်လုပ်၊ လိုက်, လိုက်ပြိုင်နေကြ တယ်။ ရှင်က,လည်း ကျွန်မ ဘာပြောပြော ကျွန်မ,





ဘက်က၊ မရပ်ဘူး။ အပြစ်ပဲ တင်တယ်။ အဲဒါ . . . ဘာဖြစ်တာလဲ။ ကျွန်မ,ကပဲ၊ ယုတ်မာနေလို့ လား"

"မြနှင်းဆီ။ ငါ့ဘေးနားမှာ နေပြီး၊ ငါ့လို စိတ်မျိုး၊ ဘာလို့ မထားနိုင်ရတာလဲ"

"ကျွန်မက . . . ဘာစိတ်ထားရမှာလဲ"

"နှင် . . . အပါအဝင်၊ လူတိုင်း . . . လူတိုင်း၊ ဘယ်လို အနိဋ္ဌာရုံနဲ့ ကြုံကြုံ၊ အဲဒါ . . . အ,ကုသိုလ် ကြောင့်ဖြစ်တာ"

"ဘာ၊ ကျွန်မက . . . အ,ကုသိုလ်မ,ကြီးပေါ့။ ဟုတ်လား"

"နှင် . . . ဉာဏ်ကောင်းကောင်းနဲ့ နားထောင် ပါ မြနှင်းဆီ။

နှင် . . . အခု ပစ္စုပ္ပန်မှာ၊ ဘယ်လောက် ကောင်းကောင်း၊ အဲဒီ ကောင်းတဲ့ အရှိန်အဟုန် နည်းနေသေးရင်၊ အတိတ်ကာလ,တွေတုန်းက၊ ပြုမူ ဖူးခဲ့တဲ့၊ အ,ကုသိုလ်ကံက၊ အကျိုးပေးနေတတ်သေး တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူတွေ . . . နှင့်အပေါ်၊ ဘယ်လိုပဲ ဖိစီး ဖိစီး။ အဲဒါ . . . သူတို့ အပြစ်လို့၊ မယူဆ,ရဘူး။ ကိုယ့် အ,ကုသိုလ်၊ ကိုယ့်အပြစ် . . . လို့ နှလုံးသွင်းပြီး ကုသိုလ်ကောင်းမှုကို၊ များများလုပ်နေရမှာ''

''ဒါဆို၊ ကျွန်မက . . . အ,ကုသိုလ်ကြီးနေတယ်ပေါ့။ ဟုတ်လား''

''ဟုတ်တယ်''

''ဟင်းဟင်း။ ရှင်က . . . တခြားသူတွေနဲ့ ပြောဆိုဆက်ဆံရင်၊ ဖေးဖေးမမ၊ နွေးနွေးထွေးထွေး။ ဆွေးဆွေးနွေးနွေး။

ကျွန်မ,နဲ့ စကားပြောရင်၊ ပစ်ပစ်ခါခါ။ မနွေး မထွေး''

''အဲဒီလို၊ ထင်မြင်နေတာကိုက၊ နှင့် အ,ကုသိုလ်ပဲ မြနှင်းဆီ။

ငါ . . . သူတစ်ပါးကို၊ အမှတ် ရှစ်ဆယ် ပေးချင်ပေးမယ်။ နှင့်ကို၊ အောင်မှတ် လေးဆယ် မနည်းပေးရမှာ။

ဒါပေမဲ့ . . . ငါ ပေးတဲ့၊ အောင်မှတ်လေး





ဆယ်က၊ နှင် . . . ကမ္ဘာပတ်လို့ရတယ်''

''ဩော် . . .။ အမှတ်ပေးတာတောင်၊ လေးဆယ် . . . တဲ့။ ဟား ဟား။ ရှင်ကိုယ်တိုင်က၊ ကျွန်မ . . . ကို၊ နှိမ်နေတာကိုး''

''မြနှင်းဆီ။ နှင် . . . ဖနီးကောင်းစီးသ,ပါတယ်။ ငါ့အတွက် တကယ့်ဖနီးကောင်းပါ။ ဒါပေမဲ့ . . . မြင့်မြတ်တဲ့ မိန်းမသားဖြစ်ဖို့တော့၊ အများကြီးလိုသေးတယ်''

''ရှင့်နားမှာ နေလို့က,တော့၊ အနှိမ်ခံနေရတာနဲ့၊ ကျွန်မ . . . ဘယ်တော့မှ၊ မြင့်မြတ်မှာ၊ မဟုတ်ပါဘူး''

''မြင့်မြတ်ဖို့ဆိုတာ၊ စိတ်ကို ထိန်းသိမ်းရင်းနဲ့ လေ့ကျင့်ရတာပါ။ ငါ့စေတနာကို၊ နှင် . . . မြင်တတ်ရင်၊ နှင် . . . ငါ,ပြောတာကို၊ လိုက်လုပ်လိုက်ရုံပါပဲ''

''ရှင်က . . . ရော၊ ဘယ်လောက် မြင့်မြတ်နေလို့လဲ''

''ငါလည်း၊ သာမန်လူပါ မြနှင်းဆီ။ မသိခင်တုန်းက၊ ကြီးစိုးခဲ့တဲ့ . . . လောဘ, ဒေါသ, မောဟ



www.burmeseclassic.com

www.burmeseclassic.com



တွေကို၊ ပါးလှပ်အောင်၊ နေထိုင်နေရတာပါ''

''ဒါပေါ့။ ကြောင် . . . လက်သည်းမထုတ်သေးတာ၊ ကြွက် မတွေ့သေးလို့နေမှာပေါ့''

''နှင် . . . ငါ့ကို စော်ကားရဲနေပြီလား . . . မြနှင်းဆီ''

''ထင်ချင်သလို ထင်လေ။ ရှင်က . . . ရဟန္တာမှ မဟုတ်တာ။ စောင့်စည်းတယ်ဆိုတာ၊ ကျူးလွန်စရာ မရှိသေးလို့ ငြိမ်နေတာမျိုးလည်း ဖြစ်နိုင်တာပဲ။

ကြောင်ကလေး လက်သည်း မထုတ်သေးတာ၊ ကြွက်မတွေ့သေးလို့ပါ''

ကျွန်တော် ဒေါသ ဖြစ်မိခဲ့လေသည်။ သောက အဖြစ်ပါခံစားလိုက်ရ၏။

''နှင် . . . ငါ့ကို စော်ကားနေပြီ မြနှင်းဆီ၊ ဒီ . . . အသိဉာဏ်နဲ့ဆိုရင် ငါ့ဘေးနားမှာ၊ နှင် . . . နေလို့၊ မဖြစ်ဘူး''

''ဟုတ်တယ် . . . နေလို့ မဖြစ်ဘူး။ နေလို့မရတော့ဘူး။ စိတ်ချ။





ကျွန်မ ကလည်း ဒီ . . . လောင်းရိပ်အောက်မှာ၊ ဘာအပွင့်မှ ပွင့်မှာ မဟုတ်ဘူး''

❋ ◆ ❋



www.burmeseclassic.com

www.burmeseclassic.com

[၉]

"...''။ "...''

"ဟဲလို''

"ဟဲလို။ ဆရာလား။

ဆရာ ကိုကိုအောင်လား''

"ဟုတ်ကဲ့''

"ဆရာ။ ကျွန်တော် စမ်းစမ်းစိုး''

"ဪ ...။ ဖုန်းနံပါတ်ပေးထားတာ ကြာပြီလေ။ ဘာဖြစ်လို့၊ အခုမှ ဆက်တာလဲ''

"အလုပ်တွေ အရမ်းများသွားလို့ပါ ဆရာ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အလုပ်အားမှ ဖုန်းဆက်မယ် ...လို့ စာရေးသေးတယ်လေ ... ဆရာ။

အဲဒီစာ ... ရောက်တယ် မဟုတ်လား"

"ဟုတ်ကဲ့။ ရောက်ပါတယ်"

"အဲဒီ့ စာထဲမှာ ကျွန်တော့် ဓာတ်ပုံ ထည့်ပေးလိုက်တယ်"

"အင်း၊ တွေ့တယ်"

"ကျွန်တော်က ...၊ ဆရာ့ ကျူရှင်စာအုပ်တွေထဲက၊ အတ္ထုပ္ပတ္တိပါတဲ့ စာအုပ်ထဲမှာ ... ဆရာ့ပုံတွေ မြင်ဖူးတယ်လေ။ ကျွန်တော့်ကိုလည်း ဆရာ မြင်ဖူးစေချင်လို့"

"အင်း။ မြင်ဖူးပါပြီ။ ရုပ်ရည်တည်ကြည်ပါတယ်။ ဘုရား၊ တရားတော့၊ များများလုပ်ပေါ့"

"ဟုတ်ကဲ့ ဆရာ။ ကျွန်တော် ...အခု အရမ်း ဝမ်းသာနေတယ်။ ဘာပြောရမှန်းလည်း မသိဘူး။

ဆရာ။ ကျွန်တော် လက်ထောက်ကထိက ဖြစ်နေပြီ။ "..." တက္ကသိုလ်မှာ။ Ph.D အတွက်





Thesis လည်း လုပ်နေပြီ"

"အင်း ... တော်တယ် တော်တယ်"

"ဆရာ။ ဆရာ အားရဲ့လား"

"အခု ... အားပါတယ်။ ဒါပေမဲ့ ... မစမ်းစမ်းစိုး ပိုအားဖို့ လိုတယ်။

မစမ်းစမ်းစိုး မေးထားတဲ့ ကိစ္စတွေက၊ အချိန်ယူပြီး ပြောပြရမှာလေ။

စာရေးပြီးပြောရင်း အများကြီးရေးရမှာ။ အဲဒါကြောင့် ... ဖုန်းနံပါတ် ပေးလိုက်တာ"

"ဟုတ် ... ဆရာ။ ကျွန်တော် အားပါတယ်။ ကျွန်တော် ... အခု အဆောင်က, ဆက်တာပါ။ သူငယ်ချင်း ဖုန်းနဲ့ ဆက်တာပါ"

"မော်လမြိုင်က ဆက်တာ မဟုတ်ဘူးပေါ့"

"မဟုတ်ဘူး ဆရာ။ မော်လမြိုင်ကို၊ သောကြာနေ့ ညနေမှ၊ ပြန်တာ။

တနင်္လာ မနက်၊ အလုပ်ဝင်ဖို့ မော်လမြိုင်က, နေ့ စောစော ထွက်လာရတာပေါ့"

"သြော် ...။ ကျောင်းပိတ်ရက် အိမ်ပြန်



www.burmeseclassic.com

www.burmeseclassic.com

တာပေါ့''

''ဟုတ်ကဲ့ ... ဆရာ''

''မစမ်းစမ်းစိုး၊ စာရေးပြီး မေးထားတဲ့၊ မေးခွန်းတွေကို၊ မစမ်းစမ်းစိုး၊ မှတ်မိတယ်နော်''

''ဟာ ... မှတ်မိတာပေါ့ ဆရာ''

''အင်း ...။ ဒါဆို ... တစ်ခုချင်း ပြန်မေး။ ကျွန်တော် ဖြေမယ်။

မဖြေခင်မှာ မစမ်းစမ်းစိုး၊ နှလုံးသွင်းထားရမှာက၊ ကျွန်တော်ဟာ ဗုဒ္ဓ နည်းစနစ်ကို၊ ဉာဏ်မီသလောက် ... အသုံးပြုနေတဲ့၊ သာမန် လူတစ်ယောက်ဆိုတာပဲ''

''ဆရာ ...။ အဲဒါ ... ဘာအဓိပ္ပာယ်လဲဟင်''

''အထင်ကြီးလွန်းနေမှာစိုးလို့ပြောတာ''

''ဆရာက, ကျွန်တော့် ကျေးဇူးရှင်လေ။ ကျေးဇူးရှင်ကို လေးစားတာ, အထင်ကြီးတာ၊ မလုပ်ရဘူးလား''

''ရှိတာထက် ပိုပြီး အထင်ကြီးရင်၊ အထင်





ကြီးခံရတဲ့သူက၊ ဟန်ဆောင်နေသလို ဖြစ်တတ်တယ်။

စေတနာရှိလို့ ငွေတစ်ထောင်လောက် ပေးကမ်းဖူးတာကို၊ ငွေ ... ထောင်ပေါင်းများစွာ ရှိနေတယ် ... လို့၊ အထင်ခံရမှာစိုးလို့ပါ''

''နည်းနည်းပဲ နားလည်တယ် ဆရာ''

''သေသေချာချာ နားလည်အောင် ထပ်ပြောမယ်လေ။

ကိုကိုအောင်ဆိုတဲ့ ကျွန်တော်က, အချိန်ပိုင်းကျူရှင်ဆရာ။ လူငယ်ကျောင်းသား, ကျောင်းသူတွေအတွက်၊ ဘာသာရပ်ဆိုင်ရာ ဆောင်းပါးတွေနဲ့တခြား ... ဘဝအတွက်၊ သိအပ်စရာတွေ ပါဝင်တဲ့၊ ဆောင်းပါးတွေ ရေးရေးနေတဲ့၊ သာမန်လူ။

နောက်ပြီး ... တက္ကသိုလ်ဝင်တန်းတွေအတွက်၊ စာစီစာကုံး စာအုပ်တွေ၊ တစ်ခါတစ်ရံ ရေးတယ်။ ဒါပဲ။

ငါးပါး သီလ,ကို၊ အသက်ကဲ့သို့ စောင့်ရှောက်တယ်။ ဆောက်တည်တယ်။ လောဘ,



www.burmeseclassic.com

www.burmeseclassic.com

ဒေါသ, မောဟ သုံးခုစလုံး စိတ်ထဲမှာ ရှိတတ်တယ်။ မကြီးထွားအောင် ထိန်းသိမ်းတယ်။

ဘုရား, တရား, သံဃာ ... ရတနာ (သုံး) ပါးကို၊ ဘာနဲ့မှ မလဲဘဲ၊ ဦးထိပ်ပန်ဆင်တယ်။ မိဘ, ဆရာကို၊ ပခုံး (နှစ်) ဘက်မှာ တင်ထားတယ်။

လူတိုင်း ... သတ္တဝါတိုင်းအပေါ်၊ အတတ်နိုင်ဆုံး။ သည်းခံခွင့်လွှတ်တယ်။ လက်ရှိပစ္စုပ္ပန်ဘဝ ... ငြိမ်းမှ၊ နောင်သံသရာ ငြိမ်းမယ် ... လို့ ယုံကြည်သက်ဝင်တယ်။

နေ့စဉ်နဲ့အမျှ ရင်ဆိုင်ရတဲ့ဘဝ ... အနိဋ္ဌာရုံတွေကြောင့်၊ ညစ်ညမ်းသွားတတ်တဲ့ စိတ်နှလုံးကို အချိန်ရတိုင်း၊ အချိန်အားတိုင်း၊ မညစ်နွမ်းအောင် လေ့ကျင့်တယ်။

အဲဒီ ... အခြေအနေထက်၊ ပိုတဲ့ ... ဘာအရည်အချင်းမှ၊ ကျွန်တော့်မှာ ... မရှိဘူး။

ချစ်စရာရှိတာကို၊ တည်တည်ကြည်ကြည် သစ္စာရှိရှိ ချစ်ပြီး၊ မုန်းစရာရှိတာကို၊ မေ့ပစ်နိုင်အောင် ကြိုးပမ်းနိုင်တဲ့၊ သာမန်လူပဲ။





အဲဒါထက်ပိုပြီး ... မြင့်မြတ်နေတယ်၊ ဖြူစင်နေတယ်၊ ရင့်သန်နေတယ် ... လို့၊ မစမ်းစမ်းစိုး ထင်နေရင်၊ ကျွန်တော် ဟန်ဆောင်သမားကြီးဖြစ်သွားမှာစိုးလို့၊ သတိပေးတာ။ အသိပေးတာ''

''ဩော် ...၊ ရှင်းပါပြီ ဆရာ''

''ဒီလောက်ပဲ သိတဲ့, ရှိတဲ့ လူဆီက၊ မစမ်းစမ်းစိုး၊ သိချင်တာ ရှိနေမယ် ... လို့၊ ယုံကြည်မှ၊ မေးစရာ ရှိတာ မေးပါ''

''ရှိတယ်လို့ ... ကျွန်တော် ယုံတယ်ဆရာ။ မရှိရင်တောင်၊ ရှိတာ အကုန်ပေးချင်တဲ့၊ စေတနာ, မေတ္တာ၊ ဆရာ့မှာ ရှိတယ်ဆိုတာ၊ ဟိုး ... ငယ်ငယ်ကတည်းက,နေ၊ ဒီနေ့အထိ ကျွန်တော် ယုံတယ် ဆရာ''

''ဒါဆို မေးတော့''

''ကျွန်တော် ဘုရားကို၊ နေ့တိုင်း ရှိခိုးချင်မှ ရှိခိုးမယ်။ ရင်ထဲမှာ ..., ဘုရား, တရား, သံဃာ အမြတ်ဆုံးပဲဆိုတာ ရှိနေရင်၊ မလုံလောက်ဘူးလား''

''ဖြေမယ်။ သေသေချာချာ နားထောင်နော်''


www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့"

"မစမ်းစမ်းစိုး နေ့တိုင်း ထမင်းစားသလား"

"စားတာပေါ့"

"နေ့တိုင်း ထမင်းစားတဲ့ လူတိုင်း၊ နေ့တိုင်း ဘုရား ရှိခိုးကြတယ်"

"ဩော် ...။ ဟုတ်ကဲ့ ဆရာ"

"ကျွန်တော့် ရင်ထဲမှာ၊ မစမ်းစမ်းစိုးကို၊ ကော်ဖီ တစ်ခွက်လောက်၊ တိုက်ချင်တယ်။

အဲဒီလို၊ စိတ်ထဲ, ရင်ထဲက ကော်ဖီတိုက်ချင်ရုံနဲ့၊ မစမ်းစမ်းစိုး ပါးစပ်ထဲကို၊ ကော်ဖီတွေ ရောက်လာပါ့မလား"

"မရောက်ဘူး ဆရာ။ လက်တွေ့ ကာယကံ မြောက်၊ လာတိုက်မှ၊ ကျွန်တော့် ပါးစပ်ထဲကို၊ ရောက်မှာပါ"

"ဒါဆို၊ ဘုရား, တရား, သံဃာ ... ရတနာ သုံးပါးရဲ့၊ မြင့်မြတ်တဲ့ တန်ဖိုးကို၊ ရင်ထဲမှာ သိထားရုံနဲ့၊ လုံလောက်ပါ့မလား။

ဘုရား, တရား, သံဃာရဲ့၊ အဆုံးအမ, အတိုင်း၊ နေထိုင်ဖို့၊ ကျင့်ကြံဖို့၊ ကျေးဇူးကိုသိပြီး၊ ရှိခိုးဖို့၊ မလိုဘူးလား"

"ကျွန်တော် သဘောပေါက်ပြီ ဆရာ"

"လွယ်လွယ်နဲ့ သဘောပေါက်တာ၊ တော်တယ်။ နောက်တစ်ခု ထပ်မေး"

"နောက်တစ်ခုက၊ ဘုရားစင် မထားရင်ရော၊ ဘယ်လို အပြစ်ရှိသလဲ"

"အပြစ်ရှိတယ် ... လို့၊ မဖြေဘူး။ သင့်, မသင့်၊ ကိုယ့်ဘာသာ စဉ်းစားဖို့ပဲ ပြောပြမယ်။

မပြောခင်၊ တစ်ခု အသိပေးဦးမယ်။ စင် ... ဆိုတာ၊ တခြား ပစ္စည်းတွေတင်တဲ့အရာကို၊ ခေါ်ဝေါ်တဲ့၊ ဝေါဟာရ။

ဘုရားဆိုတာ ... တခြားပစ္စည်းတွေနဲ့ မနှိုင်းအပ်ဘူး။ အဲဒါကြောင့် ..., ဘုရားစင် ... လို့၊ မခေါ်ဝေါ်ဘဲ၊ ဘုရား သတင်းသုံးတဲ့၊ ကျောင်းဆောင် ဘုရားကျောင်းဆောင်လို့၊ ခေါ်ဝေါ်စေချင်တယ်"

"ဟုတ်ကဲ့။ မှတ်ထားပါ့မယ် ဆရာ"

"ဘုရားရဲ့ ... ဂုဏ်ကျေးဇူးကို၊ သိသည်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

စေ၊ မသိသည်ဖြစ်စေ။

မိဘ ဘိုးဘွား၊ မိရိုးဖလာ ... တစ်လျှောက်လုံး၊ ဦးညွှတ် မြတ်နိုး၊ ရှိခိုးကြတဲ့ ဘုရားရဲ့ကိုယ်စား ဆင်းတုတော်ကို၊ မြင့်မြတ်တဲ့ နေရာမှ၊ ရည်စူးပြီး ဘုရား ကျောင်းဆောင်၊ ထားသင့်, မထားသင့်။ ကိုယ့်ဘာသာပဲ၊ စဉ်းစား။

ဘဝ ... ဒုက္ခ၊ အလုံးစုံကနေ လူရော, နတ်ရော, ဗြဟ္မာရော၊ အားလုံးသော သတ္တဝါတွေကိုရော ...၊ လွတ်မြောက်အောင်၊ သွန်သင်ဆုံးမ,ခဲ့တဲ့၊ ဘုရားကို၊ ရည်စူးတဲ့၊ နေရာတစ်နေရာ မပေးဘဲ။

စာအုပ်တင်ဖို့နေရာ၊ အဝတ်ထားဖို့နေရာ၊ အိုးခွက်ပန်းကန်ထားဖို့နေရာ၊ ပရိဘောဂ,ထားဖို့ နေရာတွေတော့ ရှိနေတာ။ သတ်မှတ်ထားတာ၊ သင့်,မသင့်၊ ကိုယ့်ဘာသာ ... တွေး။ ကိုယ့်ဘာသာ စဉ်းစား။ ကိုယ့်ဘာသာ ဆုံးဖြတ်''

''ဟုတ်ကဲ့။ ကျေးဇူးပါ ဆရာ။ နောက်တစ်ခု မေးထားသေးတယ်။

ဘုရား နေ့တိုင်း ရှိခိုးပြီး၊ မဟုတ်က, ဟုတ်က၊ ပြောနေ, လုပ်နေကြတဲ့သူတွေရော၊ ငရဲမကြီးဘူးလား။ အဲဒါလည်း သိချင်တယ် ဆရာ''

''ကိုယ်,ကိုယ်တိုင် စာမေးပွဲ ဖြေရမယ့် ကျောင်းသားတစ်ယောက်က၊ သူတစ်ပါး စာအော် ကျက်နေတာ၊ သူ့ဦးနှောက်ထဲကို၊ စာတွေ၊ ရောက်, မရောက်၊ သူ ... စာမေးပွဲ ကျနိုင်, မကျနိုင်၊ သိဖို့ လိုသလား။

ကိုယ့်စာ ... ကိုယ် ကျက်ရမှာလား''

''ကိုယ့်စာ၊ ကိုယ် လုပ်ရမှာပါ ဆရာ''

''လူတိုင်း ဘုရား ရှိခိုးတတ်တယ်။ ဒါပေမဲ့ ..., လူတိုင်း ဘုရား ကျေးဇူးကို၊ သိဖို့ မလွယ်ဘူး။

အဲဒီတော့ ...၊ သူ တစ်ပါး ဘုရားရှိခိုးပြီး၊ မဟုတ်မဟတ် လုပ်နေတာကို၊ ဝေဖန်နေမလား။ ကိုယ်,ကိုယ်တိုင်၊ ဘုရားကျေးဇူးကို၊ သိဖို့၊ ဉာဏ်မီသလောက်၊ လုပ်ဖို့ လိုမလား။ ဘယ်ဟာ ... အဓိက,လဲ။ မစမ်းစမ်းစိုး ... ဖြေ''

''ကိုယ် လုပ်ဖို့ပဲ၊ အဓိက,ပါ ဆရာ''

''ဒါဆို၊ ပြီးပြီပေါ့။ ထပ်ရှင်းမပြတော့ဘူး''






www.burmeseclassic.com

www.burmeseclassic.com



"ပန်းမကပ်ရင်ရော ... ငရဲမကြီးဘူးလား ဆရာ။ ဘုရား ... ပန်းမကပ်ရင်"

"ငရဲကြီး,မကြီး။ မပြောဘူး။ မစမ်းစမ်းစို။ နေ့တိုင်း ရေချိုးသလား"

"ဟုတ်။ ချိုးပါတယ်"

"ကျောင်းသွားရင်၊ ပြင်ပြင်ဆင်ဆင် သွားသလား။ အိမ်နေရင်း အဝတ်အစားနဲ့၊ ဘာမှ မလိမ်းမခြယ်ဘဲ၊ သွားသလား"

"ပြင်ဆင် လိမ်းခြယ်ပါတယ် ဆရာ"

"ကိုယ့်ကိုယ်ကိုယ်တောင်၊ ပြင်ဆင်လိမ်းခြယ်လေ့ရှိရင်၊ ကိုယ့်ထက် မြင့်မြတ်တဲ့ ဘုရားကို၊ ရည်ရွယ်ပြီး၊ ပန်း, ရေချမ်း, ဆီမီး ကပ်သင့်, မကပ်သင့်။ ကိုယ့်ဘာသာ ဆုံးဖြတ်။

ကမ္ဘာလောက,ကို၊ ပန်းရနံ့ကဲ့သို့၊ တရားတွေသင်းပျံ့ကြိုင်လှိုင်ပါစေ၊ ကမ္ဘာပေါ်က အပူမီးတွေ၊ ရေကဲ့သို့သော၊ တရား ... ဆောင်ခြင်းများကြောင့် ... ငြိမ်းအေးပါစေ။ ကမ္ဘာလောက, တစ်ခွင်လုံး၊ ဆီမီးအလင်းကဲ့သို့၊ ဘဝ, သံသရာ ငြိမ်းကြောင်း





... ဆိုတဲ့၊ ဉာဏ်အလင်းတွေ၊ ထွန်းပ,ပါစေ ... ဆိုတဲ့, ရည်ရွယ်စိတ်လေးနဲ့၊ ဘုရားရှင်ကို ရည်မှန်းပြီး၊ ဆက်ကပ်လှူဒါန်းသင့်တယ် ... လို့တော့၊ အကြံပေးပါတယ်"

"ကျွန်တော်၊ ခံယူပါတယ် ဆရာ။ ကျေးဇူးလည်း၊ အရမ်း တင်ပါတယ်နော်"

"ခံယူတာကို၊ သာဓုခေါ်ပါတယ်။ ကျေးဇူးတင်ချင်ရင်တော့၊ ဘုရားကိုပဲ ကျေးဇူးတင်ပါ။

ကျွန်တော်က, ကိုယ်ပိုင်အသိမဟုတ်ပါဘူး။ ဘုရား, တရား, သံဃာ, မိဘ, ဆရာ ... အားလုံးရဲ့၊ ကျေးဇူးကြောင့်၊ နည်းနည်းပဲ သိထားတာပါ။

အဲဒီ ... အသိကို၊ လက်ဆောင်ပေးတာပါ။ အသိဉာဏ်ပညာ အားလုံးရဲ့၊ မူလ,ပိုင်ရှင်ဟာ၊ ဘုရားပါပဲ၊ အဲဒါကြောင့် ... ဘုရားကို ကျေးဇူးတင်ပေးပါ"

"ဟုတ်ကဲ့ပါ ဆရာ။ ဘုရားကိုလည်း ကျေးဇူး အနန္တပါ။ ဆရာ့ကိုလည်း ကျေးဇူးကမ္ဘာပါ ဆရာ။

ဩော် ...၊ ဒါနဲ့၊ ဆရာ့ ဇနီးရော။ ကျွန်တော်နဲ့ မိတ်ဆက်ပေးနော်"



www.burmeseclassic.com

www.burmeseclassic.com

ရုတ်တရက်၊ ကျွန်တော် စကားမတုံ့ပြန်နိုင်ဖြစ်။

"ဩော် ...။ အင်း ...။ သူ ... ခရီး သွားတယ်။ နောက်တော့ ... မိတ်ဆက်ပေးမယ် လေ"

"ဟုတ်ကဲ့ ... ဆရာ။ စကားတွေ အများကြီး ဆက်ပြောချင်သေးတယ် ဆရာ။

နောက်နေ့လည်း၊ ဖုန်းဆက်ခွင့် ပြုပါနော်"

"ရပါတယ်။ အားတဲ့အချိန်ပေါ့"

"ဟို ... ကျွန်တော်၊ ဓာတ်ပုံပို့တာက,လေ။ ဆယ်တန်းကျောင်းသူ ဘဝက,နေ၊ အခု ... လက်ထောက်ကထိက,ဖြစ်တဲ့အထိ။ ဆရာပေးတဲ့ အသိဉာဏ်တွေနဲ့ ဖြတ်သန်းခဲ့ရတဲ့သူကို၊ ဆရာ မြင်ဖူးစေချင်လို့၊ ပို့ပေးတာပါနော်"

"အင်း။ ကျွန်တော် နားလည်ပါတယ်"

"ဆရာ့ပုံတွေတော့၊ ကျွန်တော့် ကွန်ပျူတာထဲမှာ၊ ကျွန်တော် ထည့်ထားတယ်"

"အင်း။ ကောင်းတယ်။ ဘုရားရှိခိုးတဲ့အခါ၊ မေတ္တာပို့ပေါ့။





လောက, တစ်ခွင်လုံးကိုလည်း၊ မေတ္တာပို့။ အမျှဝေ"

"ဟုတ်ကဲ့ ... ဆရာ။

ဩော် ... ဆရာ။ ဆရာ ... အားရဲ့လား။ ထမင်းစားပြီးပြီလား"

"မစားသေးဘူး"

"ဟာ။ မိုးချုပ်တော့မယ်လေ"

"အင်း ...။ ကျွန်တော်က ..., ဘုရားခန်းဝင်ပြီးမှ၊ ထမင်းစားတာ။

ထမင်းစားပြီး ဘုရားခန်းဝင်ရင်၊ ဝမ်းတောင့်လွန်းတဲ့အခါ၊ အဆင်မပြေဘူး"

"ဒါဆို ... ဘုရားခန်းဝင်ရဦးမှာပေါ့"

"ဟုတ်တယ်"

"အာ ...။ ဆောရီး ဆရာ။ ဒါဆို ... ကျွန်တော် နှုတ်ဆက်ပြီးနော် ... ဆရာ"

"ဟုတ်ကဲ့"

"..."

"...။ ..."

❄ ◆ ❄

www.burmeseclassic.com

www.burmeseclassic.com

[၁၀]

"ကျွန်တော် ဆက်နေတာ ကြာပြီ။ မှန်းပိတ်ထားတယ်"

"ဟုတ်တယ်။ ဘုရားခန်းဝင်နေလို့"

"တရားထိုင်တာလား ဆရာ"

"အင်း။ တရားအားထုတ်တယ် ဆိုပါတော့။ မတရား စိတ်နှလုံး ဖြစ်မှာစိုးလို့ တရားတဲ့ စိတ်နှလုံး ဖြစ်အောင်၊ သတိနဲ့ ဉာဏ်နဲ့ ကိုယ်, ခန္ဓာကို၊ ရှုမြင် ဆင်ခြင်နေတယ် ဆိုပါတော့"

"နေ့တိုင်း လုပ်ရတာလား ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"အချိန်တိုင်း လုပ်နိုင်ရင်၊ ပိုကောင်းတယ်။ အချိန်တိုင်းဆိုတာ . . .၊ တစ်နေ့လုံး ဘုရားခန်းထဲ ထိုင်နေတာမျိုး၊ မဟုတ်ဘူး။

လျှောင်း၊ ထိုင်၊ ရပ်၊ သွား။ ပြုမူနေထိုင်ချိန် တိုင်းမှာ၊ လောဘ၊ ဒေါသ၊ မောဟ၊ မပွားများအောင် သတိနဲ့ နေနိုင်းတာ"

"သတိလွှတ်ရင် ဘာဖြစ်တတ်သလဲ . . . ဆရာ"

"သတိလွှတ်ရင် . . . စိတ်ညစ်နွမ်းတာပေါ့။ စိတ်ညစ်နွမ်းရင်၊ ခန္ဓာညစ်နွမ်းတယ်။ ခန္ဓာညစ်နွမ်း ရင်၊ ကိုယ် . . . လည်း ညစ်နွမ်းမယ်၊ ကိုယ် ညစ်နွမ်း ရင်၊ ဘဝ လည်း ညစ်နွမ်းမယ်"

"ကိုယ်နဲ့ခန္ဓာ၊ မတူဘူးလား ဆရာ"

"လှုပ်ရှားပြုမူနေတဲ့ ရုပ်ကို၊ ကိုယ် . . . လို့ ခေါ်တယ်။ စိတ်မှာဖြစ်တဲ့ . . . သဘောသဘာဝတွေ ကြောင့်၊ ဖြစ်၊ ပျက်သွားတဲ့၊ ခံစားမှု၊ သိမှု၊ သုံးသပ် မှု၊ လှုံ့ဆော်မှု မှတ်သားမှုတွေကို၊ ခန္ဓာလို့ ခေါ်တယ်။

နှစ်ခုပေါင်းပြီး ခေါ်ချင်ရင်တော့ ကိုယ်ခန္ဓာလို့





ခေါ်တာပေါ့"

"ဟာ။ ဗဟုသုတ အရမ်းရသွားပြီ။ ဆရာ . . .၊ ကိုယ့်ထက် စီနီယာကျတဲ့သူက . . .၊ တမင် နိုင်းစေနေတာကို၊ မလုပ်ဘူးလို့ ပြောတာ၊ ရိုင်းသ လား ဆရာ။ ငုံ့ခံနေရတာကိုလည်း . . .၊ ကျွန်တော် မကြိုက်ဘူး။ ငုံ့ခံနေရင်လည်း၊ ပိုဖိစီးကြတယ်။ အဲဒါ . . . ဘယ်လို ရင်ဆိုင်သင့်သလဲ"

"သီလ နဲ့ . . . နေ။ ငါးပါးသီလ နဲ့ နေတာ တောင် ဖိစီးနေသေးရင်၊ ရှစ်ပါးသီလ နဲ့နေ။ ကိုယ့် ကံပဲ . . . လို့ နှလုံးသွင်း။

ဘုရား . . . ကို၊ အာရုံပြု။ နှလုံးသွင်း။ စိတ် ကို၊ စင်ကြယ်အောင်၊ ကမ္မဋ္ဌာန်းထိုင်။

သိပ်ဉာဏ်ကောင်းရင်၊ ဝိပဿနာရှု။ ဒါပဲ . . . လုပ်ရမှာ။ တခြား ဘယ်နည်းနဲ့မှ မတုံ့ပြန်နဲ့။

ရတနာသုံးပါး ဦးထိပ်ထားပြီး၊ သီလ၊ သမာဓိ၊ ပညာဉာဏ်နဲ့၊ ခွင့်လွှတ်သည်းခံနေတတ်တဲ့ . . . သူကို၊ နိုင်းရဲတဲ့သူ နိုင်းပါစေ။ နိုင်းတဲ့အတိုင်း သာ၊ မငြိုမငြင်လုပ်ပေးလိုက်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့် . . . အ,ကုသိုလ်ကံ အဟုန်ကြောင့်သာ၊ သူတစ်ပါး ဖိစီးတာ။

လောဘ, ဒေါသ, မောဟ . . . ငြိမ်းအောင်ကျင့်ကြံထားရင်၊ ဘာကိုမှ၊ မမှုဘူး။ ဘယ်ကိစ္စကိုမှ၊ ဖိစီးတယ် . . . လို့ မခံယူဘူး။ အားလုံး . . . ဖြစ်ပြီးပျက်တယ်''

''ခက်တယ်နော် . . . ဆရာ''

''တိုးတက်ချင်ရင်၊ ခက်တာလုပ်''

''အား။ ကောင်းလိုက်တဲ့စကား''

''လူတွေက၊ နံပါတ်တစ် ဖြစ်ချင်ကြတယ်။ ဘယ်ဟာ နံပါတ်တစ်မှန်းမသိတော့၊ ဘာကို အားကျရမှန်းမသိဘူး။

လောက,မှာ နံပါတ်တစ်က၊ ဘုရား . . . ပဲ။

ဘုရားကို ပြစ်မှားသူတွေ မြေမျိုတယ် . . . တဲ့။ မပြစ်မှားဘဲ၊ နှလုံးသွင်းထားမယ်ဆိုရင်ကော။

ဘဝ . . . မိုးပျံနေစေရမယ်။ ကိုယ့်,အိမ်ခေါင်းရင်းမှာ၊ ရည်စူးကိုးကွယ်ထားတဲ့ ဘုရားကိုမှ၊ နံပါတ်တစ်မှန်း သတိမထားမိကြရင်၊ တခြားအရာတွေကို





နံပါတ်တစ်လို့ . . . ထင်မှတ်ပြီး၊ အားကျမှု, ငယ်ဆောင်မှုတွေ၊ မှားတတ်တယ်။

သတိကောင်းကောင်း၊ ဉာဏ်ကောင်းကောင်းနဲ့၊ လေ့လာပါ မစမ်းစမ်းစိုး။

ဆင်းတုတော်ကိုတောင်၊ လက်အုပ်ချီ ရှိခိုးနေရတဲ့၊ ဘုရားရှင်ရဲ့၊ ဦးဆောင်မှု ပညာကို၊ တကယ် သိရင်၊ ဘဝမှာ . . . ဘယ်နည်းစနစ်နဲ့ နေထိုင်ရမယ်ဆိုတာ၊ နီးလျက်နဲ့ မဝေးပါစေနဲ့နော် . . . မစမ်းစမ်းစိုး''

''ကျေးဇူးတင်လိုက်တာ ဆရာရယ်။ အဖေတို့, အမေတို့၊ တစ်ခါမှ၊ မပြောဖူးဘူး''

''ပြောနိုင်အောင် နှလုံးသွင်းဖို့ မအားကြဘူးလို့ပဲ၊ တွေးပါ။ မိဘ,ကို အထင်မသေးမိပါစေနဲ့''

''ဟုတ်ကဲ့ . . . ဆရာ''

''မိဘ . . . ဘာလုပ်သလဲ''

''အဲ . . .။ ငွေချေးလုပ်ငန်း လုပ်တယ်''

''အင်း။ ဘာအလုပ်ပဲ လုပ်လုပ်။ အ,ကုသိုလ်အလုပ်ကို၊ လုပ်မိနေတဲ့ မိဘဆိုရင်တောင်၊ သား



www.burmeseclassic.com

www.burmeseclassic.com



သမီးတွေအတွက်၊ သူတို့ ဉာဏ်မီသလောက်၊ ရှာကြဖွေကြတာပဲ . . .။

သားသမီးအတွက်၊ အ,ကုသိုလ်မှန်းတောင် မတွေးတော့ဘဲ၊ ရှာကြဖွေကြ ပံ့ပိုးကြတဲ့၊ မိဘ . . . မေတ္တာကို၊ မြင်တတ်အောင်၊ တွေးပါ"

"ဟုတ်ကဲ့ . . . ဆရာ"

"တပည့်တွေက,လည်း၊ ဆရာ့ဂုဏ်ကို သိပ်မသိတတ်ကြသလို၊ ဆရာဆိုတဲ့သူက,လည်း၊ တပည့်ဆီက၊ ပူဇော်သက္ကာယကို၊ မျှော်ကိုးမိသလိုမျိုး၊ မဖြစ်စေနဲ့ . . . မစမ်းစမ်းစိုး။ စာမေးပွဲနီးပြီ ငါ့ကို . . . ပါတိတ်နဲ့ လာကန်တော့ကြဦး . . . ဆိုတဲ့ ဆရာမ,မျိုး၊ မဖြစ်စေနဲ့"

"စိတ်ချပါ ဆရာ"

"မူလ,တန်းအရွယ် ကလေးငယ်တွေကိုတောင်၊ မောင်မောင်ရယ် . . . ဘယ်များသွားနေသလဲ ဆိုတဲ့၊ သီချင်းမျိုးနဲ့၊ က,ခိုင်းနေကြပြီ။

လိပ်ပြာလေးတွေ . . . လှလိုက်တာ၊ ရောင်စုံဘောလုံး တစ်လုံး ငါးပြားဆိုတဲ့ . . . သီချင်းမျိုးလေး





တွေ၊ သင်ရမယ့် အရွယ်မှာ . . .

ရည်းစားမျှော်သီချင်းမျိုး၊ သင်ပေးနေမိတဲ့၊ ဆရာမ,မျိုးလည်း၊ မဖြစ်စေနဲ့နော်။

ကလေးတွေကို၊ ပေါက်ကရ သင်တာ၊ အနာဂတ်ကို၊ လုပ်ကြံနေတာပဲ"

"ခေတ်ရေစီးကြောင်းလို့ ပြောကြတယ် . . . ဆရာ"

"အိမ်ထဲကို၊ ရေအပုပ်တွေ စီးလာတာ၊ ခေတ်ရေစီးကြောင်းဆိုပြီး၊ ကြိုဆိုနေမလား။ ဟန့်တားမလား။ ဉာဏ်ကောင်းမှ စဉ်းစားတတ်လိမ့်မယ်။

ခေတ်ပျက်တိုင်း၊ လူ . . . လိုက်ပျက်ရမယ်ဆိုရင်၊ လောက,မှာ . . . လူကောင်းတောင် ရှိတော့မှာ မဟုတ်ဘူး"

"ဟုတ်ကဲ့ပါ . . . ဆရာ။ ဆရာ့စကားအားလုံး၊ ကျွန်တော့် ဘဝထဲကို၊ ထည့်ထားပါတယ်။

ကျွန်တော် မိုးခါးရေ မသောက်ပါဘူး ဆရာ။

ဪ . . . ဒါနဲ့၊ ဆရာ့ အမျိုးသမီး၊ ပြန်မလာသေးဘူးလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း။ ဟုတ်တယ်"

"ကြာပြီနော် . . . ဆရာ။ ခရီးသွားတာ"

"သူ့ ဆွေမျိုးတွေဆီမှာ။ အလည်သွားတာလေ။ ကြာပြီ"

"တစ်ခုခုများ၊ ဖြစ်နေတာလား ဆရာ"

ကျွန်တော် မဖြေချင်။

"ဒီနေ့ မစမ်းစမ်းစိုး . . . ဘုရားရှိခိုးပြီးပြီလား"

"အိပ်ရာဝင်ခါနီးမှ၊ ရှိခိုးမှာပါ ဆရာ"

"အင်း။ ကောင်းတယ်။ မနက်ပိုင်းလည်း သီလ ခံယူပေါ့။ တစ်နေ့လုံးလည်း၊ ဘာမှ နှလုံးမသွင်းတတ်ရင်၊ ဘုရားကို နှလုံးသွင်းထားပေါ့"

"ဆရာ"

"ပြောပါ မစမ်းစမ်းစိုး"

"ဆရာ . . . စကားလွှဲနေသလိုပဲနော်"

"ဘာကိုလဲ . . . မစမ်းစမ်းစိုး"

"ဆရာ့ ဇနီးအကြောင်းကို မေးမိတိုင်း၊ ဆရာ . . . သေသေချာချာ ပြောမပြဘူး"





"ထွေထွေထူးထူး ပြောစရာ မရှိဘူးလေ"

"ဆရာ့ မိသားစု၊ တစ်ခုခုဖြစ်နေတယ် . . . လို့၊ ကျွန်တော့် စိတ်ထဲ ထင်နေတယ်"

ကျွန်တော် ဖုန်းပိတ်လိုက်ချင်သည်။

"အဲလို မဟုတ်ပါဘူး။ ကျွန်တော် အလုပ်များနေလို့ပါ။

စာစီစာကုံး စာအုပ်တစ်အုပ်၊ ရေးစရာရှိတယ်။ တစ်လ လောက်တော့ ကြာမယ်။

တခြားအလုပ်တွေလည်း၊ ရှိတော့၊ အလုပ်ပိုင်းနေတယ် ဆိုပါတော့"

"ဟာ၊ ဒါဆိုရင် . . . ကျွန်တော် ဖုန်းဆက်တာ၊ အနှောင့်အယှက်ဖြစ်နေပြီပေါ့"

"အဲလိုတော့ မဟုတ်ပါဘူး။ နောက် တစ်လ လောက်ဆို၊ စာအုပ်က ပြီးပါပြီ"

"အင်း . . .၊ ဒါဆို၊ နောက်တစ်လ လောက်မှ ကျွန်တော် ဖုန်းဆက်ပါ့မယ်။ နော် . . . ဆရာ"

"ဟုတ်ကဲ့"

❄ ◆ ❄



www.burmeseclassic.com

www.burmeseclassic.com

[၁၁]

"အဲဒီနေ့က၊ သူ ... ဖုန်းဆက်တဲ့အချိန်မှာ၊ ငါ ... လိမ်ပြောထားမိတာကို၊ မေ့သွားတယ်" ... ဟု၊ စကားစ,က၊ ထွန်းဦးကို၊ ကျွန်တော် ပြောပြဖြစ်၏။

◆

"..."

"ဆရာ စာအုပ်ပြီးသွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာစာအုပ်များလဲ"

"ဟင်။ ဆရာ ... စာစီစာကုံး စာအုပ်ရေး နေတာ မဟုတ်ဘူးလား။ တစ်လ,လောက် ကြာမယ် ဆို။ အဲဒါကြောင့်၊ ကျွန်တော် ... တစ်လ. တိတိ ဖုန်းမဆက်ဘဲနေတာ။

အခုလောက်ဆို ဆရာအားပြီ ... လို့ ယူဆ. ပြီး၊ ဖုန်းဆက်တာ"

"ဪ"

"ဆရာ"

"ပြောပါ မစမ်းစမ်းစိုး"

"ကျွန်တော် ဖုန်းဆက်တဲ့အတွက်၊ ဆရာ အနှောင့်အယှက်ဖြစ်လို့၊ တမင် ..., အလုပ်ကို၊ အကြောင်းပြတာလားဟင်"

"မဟုတ်ပါဘူး"

"ဒါဆို၊ ဘာသဘောလဲ ဆရာ။ ကျွန်တော် က, ဆရာ့ဆီကို လာဖို့၊ အမြဲတမ်း ကြိုးပမ်းနေတဲ့ သူပါ။

အခြေအနေမပေးသေးလို့ ရောက်မလာရပေ





မယ့်၊ ဖုန်းနံပါတ်လေး ... ရတဲ့နေ့က၊ ကျွန်တော် အရမ်းပျော်နေခဲ့တာပါ။

ကျွန်တော် ဘယ်လောက်အထိ တုံးသလဲဆို ရင်၊ ဆရာ့ဆီက၊ ဖုန်းနံပါတ်ကို၊ တောင်းလို့ရနိုင်မှန်း ကို၊ မတွေးမိခဲ့ဘူး။ ဟိုးတုန်းကတည်းကများ၊ ဒီလို ... ဖုန်းပြောခွင့်ရခဲ့ရင်၊ သိပ်ကောင်းမှာပဲ ... လို့၊ တွေးပြီး၊ အချိန်တွေကို နှမြောနေတာပါ ဆရာ။

ဆရာက ...၊ အလုပ်ကို အကြောင်းပြပြီး၊ ဖုန်းဆက်တာကို၊ ရပ်စေချင်တဲ့သဘောမျိုး ပြုမူလိုက် တာ၊ ကျွန်တော် သိပ်. ဝမ်းနည်းနေလို့လား ဆရာ။

အဲဒီလို ဖြစ်နေပါတယ်ဆိုရင်လည်း၊ ကျွန် တော့်ကို ဆုံးမ,ပါ ... ဆရာ"

"ဟာ ...။ မဟုတ်ဘူး မစမ်းစမ်းစိုး။ ခဏ။ အဲ ...။ သေသေချာချာ နားထောင်နော်"

"ဟုတ်ကဲ့ပါ"

"ဖုန်းမဆက်စေချင်တာတော့ အမှန်ပဲ။ ဒါပေ မဲ့ ...၊ မဆက်စေချင်တာက၊ မစမ်းစမ်းစိုးနဲ့ စကား မပြောချင်လို့ မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

မြနှင်းဆီအကြောင်းကို၊ မမေးစေချင်လို့ပဲ''

''ဗျာ''

''ဟုတ်တယ် မစမ်းစမ်းစိုး။ သူနဲ့ကျွန်တော် ကွဲကွာသွားတာ ကြာပြီ။

ဒါပေမဲ့ . . . ဒီကိစ္စကို၊ မလိုအပ်ဘဲ၊ ကျွန်တော် . . . ဘယ်သူ့ကိုမှ၊ မပြောချင်ဘူး။

မေးလွန်းမက မေးရင်၊ ပြောပြရတော့မယ် လေ။ မြနှင်းဆီဆိုတဲ့ အမည်နာမ,ကိုတောင်၊ မှန်းချင် လျက်နဲ့ မေ့ပစ်ထားရတဲ့ သာမန်လူတစ်ယောက် အနေနဲ့၊ မေးတဲ့ ဒဏ်လည်း . . .၊ မခံချင်ဘူးလေ။

မေးလို့ . . . ပြော။ ပြောရင် . . . ကိုယ့်အမှန် ပြော။ ကိုယ့်အမှန်ပြောတာ၊ သူတစ်ပါး အမှား . . . လို့၊ စွပ်စွဲတာမျိုး မဖြစ်ချင်ဘူး။

အဲဒါကို၊ ရှောင်ရှားချင်လို့၊ အလုပ်ကိစ္စ အကြောင်းပြပြီး၊ ဖုန်းဆက်တာကို၊ ဟန့်တားသလို လုပ်ခဲ့တာပါ။

တခြား ရည်ရွယ်ချက် ဘာမှ မရှိပါဘူး မစမ်း စမ်းစိုး။ မစမ်းစမ်းစိုးနဲ့ ဖုန်း မပြောချင်လို့ မဟုတ်ပါ





ဘူး။ မစမ်းစမ်းစိုး ပြောတဲ့အထဲမှာ၊ ကျွန်တော် မပတ် သက်တော့တဲ့ အမည်နာမ,တစ်ခုကို၊ ထည့်မပြောစေ ချင်ရုံပါ''

''စိတ်မကောင်းပါဘူး ဆရာ။ ဒီ . . . တစ်လ, အတွင်းမှာ၊ သတိရလို့၊ ဖုန်းဆက်ချင်တာတောင်၊ အနှောင့်အယှက် ဖြစ်မှာစိုးလို့၊ ဆင်ခြင်ခဲ့ရတဲ့ . . .၊ ကျွန် တော့်အခက်အခဲကိုလည်း ဆရာ ထည့်တွေး ပေးပါ။

ဆရာ မနှစ်သက်တဲ့ ဘယ်အမည်နာမ,ကိုမှ၊ ကျွန်တော် စကားထဲ၊ ထည့် မပြောတော့ပါဘူး။ ကျွန်တော့်ကို၊ အခု . . . ရနေတဲ့၊ ဖုန်းဆက်ခွင့်လေး ကိုတော့၊ မပိတ်ပင်ပါနဲ့ ဆရာရယ်''

''ကျွန်တော် ပြောပြတာကို၊ နားလည်ရင်၊ ပိတ်ပင်စရာ မရှိပါဘူး။

ဘယ်သူ့ကိုမှ၊ မမုန်းတော့ပေမယ့်၊ မေ့သင့် တာကိုတော့၊ ကျွန်တော် မေ့ထားပါရစေ''

''ကျွန်တော် နားလည်ပါတယ် ဆရာ။ ကျွန် တော် . . . အခု၊ ငိုချင်နေပါတယ် ဆရာ။


www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ငိုချင်စိတ်ဖြစ်တာလဲတော့၊ ကျွန်တော် မပြောတတ်ဘူး။

ကျွန်တော် တန်ဖိုးထားတဲ့ လူတစ်ယောက်ကို၊ တခြားတစ်စုံတစ်ယောက်က၊ ပစ်ပယ်လိုက်တာမျိုးကို၊ ကျွန်တော် . . . မခံစားနိုင်ဘူး ဆရာ''

''ပစ်ပယ်တယ် စွန့်ခွာတယ်၊ လမ်းခွဲတယ် . . . ဆိုတာမျိုးတွေနဲ့၊ ကျွန်တော် မသုံးသပ်ပါဘူး။

ကံ ကုန်သွားတယ် . . . လို့ပဲ၊ ကျွန်တော် နှလုံးသွင်းပါတယ်''

''သင့်လျော်ပါတယ် ဆရာ။ ကျွန်တော် ဖုန်းချလိုက်တော့မယ် ဆရာ။

အမြဲတမ်း ဖုန်းဆက်ခွင့်ပေးပါ ဆရာ။ ဆရာ့ ဂျီမေးလ် အကောင့်နဲ့၊ ကျွန်တော် စာနည်းနည်း ရေးပို့ပါရစေ''

''ဟုတ်ကဲ့''

''ကျန်းမာရေးလည်း ဂရုစိုက်ပါ ဆရာ''

''ကျေးဇူးပဲ မစမ်းစမ်းစိုး။ ကျွန်တော့်ကိုလည်း၊ တစ်မျိုးမထင်ပါနဲ့နော်''





''မထင်တတ်ပါဘူး ဆရာ''

''. . .''

''. . .''

❋ ◆ ❋



www.burmeseclassic.com

www.burmeseclassic.com

[၁၂]

"အင်တာနက်က,နေ၊ သူ . . . စာနည်းနည်း ရေးတယ်။ ပြီးတော့ . . . သူ့ဓာတ်ပုံတွေ . . . အများကြီး ပို့တယ်"

"ဘာရည်ရွယ်ချက်နဲ့ ပို့တယ်" . . . လို့ မင်း ယူဆ,သလဲ"

. . . ဟု၊ ထွန်းဦးက၊ ကျွန်တော့်ကို မေး၏။

"သူ့ ရည်ရွယ်ချက်ကို၊ ငါ . . . မသုံးသပ်တူး။ ငါ့ . . . စိတ်ကိုပဲ၊ ငါ . . . သုံးသပ်ချင်တာ။

ငါ, ဘယ်လောက်သိတယ် ပြောပြော။ ငါ . . . , သာမန်လူပဲလေ။



www.burmeseclassic.com

www.burmeseclassic.com

သူများခေါင်းက ... ဆံပင်။ ပုံသွင်း ဖြတ်ညှပ်၊ လုပ်ပေးတတ်ပေမယ့်၊ ငါ့ခေါင်းက ဆံပင်။ ပုံသွင်း ဖြတ်ညှပ်ဖို့ကျတော့၊ ငါ့မှာ ခက်ခဲတယ်''

''အင်း။ ငါ ... သဘောပေါက်ပြီ။ မင်း ... အဲဒီ့ စမ်းစမ်းစိုးကို၊ စိတ်ဝင်စားနေပြီပေါ့''

''စကားဖော့ ပြောရရင်၊ သတိရနေတယ် ပေါ့ကွာ။

လက်ရေးလှလှလေးတွေ၊ မြင်တုန်းက.လည်း။ ဘာမှ မဖြစ်ပါဘူး။ ဓာတ်ပုံလှလှလေး မြင်တုန်းက.လည်း။ ဘာမှ မဖြစ်ပါဘူး။ အသံလှလှလေး ကြားနေရတုန်းက.လည်း၊ ဘာမှ မဖြစ်ပါဘူး။

ဟိုနေ့က ...,

မြနှင်းဆီနဲ့ ပတ်သက်ပြီး။ မမေးမမြန်းစေချင်တဲ့၊ အကြောင်းပြောရင်း၊ သူ ... ငိုချင်တယ်ဆိုတဲ့ စကားသံလေးကို ကြားပြီးတဲ့ နောက်ပိုင်း။

ငါ့ရင်ထဲမှာ၊ နင့်ခနဲ ဖြစ်သွားတယ်။ သူ့. ဝမ်းနည်းစကားသံလေးကို၊ ငါ ... အခုထိ ကြားယောင်မိတယ်။





အဲဒါ ...,

ငါ ... သင့်တော်ရဲ့လား ... လို့၊ မင်းကို ... မေးကြည့်ချင်လို့။ မင်း ... ဝေဖန်တာကို၊ ငါ ... ကြားချင်လို့၊ အစ ... အဆုံး၊ ပြောပြနေတာ''

ထွန်းဦးက, ပြုံးလျက် ...

''မင်းက ... လူတစ်ယောက်လေကွာ။ ပြီးတော့ ...၊ လောလောဆယ် ... လွတ်လပ်နေတဲ့ လူတစ်ယောက်။

အိမ်ထောင်ရေး ဖောက်ပြန်နေတာ မဟုတ်သလို၊ မိန်းမအာရုံတွေ ထွေပြားနေသူလည်း မဟုတ်ဘူးလေ။

ငါ ... မင်းကို၊ ဝေဖန်စရာ မရှိဘူး''

''တစ်ခုလပ်ဆိုတဲ့၊ ဘဝ ... အမာရွတ်က၊ အပျိုစင်ဆိုတဲ့၊ လက်ဖဝါးလေးအတွက်၊ နိုးလို့ ခလုဖြစ်နေမလား။ အဲဒါပါ၊ ငါ ..., တွေးတယ်''

ထွန်းဦးက ...,

''အိမ်ထောင်တွေ ကွဲကြ ပျက်ကြတာ၊ ကမ္ဘာအနှံ့၊ ပျော်တယ် ... ဟော့ဆိုပြီး၊ ကွဲကြ ကွာကြတာမှ


www.burmeseclassic.com

www.burmeseclassic.com

မဟုတ်တာ။

တစ်ခု 'လပ်' သွားတာ၊ ခြေလက် အင်္ဂါ တစ်ချောင်း ပြတ်ကျသွားတာမှ မဟုတ်တာ။

ပြီးတော့ . . . ဖောက်လွဲဖောက်ပြန်လုပ်လို့၊ မူးယစ်ရမ်းကားလို့ အိမ်ထောင်ဘက်အပေါ် တာဝန် ပျက်ကွက်လို့၊ မကြင်နာလို့၊ အနိုင်ကျင့်လို့၊ မင်း . . . အိမ်ထောင်ပျက်ခဲ့တာမှ၊ မဟုတ်တာ''

ကျွန်တော်က၊ ပြုံးလျက် –

''မင်း . . . ငါ့ကို အားပေးတတ်သားပဲ . . . ထွန်းဦး''

''အားပေးတာ မဟုတ်ဘူး။ မင်းဆံပင်ပုံစံ ကောင်းပြီးသား။ ထိမိ ခိုက်မိလို့၊ ပုံနည်းနည်းပျက် သွားတာ၊ ဘီးနဲ့ ပြန်ဖြီးရုံနဲ့၊ Original အတိုင်းပဲဆို တာ၊ မင်း . . . မမြင်မှာစိုးလို့၊ ရှင်းပြ၊ ပြောပြနေတာ ပါကွ''

''ကျေးဇူးပါပဲ သူငယ်ချင်းရာ''

''လူတော်တော်များများက၊ အိမ်ထောင်ပျက်၊ . . . အိမ်ထောင်ပျက်ဆိုရင်၊ အမှတ်တစ်ခုခု လျှော့နေ





သလိုမျိုး၊ ဝေဖန်ချင်ကြတယ်။

သူ့ခမျာ၊ ဘာကြောင့်များ၊ အိမ်ထောင်ပျက် သွားရတာပါလိမ့်လို့၊ စာနာဖို့၊ မစဉ်းစားကြဘူး။

တချို့ အိမ်ထောင်တွေများ၊ ပျက်ချင်နေ လျက်နဲ့၊ လူကဲ့ရဲ့မှာစိုးလို့ ကျိတ်ခံနေကြတာ၊ သနား ဖို့တောင် ကောင်းသေးတယ်။

တချို့ကျတော့၊ သားသမီး၊ မျက်နှာထောက် ပြီး၊ အံကြိတ်နေကြရရှာတာ။

မင်း . . . စမ်းစမ်းစိုးရဲ့၊ မိဘ,တောင်၊ ဖောက် လွဲဖောက်ပြန်ကိစ္စ၊ ရှိလျက်နဲ့၊ မကွဲမကွာအောင်၊ ဆက်နေကြတာ မဟုတ်လား။

အဲဒါ . . . တစ်ခုလပ်ထက်၊ ပိုဆိုးတဲ့၊ ရွှေမှုန် ကျထားတဲ့ နောက်ချေးခဲ အိမ်ထောင်စုကွ။ မှတ် ထား။

မင်းမှာ . . . ဘာချွင်းချက်မှ မရှိဘူးလို့ ကိုယ့် ကိုယ်ကိုယ်၊ မြှင့်တင်ထားစမ်းပါ။ နော် . . . သူငယ် ချင်း''

''အေးပါကွာ။ ငါက . . . သတိရမိတဲ့၊ စိတ်


www.burmeseclassic.com

www.burmeseclassic.com

တစ်ခုတည်းနဲ့တွင်၊ စမ်းစမ်းစိုးကို အားနာနေတာ''

''အားနာတယ်ဆိုတာ၊ ညှာတာစိတ်ပဲကွ။ ညှာတာစိတ် ... ဆိုတာ၊ ချစ်တဲ့စိတ်ရဲ့ အခြေခံ စိတ်ကလေးတစ်ခုပဲ''

ပြောပြီး၊ ထွန်းဦး ရယ်လေ၏။ ကျွန်တော်လည်း၊ ရယ်မိသည်။ ထိုစဉ်ခဏ၊ စမ်းစမ်းစိုးကို၊ သတိရ၏။

''ဓာတ်ပုံတွေက ...၊ များလှချည်လား'' ... ဟု၊ ထွန်းဦး ပြောသည်။ ''သူ့ ... မိသားစုဝင်တွေပုံ'' ... ဟု၊ ကျွန်တော် ပြောပြသည်။

''ဒါ ... သူ့အဒေါ်။ သူ့အမေရဲ့ ညီမ''

''အင်း။ ဟိုတုန်းက ... သူ့အဖေနဲ့ မောက်မားတယ် ... ဆိုတာ၊ အဲဒီ့ အမျိုးသမီးလား''

ကျွန်တော် ... ခေါင်းညိတ်ရုံသာ ညိတ်၏။

''ဒါက ...၊ သူ ... သီလရှင်ဝတ်တုန်းကပုံ။ ဒါ ... သူ့အဖေ။ ဒါ ... သူ့အမေ။ ဒါ ... သူ့မောင်။ မောင်က ပြည်ပမှာ''

''ဘာရည်ရွယ်ချက်နဲ့ ပို့ပေးတယ်ထင်လဲ ... မင်းက''





''ငါ ... ခုနက၊ ပြောပြီးပြီပဲ။ သူ့စိတ်နှလုံးကို၊ ငါ ... မခန့်မှန်းပါဘူး။

မိန်းကလေးဆိုတာ၊ ယုံကြည်ကိုးစား ခင်မင်တယ် ... ဆိုရင်၊ တစ်လုံးတစ်ပါဒ ... မကျန်၊ ရင်ဖွင့်မိတတ်တာပဲ။

သူ့ ... မိသားစု၊ အတွင်းရေးကိစ္စ၊ ရေးခဲ့ ပြောခဲ့ ရင်ဖွင့်ခဲ့တဲ့ စာတွေ မင်းကို ပေးဖတ်တယ်ဆိုတာ၊ သူ့အတွက်၊ ထိခိုက်လောက်တယ်။

ဒါပေမဲ့ ...၊ မင်းက ... ငါ့ရဲ့ အခင်မင်ဆုံး သူငယ်ချင်းမို့၊ ငါ ... ပေးဖတ်ရတာလေ''

''ငါ ... နှုတ်မဖွာပါဘူး'' ... ဟု၊ ထွန်းဦး ပြောသည်။

''သူ့ကို၊ မြင်ဖူးစေချင်သလို၊ သူ့မိသားစုဝင်တွေကိုလည်း၊ မြင်ဖူးစေချင်တဲ့၊ ရင်းနှီးခင်မင်စိတ်နဲ့ ... ရှိသမျှ ဓာတ်ပုံတွေ ပို့ပေးတာ နေမှာပါ''

''ညတိုင်း၊ ဖုန်းဆက်နေတယ်ပေါ့''

ကျွန်တော် ခေါင်းညိတ်ပြီး ...

''တနင်္လာနေ့က၊ နေ၊ ကြာသပတေးညအထိ။ အဆောင်က၊ ဆက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

သောကြာနေ့ကျတော့ . . . မနက်ခင်း ဆက်တယ်။ ညနေ မော်လမြိုင် ပြန်ခါနီးရင် . . . ခဏ ဆက်တယ်။

စနေ၊ တနင်္ဂနွေ ညဘက်, နေ့ဘက်တွေတော့ ခဏပဲ ဆက်တယ်။ ကျောင်းပိတ်ရက် သူ့အိမ်က, ဆက်တာဆိုတော့၊ အိမ်မှာ လူပါးမှ၊ ဆက်တယ် ထင်တယ်''

''သံယောဇဉ် ရေစီးသံတွေ . . . ငါ့ကြားနေရပြီ . . . ကိုကိုအောင်''

''သည်းသည်းသန်သန်၊ မဟန့်တားမိသလို၊ ဝုန်းဝုန်းဒိုင်းဒိုင်း၊ တဝေါဝေါ . . . မစီးစင်းမိအောင်၊ ငါ . . . စကားဆင်ခြင်ပါတယ်''

ထွန်းဦးက . . .

''မြန်မာစကားတစ်ခု ရှိတယ်။ ထိန်းချုပ်တယ် . . . တဲ့။

ထိန်းတာ ကောင်းပါတယ်။ ချုပ်တာ၊ ချုပ်တည်းတာ၊ မကောင်းဘူး''

ကျွန်တော်က . . .





''လိုအပ်တဲ့ အခါမျိုးတွေမှာ . . . ချုပ်တာရော, ထိန်းတာရော၊ နှစ်ခုစလုံးရှိမှ ကောင်းမှာ''

ထွန်းဦးက ခေါင်းခါလျက် . . .,

''မင်း အခြေအနေက၊ စိတ်နှလုံးကို၊ ထိန်းချုပ်စရာမှ၊ မလိုတာ''

အင်း။ ဘယ်လို ထိန်းထိန်း၊ ဘယ်လို ချုပ်ချုပ်။

ရေစီးအင်အား ပြင်းထန်မြင့်တက်လာပြီဆိုရင်တော့၊ တာတမံ ကျိုးသွားတတ်တာပဲ။

ဘာလဲ . . . မင်းက၊ တမံကျိုးတဲ့အထိ၊ ရေထိန်းခလုတ်ကို၊ ဖိပိတ်ထားချင်တာလား''

''အဲလိုလည်း မဟုတ်ပါဘူး'' . . . ဟု၊ ကျွန်တော် ရယ်လျက် ပြောသည်။

''ရှိသားတဲ့ သံယောဇဉ် ကိုးစားမှုကို၊ တခြားခင်တွယ်မှု . . . လို့၊ မတွက်ချက်ချင်တာလည်း၊ ပါ, ပါတယ်''

''သူ့ ရင်ထဲကို၊ မင်း . . . မတွက်နဲ့လေ။ မင်း ရင်ထဲကိုပဲ၊ မင်း . . . တွက်ဆ, ကြည့်ရမှာ''


www.burmeseclassic.com

www.burmeseclassic.com



"ပြောပြီးပြီပဲ။ ငါ . . ., ထိန်းချုပ်ထားပါတယ်

ဆို"

ထွန်းဦး တဟားဟား ရယ်လေ၏။

ကျွန်တော် ကြည်နူးစိတ်ဖြင့် ရယ်နေမိသည်။

❄ ◆ ❄



[၁၇]

". . ."

". . ."

"သိချင်တာ ရှိသေးတယ် ဆရာ"

"မေးပေါ့"

"ပေဒင်ကို ယုံသလား"

"ယုံတယ်။ ဒါပေမဲ့ . . . အားမကိုးဘူး"

"ဪ . . .၊ ကျွန်မ သိချင်တာ၊ အဲဒါ . . . ပဲ။ ကံ, ကံ၏ အကျိုးကို၊ ယုံကြည်တဲ့သူက၊ တခြား ဘာကိုမှ အားမကိုးရဘူးလို့ ဆရာပြောဖူး



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျွန်မ . . . မှတ်ထားတယ်။ အဲဒါကြောင့် . . . မေးကြည့်တာ''

ကျွန်တော်က . . .

''လောကီပညာဆိုတာ၊ သူ့နေရာနဲ့သူ ရှိတာပဲ။ မယုံနဲ့လို့ မတားပါဘူး။

ဒါပေမဲ့ . . . တကယ် အားကိုးရမှာက၊ ကိုယ့်ရဲ့ . . . ကုသိုလ်ကံ။ ကိုယ့်ရဲ့ . . . ဉာဏ်။ ကိုယ့်ရဲ့ . . . ဝီရိယ။

ဗဟုသုတ ပြောပြရရင်၊ ဗေဒင်က . . . ဒါ . . . ဒါ ဖြစ်မယ်လို့၊ ဟောတယ် ဆိုပါတော့။

ငုတ်တုတ်ထိုင်ပြီး၊ စောင့်နေကြမှာလား။ ကိုယ့်အလုပ် ကိုယ်လုပ်ကြရမှာလား''

''ကိုယ့်အလုပ်ကိုယ် လုပ်ကြရမှာပါ''

''ယတြာချေတယ်ဆိုတာ၊ ဆေးမြီးတိုပဲ။ ဆေးမြီးတို ဆိုတာ။ ချောင်းနည်းနည်း ဆိုးလို့ လျက်ဆားလေး လျက်သလောက်ပဲလေ။ နော် . . .။

တကယ့် . . . မိမိရဲ့၊ ကံအဟုန်ကို၊ ဘယ်ယတြာမှ ချေလို့ မရဘူး။





အဆုတ်ရောဂါ အကြီးစားကြီးကို လျက်ဆားလျက်လို့၊ မပျောက်ကင်းနိုင်သလိုပေါ့။

ဗေဒင်က . . . ဘယ်လောက် ကိန်းညွှန်ပါတယ် ပြောပြော . . .။ ဟောဟော။

သီလ, သမာဓိ, ပညာ၊ ဒါန, သီလ, ဘာဝနာနဲ့ နေထိုင် ကျင့်ကြံနေတဲ့၊ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တိုင်း ဘယ်ကိန်းအညွှန့်ကို မဆို၊ ရင်ဆိုင်ဖြတ်သန်းနိုင်ကြပါတယ်။

ဗေဒင် ဟောစာတမ်းဆိုတာကို၊ ရောဂါအခြေအနေကို တွက်ဆ,ပြတဲ့၊ ဓာတ်မှန် . . . တို့၊ အီးစီဂျီ . . . တို့လောက်တော့ အသုံးပြုချင်ပြုပေါ့။

ဒါပေမဲ့ . . . ဓာတ်မှန်ကြီးကို၊ ဝါးစားရုံ၊ အီးစီဂျီ စာရွက်လေးကို မျိုချရုံနဲ့၊ ရောဂါပျောက်ကင်းတာမှ၊ မဟုတ်တာ။

ရောဂါအတွက် . . . ဆေးဆိုတာ သီးသန့်ရှိပြီးသား။

ချောင်းဆိုးသလောက်ကို . . .၊ လျက်ဆားလောက်နဲ့ ပျောက်ချင် ပျောက်သွားနိုင်ပေမယ့်၊



www.burmeseclassic.com

www.burmeseclassic.com



အဆုတ်ရောဂါအကြီးစားကိုတော့၊ လျက်ဆားလျက်နေလည်း၊ အပိုပဲပေါ့။

တိကျတဲ့ ဗဟုသုတ, ပြောရရင်။ ကံကို ယတြာချေလို့ မရဘူး။ အဲဒီတော့ . . . ကံကိုယုံတယ်ဆိုရင်၊ ကံကိုပဲ၊ အားကိုးသင့်တယ်။

ဂေါတမမြတ်စွာဘုရား၊ ဝမ်းတော်လားတာ၊ ကံကြောင့် ဖြစ်ရတာလေ . . .။ နော် . . .။

ဘယ်သူမှ၊ ယတြာချေပေးလို့ မရဘူး။ ကံကို၊ ဉာဏ်နဲ့သာ ဖြုခွင်းရင်ဆိုင်ရတယ်''

''ဘယ်လို ဉာဏ်နဲ့ ဖြုခွင်းရတာလဲ ဆရာ''

''ဝိပဿနာဉာဏ်။ ကံ . . . ကံ၏အကျိုးကို၊ နှလုံးသွင်းတတ်တဲ့ . . . ဉာဏ်။

ကိုယ်ပြုခဲ့တဲ့ . . . ကံကို၊ ကိုယ် ရင်ဆိုင်ရတာပဲ . . . လို့၊ ဆင်ခြင်နိုင်စွမ်းတဲ့ . . . ဉာဏ်။

သီလ, သမာဓိကို၊ အခြေခံပြီး၊ ဆောက်တည် ကျင့်ကြံမှသာ၊ အဲဒီဉာဏ် ပိုင်ဆိုင်မယ်''

''ကျွန်တော် ဉာဏ်တုံးတယ် ဆရာ''

''ဉာဏ်တုံးရင်၊ အပါယ်ကျမယ်''





ရယ်လေ၏။ ပြီးမှ . . .

''ကျောင်းသူ ဘဝကတည်းက၊ ဆရာ့ကို မေးလာလိုက်တာ။ အခု . . . ဆရာမ, ဖြစ်နေတဲ့အထိ၊ မေးစရာတွေ၊ မကုန်သေးဘူး . . . ဆရာ''

''ဘုရားရှင်က, လွဲလို့ ဘယ်သူမဆို။ မေးစရာလည်း . . . မကုန်သလို၊ သိစရာလည်း . . . မကုန်ဘူး'' . . . ဟု၊ ကျွန်တော် ပြောပြ၏။

''ကျွန်တော်က, တကယ်တုံးတာ ဆရာရဲ့။ အခု . . . အသက် သုံးဆယ့်လေးနှစ်အထိ၊ ကျောင်းက,နေ မော်လမြိုင် ပြန်ရင်၊ အဖေက . . . ကားဂိတ်မှာ ဆိုင်ကယ်နဲ့ လာကြိုပေးနေရတုန်းပဲ။

ကိုယ်တိုင်လည်း ဆိုင်ကယ် မမောင်းတတ်ဘူး။ အဝတ်အစားက,အစ အဒေါ်က ဆင်ပေးနေတုန်း''

''အဒေါ်ဆိုတာ၊ ဘယ်အဒေါ်လဲ''

''ဟို၊ ဆရာ့ကို ပြောပြဖူးတဲ့ အဒေါ်လေ။ ပို့ထားတဲ့ ဓာတ်ပုံတွေထဲက၊ အဒေါ်။

Thesis အတွက်၊ ပင်လယ်ဆင်းရင်လည်း၊



www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ပဲ အားကိုးမိတယ်''

''အဲဒီ့ အဒေါ်က၊ ဘာလုပ်သလဲ''

''သူက . . . ကထိက။ ကျွန်တော်နဲ့ . . . တာဝန်ကျတဲ့ ကျောင်းချင်းတော့ မတူဘူး''

''သူနဲ့ . . . ၊ အခု . . . အဆင်ပြေတယ်ပေါ့''

''ဟုတ်တယ် ဆရာ . . . ပြေပါတယ်။ ကျွန်တာတွေကိုတော့၊ မေ့ထားလိုက်ပြီ''

''ကောင်းတယ်။ အတိတ်ကို . . . အတိတ်မှာထားတတ်တာ၊ အကောင်းဆုံးပဲ''

''ဆရာ . . . ။ ဆရာ တစ်ယောက်တည်းနေရတာ အဆင်ပြေရဲ့လား''

''အဲဒီ့ မေးခွန်း။ ကိုယ့်ကိုယ်ကိုယ်တောင်၊ တစ်ခါမှ၊ မမေးဖူးဘူး''

''ဆရာ . . . နှလုံးအောင့်တဲ့ ရောဂါ ရှိတယ်ဆိုတာ၊ ကျွန်တော် သိထားတယ်လေ။ နေထိုင်မကောင်း ဖြစ်တဲ့အခါ''

ကျွန်တော် ပြုံးမိ၏။ ပြီးမှ . . .

''ဘယ်တုန်းကမှ၊ သူတစ်ပါး ပြုစုတာ၊ မခံဖူးဘူး။ မစမ်းစမ်းစိုး။

ခံဖို့လည်း အချိန်မရဘူး။ သူတစ်ပါးကို၊ ကူညီဖို့၊ ပြုစုဖို့ အချိန်ယူချင်ယူမယ်။ ကိုယ့်အတွက်၊ သူတစ်ပါး . . . အလုပ်မရှုပ်စေချင်ဘူး။

ဟိုးအောက် တစ်တိုက်ကျော်မှာ၊ မေမေနဲ့ နှမတစ်ယောက်ရှိတယ်။ တစ်မြို့နယ်ခြားလောက်မှာ၊ အစ်မ, ဝမ်းကွဲတစ်ယောက် ရှိတယ်။

ကျွန်တော် နေမကောင်းဖြစ်ရင်၊ ကျွန်တော် ဖုန်းဆက်မှ သူတို့သိတာ။ ကျွန်တော်က,လည်း နေကောင်းတော့မှ၊ ဖုန်းဆက်ပြောပြနေကျ။

စာသင်တဲ့အခါတောင်၊ ရင်ဘတ်ဖိပြီး သင်ခဲ့ရတာတွေ ရှိတယ်။ ကျွန်တော် နေမကောင်းဘဲ စာသင်နေရတယ်ဆိုတာ၊ စာသင်သားတွေ၊ တစ်ယောက်မှ မသိဘူး''

''ဆရာရယ်''

''မသနားနဲ့ မစမ်းစမ်းစိုး၊ အနားမှာ အဖော်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ။

သေခါနီးအချိန်မှာ ဝေဒနာကို ရင်ဆိုင်ရမယ့်







www.burmeseclassic.com

www.burmeseclassic.com

သတိဉာဏ်ကို၊ ဘယ်အဖော်က,မှ၊ ဆောင်ရွက်ပေး

လို့ မရဘူး။ ယပ်ကလေးခပ်၊ ရေလေးတိုက်၊ ဆေး

လေးတိုက်ရုံတော့၊ ရချင်ရမှာပေါ့။

တကယ့်. ရင်ဆိုင်ရမယ့် ... အသိဉာဏ်

သတိစွမ်းအားကိုတော့၊ ကိုယ့်ဘာသာ ... ကိုယ်

ပြင်ဆင်ထားမှ ရတာ။

အဲဒါကြောင့်၊ တစ်ယောက်တည်းပဲ ... လို့

ပြတ်ပြတ်သားသား၊ သတ်မှတ်ထားမှ၊ သေခြင်းကိုပဲ

ရင်ဆိုင်ရင်ဆိုင်၊ နာခြင်းကိုပဲ ရင်ဆိုင်ရင်ဆိုင်၊

လောက,ကိုပဲ ရင်ဆိုင်ရင်ဆိုင်၊ ပိုပြီး သတ္တိရှိတယ်

မစမ်းစမ်းစိုး''

''...''

(သက်ပြင်းချသံ)။

''မစမ်းစမ်းစိုး သတိထားမိရင်၊ သိမှာပါ။ လူ

သေထည့်တဲ့ အခေါင်းတွေကို၊ နှစ်ယောက်စာ ပူးပြီး

လုပ်ထားတဲ့ အခေါင်း၊ တစ်ခုမှ ကျွန်တော် မမြင်ဖူး

ဘူး။

အဲဒါကို၊ သူတော်ကောင်းကြီးတွေရဲ့၊ သံဝေ





လက်ာစကားနဲ့ ပြောပြရရင်၊ လာတုန်းက,လည်း

တစ်ယောက်တည်း။ ပြန်သွားတော့လည်း တစ်

ယောက်တည်း။

ဒါ ... မသိချင်ယောင်ဆောင်ပြီး, ကျောခိုင်း

ထားလို့ရတဲ့ကိစ္စ မဟုတ်ဘူး။

သိသိကြီးနဲ့၊ မျက်နှာချင်းဆိုင်။ ထိပ်တိုက်

တိုးရမယ့်ကိစ္စ။

ကြောက်တယ် ... ဆိုပြီး၊ လက်ကာရုံနဲ့

လွတ်သွားမယ့်ကိစ္စ မဟုတ်ဘူး''

''ကျွန်တော် ... ဆရာ့ကို စိတ်မချဘူး''

''ကျွန်တော်က ...၊ မစမ်းစမ်းစိုးကိုလည်း၊

စိတ်မချဘူး။ အားလုံးကိုလည်း၊ စိတ်မချဘူး''

''ကိုယ့်ကိုယ်ကိုယ်တော့ စိတ်ချတယ်ပေါ့။

ဟုတ်လား ဆရာ''

''ဟုတ်တယ်။ လက်နက်ခဲယမ်း မပြည့်စုံရင်

တောင်၊ ရင်ဆိုင်ရဲတဲ့ သတ္တိက,တော့၊ တစ်ပြားမှ

မလျော့ဘူး''

''အားလုံးဆိုတာ၊ ဘယ်သူတွေကို ပြောထား


www.burmeseclassic.com

www.burmeseclassic.com

လဲ . . . ဆရာ"

"ကြောက်တတ်တဲ့ ဘယ်သူ့ကိုမဆို ဖြေတာပေါ့"

"ကျွန်တော့်ကိုရော၊ ဘာဖြစ်လို့ စိတ်မချတာလဲဟင်"

"ဒီ . . . အရွယ်မှာတောင်၊ အဖေက လာကြိုနေရသေးတယ်ဆိုကတည်းက၊ အဲဒါ . . . သူတစ်ပါးအားကိုးတဲ့ အခြေအနေပဲ။

သူတစ်ပါးပဲ အားကိုးနေတဲ့သူဟာ၊ အရေးကြီးတဲ့ ကိစ္စတိုင်းမှာ၊ သူတစ်ပါးရဲ့ နောက်လိုက်ပဲ ဖြစ်မယ်။

ရှင်နေတုန်းလည်း၊ သူများအားကိုး၊ သေသွားပြီးတော့လည်း၊ ဘာအားကိုးရမှန်း မသိဘူးဆိုရင် အခု ရတဲ့ ခန္ဓာကိုယ်လေးက၊ မီးသင်္ဂြိုဟ်ဖို့၊ မြေမြှုပ်သင်္ဂြိုဟ်ဖို့အတွက်၊ အာဟာရ မှီဝဲနေရုံလောက်ရှိတော့မှာပေါ့။

အလုံးစုံအတွက်၊ အချိန်တိုင်း စိတ်မချဘူးဆိုပါတော့"





"ဆရာက . . . ကျွန်တော့်ကို၊ ပစ်မထားနဲ့ပေါ့"

"ကိုယ့်ကိုယ်ကိုယ်တောင် ပစ်ထားတာ ကြာပြီ"

". . . ။ . . ."

(ရယ်သံ)။

"ဆရာ"

"ပြော"

"မနက်ပိုင်း ဖုန်းဆက်လို့ရော . . . ရလားဟင်"

"ကိုးနာရီထိုးမှ ဘုရားခန်းက . . . ထွက်တယ်"

"ကျွန်တော်က၊ အဲဒီ့အချိန်ကျမှ၊ ကျောင်းသွားမှာ။ ဆရာ နေကောင်း၊မကောင်း သိချင်ရင်၊ ဆက်မယ်နော်"

"ဟုတ်ကဲ့။ အဆောင်မှာ . . . ဖုန်းရှိတာလား"

"မရှိဘူး။ သူငယ်ချင်း ဖုန်းကို၊ ယူသုံးနေတာ။ သူက ကူညီတာပေါ့။


www.burmeseclassic.com

www.burmeseclassic.com

သူ့နာမည်က . . . ခင်ခင်ထိုက် . . တဲ့၊ ဆရာနဲ့ မိတ်ဆက်ပေးခွင့်ရှိလား''

''. . .''

''မပေးရဘူးလား ဟင်''

''လူ အများကြီးနဲ့ ကျွန်တော် မခင်ချင်ဘူး။ ဒါပေမဲ့ . . . မစမ်းစမ်းစိုး မိတ်ဆွေ။ ကျွန်တော့် မိတ်ဆွေပေါ့''

''ကျေးဇူးပဲ ဆရာ''

''ကျွန်တော် ထမင်းစားတော့မယ်''

''ဟာ . . . မစားရသေးဘူးလား''

''အင်း''

''ဒုက္ခပဲ။ ဆရာ . . . အချိန်မှန်မှန် စားပါ''

''ကြိုးစားပါ့မယ်''

''. . .''

''. . . ။ . . .''

❋ ◆ ❋



[၁၄]

''. . .''

''ကျွန်တော် မစမ်းစမ်းစိုးနဲ့ စကားပြောချင်လို့ပါ''

''သြော် . . .၊ အစ်ကိုရေ . . . ။ စမ်းစမ်းစိုး အိပ်သွားပြီ။ နေ သိပ်မကောင်းဘူး ထင်တယ်။ နှိုးပေးရမလားဟင်''

''ဟာ။ မနှိုးပါနဲ့။ ကျွန်တော် နောက်မှ ပြန်ဆက်ပါ့မယ်။ အခု . . . ပြောတာ၊ ဆရာမ ခင်ခင်ထိုက်လား ခင်ဗျ''


www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ် အစ်ကို"

"ဪ . . .၊ တွေ့ရတာ ဝမ်းသာဝါတယ် ဆရာမ။ ကျေးဇူးလည်း တင်ပါတယ်နော်"

"ရပါတယ် အစ်ကို။ စမ်းစမ်းစိုး နိုးရင် ပြော ပေးပါ့မယ်နော်။

အစ်ကိုလည်း အားရင် . . .၊ ကျွန်မတို့ဆီ အလည်လာလေ"

"ဟုတ်ကဲ့ . . .၊ ကျွန်တော် ကြိုးစားပါ့မယ် ဆရာမ,ကရော . . . မော်လမြိုင်ကပဲလား"

"ဟုတ်ပါတယ်"

"သောကြာနေ့၊ မစမ်းစမ်းစိုးနဲ့၊ အိမ် အတူ ပြန်ကြတာလား"

"ကျွန်မ,က မပြန်ဖြစ်တာ များတယ်။ ဒီမှာ . . .၊ စနေ တနင်္ဂနွေ စာပြသေးတယ်လေ။

စမ်းစမ်းစိုးက,တော့၊ ပြန်နေကျ။ ပြီးတော . . . ဌာနမတူဘူး။ ကျွန်မက မြန်မာစာ။

အစ်ကို လာလည်ရင်၊ ကျွန်မ ကျောင်းသာ တွေနဲ့ မိတ်ဆက်ပေးရဦးမယ်။ အစ်ကို့ကို၊ ကျွန်မ





တပည့် တော်တော်များများ သိတယ်"

"ဟုတ်ကဲ့ ဆရာမ။ ကျွန်တော် အလုပ်ပါး တာနဲ့ လာလည်ပါ့မယ်။

မနက်ကျရင် . . .၊ မစမ်းစမ်းစိုး နေကောင်း မကောင်း။ ကျွန်တော် ဖုန်းပြန်ဆက်မယ် . . . လို့ စကားပါးပေးပါနော် . . . ဆရာမ"

"ဟုတ်ကဲ့ . . .၊ ပြောပေးပါ့မယ်၊ အစ်ကို။ စိတ်ချ . . . စိတ်ချ"

◆

". . ."

". . ."

"မစမ်းစမ်းစိုး။ နေမကောင်းလို့ဆို။ အခု . . .၊ သက်သာရဲ့လား"

"နေကောင်းပါတယ် ဆရာ။ ကျွန်တော် ဖုန်း မဆက်ရင်၊ ဆရာ . . . ကျွန်တော့်ကို၊ ဖုန်းဆက်,


www.burmeseclassic.com

www.burmeseclassic.com



မဆက် သိချင်လို့ နေမကောင်းဘူး ... လို့ တမင် ပြောခိုင်းထားတာပါ ... ဆရာ''

''သြော်''

''စိတ်မဆိုးပါနဲ့ ဆရာ''

''မဆိုးပါဘူး။ နေကောင်းတယ် ... ဆိုတာ သိရလို့။ ကျွန်တော် စိတ်,ချမ်းသာပါတယ်''

''ကျွန်တော် မေးပါရစေ ဆရာ''

''မေး''

''ကျွန်တော့်ဆီကို၊ ဆရာ ... ဘာဖြစ်လို့၊ ဖုန်းဆက်တာလဲဟင်''

ကျွန်တော် မချင့်ချိန်ဘဲ ချက်ချင်း ဖြေလိုက်သည်။

''သတိရလို့''

''ကျွန်တော်က,ရော၊ အခု ... ညတွင်းချင်း၊ ဘာဖြစ်လို့၊ ဖုန်းပြန်ဆက်တယ် ... ထင်လဲဟင်''

''ကျွန်တော် ဆက်လို့ ပြန်ဆက်ပေးတာ ဖြစ်မှာပေါ့''

''မနက်မှ၊ ပြန်ဆက်ပေးရင်၊ ရသားပဲ ဆရာ။ မနက်အထိ၊ ကျွန်တော့်စိတ်က၊ မစောင့်နိုင်





ဘူး။ နောက်ပြီး ... ဖုန်းဆက်နေကျ အချိန်ကို၊ တမင် ... မဆက်ဘဲ။ ဆရာ ... ဆက်,မဆက်၊ သိချင်တာကြောင့်။ ဖုန်းနဲ့ ... ဝေးဝေးမှာ၊ နေနေမိတယ်။

ဆရာ့ဖုန်း ... မလာပါစေနဲ့ ... လို့၊ ဆုတောင်းမိပါသေးတယ်။ ဒါပေမဲ့ ... ဆရာ့ ဖုန်းကို၊ မျှော်နေမိတယ်။

အဲဒါ ...၊ ဘာဖြစ်လို့လဲ ဆရာ''

အနားသို့၊ လာရောက် ခိုဝင်မေးမြန်းသည် ... ဟု၊ ခံစားရလေသည်။ ခေတ္တမျှ၊ နှစ်ဖက်အသံ တိတ်ဆိတ်သွားကြ၏။ ပြီးမှ၊ ကျွန်တော် ... စကားစ,ရသည်။

''ဘာဖြစ်တာလဲ။ ဘာကြောင့်လဲ ... ဆိုတဲ့၊ မေးခွန်းလေး တစ်ခု, နှစ်ခုအတွက်၊ တိကျတဲ့၊ အဖြေက၊ တစ်ခွန်း, နှစ်ခွန်းပါပဲ မစမ်းစမ်းစိုး။

ဒါပေမဲ့ ...,

ဆယ်ကျော်သက်တွေ၊ မဟုတ်ကြတဲ့ ကျွန်တော်တို့နှစ်ယောက်စလုံးအတွက်၊ တိကျတဲ့အဖြေစကားရဲ့ ... ရှေ့မှာ။



www.burmeseclassic.com

www.burmeseclassic.com

မောင်လှမျိုး (မှန်ဝေနှာင်းမှိ)

နောက်မှာ . . .။

နိုင်လုံတဲ့ အကြောင်းအရင်းတွေ၊ သိ,မြင် သုံးသပ်၊ ဆွေးနွေးရမယ့် အခြေအနေတွေ၊ အများကြီးပဲ၊ ရှိနေတယ် . . . လို့၊ ကျွန်တော် မြင်တယ်''

''ကျွန်တော့် မေးခွန်းကို၊ ရေလာ မြောင်းပေး စကား . . . လို့၊ ဆရာ ထင်သလားဟင်''

''ကိုယ့်ကိုယ်ကိုယ် ထင်မိရင်တောင်၊ အဲဒီလို မထင်ပါနဲ့ မစမ်းစမ်းစိုး။

သတိရ . . . လို့ ဆိုတဲ့ စကားကို၊ ကျွန်တော် အရင်, ပြောထွက်ခဲ့တာပါ''

''တစ်ပြိုင်တည်း၊ သတိရနေတာဆိုရင်ရော . . .။ ဆရာ . . . အရင် သတိရနေတာပါ . . . ဆိုပြီး ရှေ့က . . . နေရာ၊ ဦးမှာလား''

''မစမ်းစမ်းစိုးက၊ တန့်ပိုးထားအပ်တဲ့ မြန်မာမိန်းကလေးဆိုတာ၊ ကျွန်တော် သတ်မှတ်ထားပြီးသားဖြစ်တဲ့အတွက်၊ တစ်ယောက်နဲ့တစ်ယောက် တစ်ပြိုင်တည်း သတိရနေတယ် ဆိုရင်တောင်၊ သတိရတဲ့ ဦးဆောင်စကားကို၊ ကျွန်တော်က,ပဲ၊ အရင်



. . . ဝေးရတဲ့ . . . ကဲ

ဦးအောင် ပြောရလိမ့်မယ် မစမ်းစမ်းစိုး။

ဦးဆောင် သတိရစကားကို၊ အရင် ပြောချင်နေမိခဲ့ရင်တောင်၊ အဲဒီ့ စိတ်ဆန္ဒကို၊ မြန်မာဆိုတဲ့ မိန်းမသားစိတ်နဲ့ လွှမ်းခြုံပြီး၊ ကျွန်တော့်ကိုသာ၊ ဦးစားပေးပါ . . . မစမ်းစမ်းစိုး။

ဘဝ . . . တစ်သက်တာလုံးအတွက်၊ သတိရ . . . လို့ ဖုန်းဆက်တာပါ . . . ဆိုတဲ့၊ စကားကို၊ ကျွန်တော်က, အရင် . . . ပြောခဲ့သူ . . . လို့ သတ်မှတ်ပေးပါ မစမ်းစမ်းစိုး''

''ကျေးဇူးတင်ပါတယ် . . . ဆရာ။ ချောက်ကမ်းပါးနဲ့ပဲ တွေ့တွေ့။ တောင်ထွတ်နဲ့ပဲ တွေ့တွေ့။

ရှေ့ကို တိုးထွက်တော့မယ့်၊ မြန်မာမိန်းကလေးတစ်ယောက်ရဲ့၊ ရှေ့က,နေ၊ နေရာ . . . လုဦးဆောင်ပေးလိုက်တဲ့၊ ဆရာ့ရဲ့၊ စိတ်ထားကို၊ ကျွန်တော် ဦးညွှတ်ပါတယ် . . . ဆရာ။

လေးစားတယ် . . . ဆိုတဲ့ စကားထက်၊ ပိုပြီး ပြောတတ်ချင်ပါတယ်''

''အမှုအရာကိုတောင်၊ ချွေတာ ထိန်းသိမ်း



www.burmeseclassic.com

www.burmeseclassic.com


လေ့ရှိတာ၊ မြန်မာ မိန်းမသားတွေရဲ့ ဓလေ့တန်ဖိုး ပါ . . . စမ်းစမ်းစိုး။

စကားသံ ကျယ်ကျယ်ပြောရင်၊ ဥပဒေပုဒ်မ နဲ့ အရေးယူခံရမယ်လို့ ပြဋ္ဌာန်းထားတာ မရှိပေမယ့် မြန်မာ မိန်းကလေးရဲ့, နှုတ်ထွက်စကားသံပဲဖြစ်ဖြစ် ရင်တွင်းစကားသံပဲဖြစ်ဖြစ်၊ ဘယ်တုန်းက,မှ မကျယ် လောင်ခဲ့ကြပါဘူး မစမ်းစမ်းစိုး။

ကျယ်လောင်ဟစ်ကြွေးနေမိကြတယ် ဆိုရင် လည်း အဲဒါ . . . မိရိုးဖလာ ဓလေ့တန်ဖိုးကို၊ ရှုးစမ်း ဖို့၊ မေ့လျော့ခဲ့တဲ့. ဝန်းကျင်အသိုင်းအဝိုင်းမျိုးက ဆင်းသက်ခဲ့သူပဲ ဖြစ်လိမ့်မယ်''

''ဟုတ်ကဲ့ပါ ဆရာ''

''အဲဒီတော့ . . .၊ မစမ်းစမ်းစိုးက၊ အခု လော လောဆယ်၊ ကားတစ်စီးကို မောင်းနေသူဆိုရင် . . .၊

ကလပ် . . . နင်း။ ဂီယာ . . . မြှင့်။ လီဗာကို အဆုံးနင်းပြီး မမောင်းပါနဲ့ . . . ဦး။ အရှိန် ခဏလျှော့ ထားပါ . . . လို့၊ ကျွန်တော် တောင်းဆိုပါတယ်''

''ဘာဖြစ်လို့လဲဟင်''



''လီဗာ အဆုံးအထိ၊ စ,နင်းတဲ့ သူဟာ လည်း၊ ကျွန်တော်ပဲ ဖြစ်ချင်လို့ပါ။

တိုက်ရိုက် ပြောရရင်၊ နံပါတ်တစ်၊ ကျွန်တော့် . . . ကိုယ်ရေးကိုယ်တာ၊ ကိစ္စကို၊ ပြောပြပါရစေ။

နံပါတ်နှစ်၊ ကိုယ်ရေးကိုယ်တာ . . . ပြောပြ ပြီးရင်၊ ဘဝရဲ့ . . . အရေးတကြီးကိစ္စကို၊ အသက် အရွယ်နဲ့ ညီညီမျှမျှ၊ ပြောပြ ဆွေးနွေးချင်လို့ပါ''

''ကျွန်တော် နားထောင်ပါ့မယ် ဆရာ''

''. . .''

''. . .။. . .''


www.burmeseclassic.com

www.burmeseclassic.com

သံယောဇဉ်ဆိုတာ
နာမည်လှတဲ့ ဝဋ်ကြွေး တစ်မျိုးပဲ၊

www.burmeseclassic.com

www.burmeseclassic.com

[၁၅]

"နင် . . . ငါ့ကို စော်ကားနေပြီ မြနှင်းဆီ။ ဒီ . . . အသိဉာဏ်နဲ့ဆိုရင်၊ ငါ့ ဘေးနားမှာ . . . နင် နေလို့၊ မဖြစ်ဘူး"

"ဟုတ်တယ်။ နေလို့ မဖြစ်ဘူး။ နေလို့, မရ တော့ဘူး။ စိတ်ချ။

ကျွန်မက,လည်း၊ ဒီလောင်းရိပ်အောက်မှာ၊ ဘာ အပွင့်မှ ပွင့်မှာ မဟုတ်ဘူး"

. . . စသည်ဖြင့်၊ ကျွန်တော့် အိမ်ထောင်ရေး ပြိုကွဲမှုကိစ္စကို၊ စမ်းစမ်းစိုးအား၊ ကျွန်တော် ပြောပြဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ပြောပြတာကို၊ ကျေးဇူးတင်ပါတယ် ဆရာ။ ကြားရတာလည်း၊ စိတ်မကောင်းပါဘူး။

အဲဒီ့ကိစ္စမှာ၊ ဘယ်သူ့မှာ အပြစ်ရှိသလဲ . . . လို့၊ ဝေဖန်ကြည့်ဖူးသလား ဆရာ"

"နာမည်တောင်၊ မလိုအပ်ဘဲ၊ မကြားချင် မပြောချင်လောက်အောင်၊ မေ့ထားပြီးခဲ့ပြီပဲ။

မှားတာ မှန်တာတောင်၊ မဝေဖန်တော့ပါဘူး။ ကံကုန်တယ် . . . လို့ပဲ၊ နှလုံးသွင်းခဲ့တာပါ"

"ကံ . . . ဆိုတာ၊ အပြုအမှုပဲလေ . . . ဆရာ။ အတိတ်က ဆုံဆည်းစရာ အကြောင်း . . . ကံ၊ ကုန် သွားတာပါ . . . ဆိုရင်တောင်၊

ပစ္စုပ္ပန် . . . ကံ၊ အားနည်းချက်လည်း၊ ပါနိုင် တာပဲလေ။ ပစ္စုပ္ပန် . . . ကံ အနေနဲ့ရော၊ ဘယ်သူ မှားတယ် . . . လို့၊ ဆရာ သုံးသပ်ခဲ့သလဲဟင်"

"ကျွန်တော် မှန်တယ် . . . လို့၊ ပြောရင် လည်း၊ တစ်ဖက်သား၊ မှားတယ် . . . ဆိုတဲ့ အဓိပ္ပာယ် သက်ရောက်သွားနိုင်တယ်။

တကယ် တွေးမိသလောက် ပြောရရင်တော့





သူ . . . , ဉာဏ်နည်းတာပါပဲ။ ကျွန်တော် ပြောပြ နှလုံးသွင်းစေချင်တဲ့၊ စိတ်နှလုံးမျိုးနဲ့၊ နေထိုင်နိုင် လောက်တဲ့ . . . ဉာဏ်၊ သူ့မှာ နည်းပါးသွားတာနဲ့ တူတယ်"

"ကျွန်တော် ဝေဖန်ကြည့်မယ်နော်၊ ဆရာ့ကို အပြစ်ဖို့သလို ဖြစ်ရင်၊ စိတ်ဆိုးမှာလား"

"မဆိုးပါဘူး"

"မိန်းမသားဆိုတာ၊ လိမ်ပြောနေမှန်းသိရင် တောင်၊ ချိုသာတဲ့ မုသားစကားလေးတွေကို၊ နားဝင် ချိုတတ်တယ် . . . ဆိုတာ၊ ဆရာ . . . သတိမပြုမိ တာ၊ ဖြစ်မယ်"

"ဩော်"

"နောက်ပြီး၊ သူ . . . ဉာဏ်နည်းတာပါ ဆို ရင်တောင်၊ ဉာဏ်နည်းတဲ့သူကို၊ ဒီ . . . လို နှလုံး သွင်း ဆင်ခြင်နိုင်းလို့တော့၊ မရနိုင်ဘူး။ တခြား နည်း တစ်ခုခုနဲ့၊ သင့်တင့် အေးချမ်းအောင်၊ ပြောပြသင့် တယ် . . . လို့၊ သုံးသပ်ရမယ့်, ဆရာ့ရဲ့ . . . ဉာဏ် အင်အား၊ နည်းခဲ့တာရော . . . ၊ မဖြစ်နိုင်ဘူးလား



www.burmeseclassic.com

www.burmeseclassic.com



ဆရာ''

''ဟာ ...။ မစမ်းစမ်းစိုး။ တော်လိုက်တာ။

ကျွန်တော့်၊ ချွင်းချက်ကို၊ ထောက်ပြလိုက်သလိုပါပဲ။

ဟုတ်တယ် ... ဟုတ်တယ်။ ငါ ... ပြောတာကို ... သိ ဆိုတဲ့၊ ဉာဏ်ပဲ ရှိပြီး၊ ငါ ... ပြောတာ သိနိုင်ပါ့မလား ... ဆိုတဲ့ ဉာဏ်၊ ကျွန်တော့်မှာ နည်းခဲ့တာပဲ။ အင်း ..., အခုမှ၊ အဲဒါ ... တွေးမိပါတယ် မစမ်းစမ်းစိုးရယ်။

အင်း ...,

ကျွန်တော် ... ဘယ်လိုမှန်မှန်။ ဉာဏ်နည်းခဲ့တာ၊ ကျွန်တော်ပဲပေါ့။ အခုလို ထောက်ပြတာ၊ ကျေးဇူးတင်ပါတယ်''

''ကျွန်တော် ဆရာလုပ်တာ မဟုတ်ဘူးနော်''

''ကျွန်တော် သိပါတယ်။ သူတစ်ပါး ဉာဏ်နည်းတာကိုပဲ၊ သိပြီး၊ ကိုယ် ... ကိုယ်တိုင် ဉာဏ်နည်းတာကို၊ သတိမမူတဲ့သူကို၊ သတိပေးလိုက်တယ် ... ပဲ၊ ယူဆ,ပါတယ်။





ပြန်ဆုံစည်းစရာ မရှိတော့ပေမယ့်၊ ကိုယ့်ကိုယ်ကိုယ် မှန်တယ်ထင်နေတဲ့၊ အ,ကုသိုလ်၊ ကင်းသွားရလို့၊ တကယ် ... ကျေးဇူးတင်ပါတယ် မစမ်းစမ်းစိုး''

''အားနာနာနဲ့၊ ပြောပြမိတာပါ ဆရာ''

''မှန်တာပြောဖို့၊ အားမနာပါနဲ့''

''ခုနက ...၊ အကြောင်းကို၊ ကျွန်တော် သိဖို့,လို့လို့၊ ဆရာ ပြောပြတာလားဟင်''

''လိုလို့ ပြောပြတာပေါ့။ ကျွန်တော်က မစမ်းစမ်းစိုးကို၊ သတိရလို့၊ ဖုန်းဆက်မိတာလေ။

ဘာကြောင့် သတိရတယ် ... ဆိုတဲ့၊ အခြေအနေမှန်ကို၊ ပြောပြဖို့၊ ပြောသူရဲ့ ... အတိတ်ကာလ, အခြေအနေဆိုးကိုလည်း၊ ခင်းကျင်းပြသ,ဖို့လိုတယ်။ အဲဒါကြောင့် မပြောချင်တော့တဲ့အကြောင်းကို၊ သိထားစေချင်ရုံတစ်ခုတည်းကြောင့်၊ ပြောပြမိတာ''

''...''

''တစ်ပြိုင်တည်း သတိရနေမိကြရင်တောင်၊



www.burmeseclassic.com

www.burmeseclassic.com



အရင်ဆုံး သတိရစကားပြောတဲ့သူက၊ ကျွန်တော်ပါ။

လူ . . . ဆိုတာ၊ အနာဂမ်ကြီးတွေ၊ ရဟန္တာကြီးတွေက, လွဲလို့ သံယောဇဉ်စိတ် ရှိတတ်ကြတာပဲ။

တကယ်တော့ . . . ,

သံယောဇဉ်ဆိုတာ . . . နာမည်လှတဲ့, ဝဋ်ကြွေးတစ်မျိုးပဲ။

အဲဒီ . . . အနှောင်အဖွဲ့တွေ၊ ရှုန်းမထွက်နိုင်သူ မှန်သမျှ၊ သံယောဇဉ်ဒဏ်ကို၊ ရင်စည်းပြီး ခံကြရမှာပဲ။

သတိရတယ် . . . ဆိုတာ၊ သံယောဇဉ်ကို အခြေခံပြီး၊ ပေါ်ထွက်လာလေ့ရှိတဲ့၊ အပူငွေ့လေးတစ်ခုပေါ့။

အဲဒီ အပူငွေ့လေးကို၊ မညှာမတာ နာမည်ပေးရရင်တော့ . . .၊ ကိလေသာ . . . လို့ ခေါ်တာပေါ့။ နောက်ထပ်,

လှလှလေး နာမည်ပေးရရင်တော့၊ အချစ် . . . ပေါ့ဗျာ။ သံယောဇဉ်ကို၊ အခြေပြုပြီး၊ သတိ





စိတ် ဖြစ်နေမိတာ၊ မစမ်းစမ်းစိုးကို၊ ကျွန်တော် ချစ် . . . လို့ပါ။

မစမ်းစမ်းစိုး ကျွန်တော့်ကို၊ သတိရနေတာပါ . . . ဆိုရင်လည်း၊ မိန်းမသားဖြစ်တဲ့အတွက်၊ အချစ် . . . လို့၊ ဘာသာ မပြန်ပါနဲ့။ သံယောဇဉ် . . . လို့သာ၊ ခေါ်တွင်ပါ။

ကျွန်တော်က,တော့၊ ရှေ့က, ဦးပြီး၊ သတိရစိတ်ကို၊ အချစ်လို့၊ ဘာသာပြန်လိုက်ပါပြီ မစမ်းစမ်းစိုး။ ကျွန်တော် မစမ်းစမ်းစိုးကို၊ ချစ်တယ်''

''ဆရာ . . . ကျွန်တော် ငိုချင်တယ်''

''မငိုပါနဲ့ မစမ်းစမ်းစိုး။ အထူးသဖြင့်, ကျွန်တော့်ကြောင့်၊ ဘယ်တော့မှ . . . မငိုပါနဲ့''

''ကျွန်တော် ဆရာ့ကို၊ တွေ့ချင်တယ်''

''အတူတူပါပဲ။ အလုပ်တွေ . . . များလို့၊ မလာအားတာပါ။ ကျွန်တော့် ချစ်စကားကို၊ လက်ခံဖို့, လက်မခံဖို့၊ စဉ်းစားချင်သေးလားဟင်''

''ကျွန်တော် မပြောတတ်ဘူး . . . ဆရာ။ ကျွန်တော် ပြောတတ်တာ တစ်ခုတော့၊ ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က ... ဆရာ့ကို ပြန်မချစ်ဘူး ဆိုရင်တောင်၊ ဆရာ့ ချစ်ခြင်းမေတ္တာကို လှည့်ပစ်မယ့် သူ မဟုတ်ပါဘူး။ ကျွန်တော် တစ်သက်လုံး သိမ်းထားမှာပါ''

''အဲဒီ စကားအတွက်၊ ကျေးဇူးတင်ပါတယ် ... မစမ်းစမ်းစိုး။

လောက, နိယာမအရ၊ အမေးရှိရင်၊ အဖြေရှိရတယ်နော်။

ကျွန်တော် မစမ်းစမ်းစိုးကို၊ သိပ် ... ချစ်တယ်။ ဒီဘဝ, ဒီခန္ဓာကို၊ မက်မောစိတ် တစ်ခုတည်းနဲ့ ချစ်တာ မဟုတ်ဘူး။

ဘဝ ... သံသရာ ငြိမ်းအေးစေချင်တဲ့အထိ၊ စေတနာစိတ် ကြီးကြီးမားမားနဲ့ ချစ်တာပါ။

သံသရာ မငြိမ်းခဲ့ရင်တောင် သံသရာအဆက်ဆက်၊ မြတ်မြတ်နိုးနိုးနဲ့ ချစ်သွားချင်ပါတယ်။

မစမ်းစမ်းစိုးအနေနဲ့ရော ...၊ ကျွန်တော့်ကို ချစ်နိုင်ပါ့မလား''

''အဖြေ ပေးရမှာလား ဆရာ''





''မပေးချင်လို့လား မစမ်းစမ်းစိုး''

''ဟုတ်ဖူး။ သူများတွေက, စဉ်းစားပြီးမှ၊ အဖြေပေးကြတာ၊ ကြားဖူးတယ်''

''ကျွန်တော့်အပေါ်၊ မစမ်းစမ်းစိုးက၊ စဉ်းစားစရာ ရှိနေသလား''

''ဟင့်အင်း''

''အခု ... ပြုပ်သီးစားရင်၊ အခု စပ်မှာလား၊ နောက်မှ စပ်မှာလား''

''အခု ... စပ်မှာ''

''အခု ...၊ ချောကလက်လေး စားရင်ရော၊ အခု ... ချိုမှာလား၊ နောက်မှ ချိုမှာလား''

''အခု ချိုမှာပါ''

''အခု ... စားစား။ ဘယ်တော့ စားစား။ ချိုမယ့်အတူတူ၊ စပ်မယ့် အတူတူ၊ စပ်တာ ဟုတ်ရဲ့လား။ ချိုတာ ဟုတ်ရဲ့လား ... လို့ စဉ်းစားဦးမယ် ဆိုရင်၊ အချိန်ကုန်တာပဲ အဖတ်တင်မှာပေ့ါ။

အခုလည်း ... ချစ်တယ်၊ နောင်လည်း ... ချစ်မယ်လို့၊ သိနေတယ် ဆိုရင်တော့၊ အခုပဲ ချစ်


www.burmeseclassic.com

www.burmeseclassic.com

တယ် ... လို့ ပြောစေချင်ပါတယ် မစမ်းစမ်းစိုး။

အခုလည်း ... မုန်းတယ်၊ နောင်လည်း ... မုန်းမယ်ဆိုရင်လည်း ... အခုပဲ မုန်းတယ်လို့ ပြောပါ မစမ်းစမ်းစိုး။ ဒါမှ ... မဟုတ်၊ ချစ်၊မချစ် မသေချာသေးရင်တော့၊ အစဉ်အလာအရ ... စဉ်းစားခွင့် ရှိပါတယ်''

''ကျွန်တော် ... နည်းနည်း ကြောက်တယ် ဆရာ''

''ကျွန်တော့်ကို၊ ကြောက်တာလား''

''အိမ်ကို ကြောက်တာပါ ... ဆရာ။ အိမ်က ... ကျွန်တော့်ကို၊ အခုထိ၊ ကလေးပေါက်စ လေးလို့၊ သဘောထားနေကြတာ''

''အင်း။ မိဘ အမြင်မှာ သားသမီးတိုင်းက၊ ကလေးပဲ ... လေ။ မစမ်းစမ်းစိုး အသက်ဘယ်လောက် ရှိပြီလဲ''

''သုံးဆယ့်လေး''

''မိဘနဲ့ တိုင်ပင်မယ်ဆိုလည်း သင့်တော်ပါတယ်''





''လောလောဆယ် မတိုင်ပင်ရသေးဘူး''

''ဒါဆိုလည်း ... ဖြည်းဖြည်းမှပဲ၊ ဖြေပါ''

''အခု ... ဖြေပါ့မယ် ဆရာ''

''ကျေးဇူးတင်ပါတယ်''

''ဖြေပြီးရင် ...၊ ဖုန်းချပါရစေနော်''

''အဆင်ပြေသလို၊ ဆောင်ရွက်ပါ''

ကျွန်တော် ... စိတ်လှုပ်ရှားစွာ၊ နားစွင့်သည်။

''ချစ်ပါတယ် ... ဆရာ''

''...''

''...''

အသံလှိုင်း ပြတ်တောက်သွားသည်။

ကျွန်တော့်ရင်ခွင်တွင်၊ လှိုင်းခတ်လျက်၊ ကျန်ရစ်ခဲ့၏။

❄ ◆ ❄



www.burmeseclassic.com

www.burmeseclassic.com

[၁၈]

ကျွန်တော့်မှာ ... ချစ်သူတစ်ယောက် ရှိနေပြီကို၊ မိခင်မှ အစ၊ ကျွန်တော့် အသိုင်းအဝိုင်း တစ်ခုလုံး သိသွားကြလေပြီ။

"ဆရာ့ ချစ်သူက၊ သမီးတို့ မော်လမြိုင်ကဆို၊ ဟုတ်လား"

...ဟု၊ မော်လမြိုင်မှ၊ ကျောင်းသူလေး ဟေမာန်နှင့်တကွ၊ သူ့သူငယ်ချင်းတွေပါ ... ဖုန်းဆက် မေးမြန်းကြသည်။

ကျွန်တော်က,လည်း၊ ကြည်နူးပျော်ရွှင်စွာ၊ သူတို့လေးတွေ၏အမေးစကားကို၊ ရှယ်တူများပမာ သဘောပိုက်ကာ၊ ရင်းရင်းနှီးနှီး ပြေဆို ပြောပြဖြစ်၏။

◆



www.burmeseclassic.com

www.burmeseclassic.com



စမ်းစမ်းစိုး ရန်ကုန်လာစဉ်က၊ ရွှေတိဂုံစေတီသို့ အရင် ပို့ပေးဖြစ်သည်။

ပြီးနောက် ထွန်းဦးနှင့် မိတ်ဆက်ပေးသည်။ ကျွန်တော့်အစ်မ မတင်တင်အုန်းနှင့် မိတ်ဆက်ပေးသည်။ ကျွန်တော့်နှမ, တွယ်တာ ဦးနှင့် မိတ်ဆက်ပေးဖြစ်သည်။

မိခင်ကိုမူ အသိပေးရုံသာ ပေးဖြစ်ခဲ့၏။ လူချင်း မိတ်မဆက် ဖြစ်သေး။

"မင်းကို၊ မကြင်နာတတ်တဲ့သူ ... နားမလည်တဲ့သူနဲ့ ထပ်,မတွေ့စေချင်ဘူး" ... ဟု၊ မေမေ့ ပြောဆိုဆုံးမ, စိုးရိမ်စကား ကြောင့်၊ ကျွန်တော် အနည်းငယ် ချင့်ချိန်ခဲ့ရခြင်း ဖြစ်၏။

မေမေ့ကို၊ စမ်းစမ်းစိုး၏ဓာတ်ပုံ အရင်ပြသည်။ ရုပ်ချော တယ် ... ဟု၊ မေမေ ပြောသည်။ မည်သည့်ကန့်ကွက်စကားမှ မကြားရ။

"မင်း ... ဘဝ,ကို၊ သူ ... နားလည်ရဲ့လား" ...ဟု အမေ မေး၏။ "နားလည်ပါတယ်" ... ဟုသာ၊ ကျွန်တော် ဖြေ သည်။





"ရန်ကုန်ကို တစ်ခါလာသွားတယ်ဆို"

"ဟုတ်တယ် မေမေ၊ သူ ... ရက်နေမှာစိုး လို့၊ မေမေနဲ့ တွေ့မပေးဖြစ်သေးတာ"

"ဒီကို၊ လာတာ မိဘ ... သိရဲ့လား"

"မသိဘူး။ မော်လမြိုင်က,နေ ... ကျောင်း ကို၊ ခွင့်တင်ပြီး ...၊ ကျောင်းတစ်ရက်အပျက်ခံပြီး ... လာတာ"

"မိဘ ... သိရင်၊ တားကြ, ဆီးကြမယ် ထင်တယ်"

"သူ ... အသက် သုံးဆယ်ကျော်ပြီ မေမေ"

"မိဘကို၊ မလွန်ဆန်ဝံ့လို့ မိဘ ... မသိအောင် လာရတာ နေမှာပေါ့" ... ဟု၊ မေမေ ပြော၏။ မိခင်စကားကို ကျွန်တော် မပစ်ပယ်။

"မင်းက ...၊ သူ့ အမှုထမ်းတဲ့ '...' မြို့ကို၊ လိုက်ပို့ခဲ့တယ်ပေါ့"

"ဟုတ်ကဲ့ ... မေမေ"

"ကိုယ့်သားသမီးကို၊ ဟိုဟာကြောင့်, ဒီဟာ ကြောင့်၊ သဘောမတူဘူးဆိုတာမျိုး၊ အပြောမခံစေ



www.burmeseclassic.com

www.burmeseclassic.com



ချင်ဘူးနော်''

''သား . . . ညှိနှိုင်းပါ့မယ် မေမေ''

''မိဘ,ချင်း ကိုယ်ချင်းစာပြီး ပြောရရင်၊ သူ့မိဘတွေက, သမီးမိန်းကလေးကို၊ အိမ်ထောင်ကွဲ တစ်ယောက်နဲ့ သဘောတူပါ့မလား''

''ညှိနှိုင်းလို့မရရင်၊ သူ့ဘာသာ ဆုံးဖြတ်မယ် . . . လို့၊ ပြောတယ် မေမေ''

''သူ တစ်ပါး ပြုပြင်ပြီးမှ ရယူပိုင်ဆိုင်ခွင့်ရတဲ့ ဘယ်အရာမဆို၊ အလုံးစုံ မပျော်ပိုက်ရဘူး။ နော် . . . သား''

ကျွန်တော် သက်ပြင်းချဖြစ်၏။

''ကိုယ်က . . .၊ လူအများ လေးစားတဲ့သူ။ ဒါကို . . . တစ်ဖက် အသိုင်းအဝိုင်းက၊ ဘုမသိ ဘ,မသိနဲ့ စိတ်နှလုံးကို၊ မခန့်မှန်းဘဲ။ မြင်သာတဲ့, အနာ အဆာကို၊ အကြောင်းပြုပြီး၊ သဘောမတူ၊ မကြည်ဖြူဘူး ပြောရင် . . .

အဝေးကနေ စော်ကားတယ် . . . ဆိုတဲ့ အထိ၊ မေမေ . . . ခံစားရလိမ့်မယ် ထင်တယ်။





ကိုယ့်သားသမီးကို ချစ်လို့ ဆုံးဖြတ်တာ။ သူ့ တစ်ပါး သားသမီးကို၊ စော်ကားသလိုမျိုး၊ တချို့ မိဘ,တွေ၊ ပြုမူမိတတ်ကြတယ်''

''သား . . .၊ အကောင်းဆုံး၊ ညှိနှိုင်းပါ့မယ် မေမေ။ တစ်ခုတော့ . . . ကြို တောင်းပန်ချင်ပါတယ်။ စမ်းစမ်းစိုး လာတဲ့အခါ၊ မေမေနဲ့ မိတ်ဆက်ပေးရင်၊ ဒီအကြောင်းအရာတွေ၊ မပြောပါနဲ့ဦး မေမေ။

သူ . . . စွန့်စားပြီး လာရတာပါ။ သား . . . မအားလွန်းလို့ သူ . . . လာတွေ့ပေးတာပါ။ အဲဒါကို . . . အားနာတဲ့အနေနဲ့၊ သား . . . သူ့ကို၊ စိတ်မနွမ်း စေချင်သေးဘူး မေမေ''

''အင်းပါ။ သားအမိချင်း ပြောတဲ့သဘောပါ။ မေမေ သူ့ကို မကြည်ဖြူဘူး ပြောတာမှ မဟုတ်တဲ''

မိခင်ကို၊ ကျေးဇူးတင်စွာ ကျွန်တော် ကန်တော့လိုက်၏။ ကျွန်တော့် အသိုင်းအဝိုင်းတစ်ခုလုံးက၊ စမ်းစမ်းစိုးနှင့် ကျွန်တော် လွန်စွာ လိုက်ဖက်တင့်တယ်ကြောင်း၊ ပြောကြသည်။ ဝမ်းမြောက်ကြသည်။

◆



www.burmeseclassic.com

www.burmeseclassic.com



. . . ဆရာ့ကို ပြောမပြဖြစ်တဲ့၊ ပြောလို့မထွက်တဲ့၊ စကားလုံးတွေ၊ ရင်ထဲမှာ အများကြီးပဲ။ အခု . . . ဒီ၊ စာမှာ၊ ကျွန်တော့်ရင်ထဲမှာ ခံစားရတဲ့ စိတ်နှလုံး အလုံးစုံကို၊ ဆရာ မြင်သာအောင် ရေးပြမှာပါ။

အကယ်၍ ဒီစာကြောင့် ဆရာ့ကို စော်ကားသလို၊ ရင်နာစေလိုတဲ့ ရည်ရွယ်ချက်၊ လုံးဝ . . . မရှိဘူးဆိုတာကိုတော့၊ အကြွင်းမဲ့ ယုံစေချင်ပါတယ်။

ကျွန်တော့်ရင်ထဲမှာ၊ ခံစားနေရတဲ့ အရာတွေကို၊ မြင်သာအောင် ဖွင့်ပြမှာမို့၊ ချစ်တဲ့စိတ်နဲ့ ဖတ်ပေးပါနော် ဆရာ။

ဆရာ့ဆီကို၊ ကျွန်တော် လာတဲ့ခရီးက၊ စ ပြောချင်ပါတယ်။ ဒီ . . . ခရီးဟာ၊ ဘဝမှာ အစွန်းစားဆုံး သွားခဲ့ရတဲ့ ခရီးပါ။

ကြောက်ရွံ့မှု (အိမ်နဲ့ပြဿနာဖြစ်မှာကိုပြောတာ) များစွာနဲ့၊ လာခဲ့ရတာပါ။ အလာခရီးတုန်းက၊ ကျွန်တော့်မျက်နှာကို ဆရာ မြင်စေချင်တယ်။ မျက်နှာ





ငယ်ပြီးတော့၊ အရမ်းကြောက်နေတယ် သိလား။ ရောက်ပြီး ဆရာ့ကို ချက်ချင်း မတွေ့တော့၊ ဘာလုပ်ရမလဲ မသိဘူး။ ကျွန်တော့်ရဲ့ ဟန်မဆောင်တတ်မှုကို ဆရာ သိသားပဲ။ တွေ့တွေ့ချင်း၊ သတိထားမိရင်၊ ကျွန်တော် မျက်နှာပျက်နေတာ ဆရာ သိလိမ့်မယ်။

နောက်တစ်ခု ကျွန်တော် စဉ်းစားမိလိုက်တာက၊ ငါ . . . လိုက်လာမိတာ မှားပြီလား၊ (သို့) ခပ်ညံ့ညံ့ မိန်းကလေး ဖြစ်သွားပြီလား။ လာမကြိုတော့ဘူးလား။

နောက်တော့ . . . ဖုန်းဆက်လိုက်တော့၊ ချက်ချင်းရတော့ ပျော်သွားတယ်။ အဲဒီမှာပဲ နေနေ၊ မစိုးရိမ်နဲ့နော် . . . တဲ့။ အဲဒီ့ စကားသံ ကြားလိုက်ရတာ၊ ဘဝတစ်ခုလုံး၊ လုံခြုံသွားတာပဲ ဆရာ။ အဲဒါ တကယ်ပါ။

ဆရာ့ကို တွေ့တော့၊ စိတ်တော့ လှုပ်ရှားတာပါပဲ။ ဒါပေမဲ့၊ လုံးဝ . . . မကြောက်လန့်ဘူး။ တကယ့်ကို၊ ကိုယ့်မိသားစုထဲက၊ ရင်းနှီးပြီးသား



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်လို့ ခံစားရတယ်။ ကျွန်တော့်ဘဝမှာ၊ ယောကျ်ားတစ်ယောက်နဲ့ နှစ်ယောက်တည်းတွဲပြီး အပြင်ကို မသွားဖူးပါဘူး။ အဲဒီလို ဝေးဝေးလံလံကို

ကားပေါ်မှာ ... ဆရာ့, ကျွန်တော့်လက်ကို ဖြန့်ကြည့်လည်း၊ ကျွန်တော် မရုန်းခဲ့ပါဘူး။ ဘာလို့လဲဆိုတော့၊ ရုန်းဖို့မလိုအောင် ရင်းနှီးနေတယ်လို့ ခံစားရလို့ပါ။

အိမ်ရာဝင်းထဲ ရောက်တော့လည်း၊ ကျွန်တော် ပတ်ဝန်းကျင်ကို မကြည့်ရဲဘူး။ ရှက်လို့၊ အိမ်ထဲ ရောက်တော့လည်း လုံးဝ မကြောက်ဘူး။ ကိုယ့်လာဖူးသွားဖူးတဲ့ အိမ်ကို၊ ရောက်ဖူးပြီးသား အိမ်လို့ ခံစားရတယ်။

ဆရာ့ကို မမေးဘဲနဲ့ ကျွန်တော် ကိုယ့်ထမင်းဗူး ကိုယ်ဆေးလိုက်တာ ကြည့်ပါလား။ ကျွန်တော် ...,ကိုယ်နဲ့ အကျွမ်းမဝင်တဲ့ ပတ်ဝန်းကျင်မှာဆို ဒါမျိုး လုံးဝ မလုပ်ဘူး။ ကိုယ့်အမျိုးအိမ်မှာတောင် စိတ်ထဲ အနှောင့်အယှက်ရှိရင်၊ ဒီအတိုင်းထားလိုက်တယ်။ အဲဒီ့ စိတ်၊ ခံစားမှုကို၊ ဆရာ နားလည်မယ်





ထင်တယ်နော်။

နောက် ...၊ ဆရာ့ ကွန်ပျူတာကို၊ ကိုယ့်ပစ္စည်းလို၊ ရင်းရင်းနှီးနှီးဖွင့်ပြီး၊ Key board ပေါ်မှာ၊ Cover အုပ်ခဲ့ပေးတယ်။ အမှန်ဆို၊ သူများ ပစ္စည်းကို၊ ဒီလို စွက်စွက်ဖက်ဖက် ကိုင်လေ့မရှိဘူး။ မောင်နှမ တစ်ဝမ်းကွဲတွေရဲ့ ပစ္စည်းဖြစ်ရင်တောင်၊ ထိလေ့ကိုင်လေ့ မရှိဘူး၊ သိလား။

နောက်တစ်ခုက၊ ကျွန်တော့်လက်နဲ့ လုပ်ပေးချင်တာလည်း၊ ပါပါတယ်။

ဆရာ ရင်ထိုးလေး ပေးတော့လည်း၊ ချက်ချင်း ယူပြီး တပ်လိုက်တယ်။ မသိဘဲနဲ့၊ ဒီအတိုင်းကြည့်ရင်၊ ပစ္စည်းမက်တဲ့ မိန်းမ,လို့ ထင်နိုင်တယ်။ ကျွန်တော့် စိတ်ထဲမှာတော့၊ အဲဒီလို ပေးတာကို၊ မိဘက, ပေးသလိုမျိုး စိတ်ထဲမှာ ဘာမှမရှိဘူး။ ယူလိုက်တယ်။ ငြင်းလည်း မငြင်းဘူး။ အပိုစကားတွေ ပြောပြီး ငြင်းဖို့ မလိုသလို၊ ကျေးဇူးတင်ပါတယ်လို့လည်း ပြောစရာ မလိုဘူး။ အဲဒီလောက်အထိ၊ စိတ်ထဲမှာ ရင်းနှီးနေတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



အရုပ်ကလေးလို သဘောထားတယ် . . . လို့ ပြောတာက၊ တစ်ခါမှ အဲဒီလို အတွေ့အကြုံ မရှိတော့၊ စိတ်ရှုပ်တာလည်း ပါတယ်။ နောက်တစ်ခုက . . . ရှေ့က,သူ့ဆီကို၊ စိတ်ရောက်သွားတယ်။ ကျွန်တော့်စိတ်ထဲမှာ၊ သူ အမြဲရှိနေတယ်။ အဲဒီကိစ္စမှာ၊ မိန်းမနဲ့ယောကျ်ား မတူနိုင်ဘူး ထင်တယ်။ ကိုယ့်ရှေ့က ဦးသူကို စိတ်ထဲမှာ . . . ထားမိတယ်၊ သူ့တုန်းက,လည်း၊ ဒီလိုကြင်နာမှာပဲ၊ ငါက . . . နောက်ဆုံးမှ အကြင်နာခံရတာပါလို့၊ အတွေးတွေက၊ ရောက်ရောက်သွားတယ်။ အဲဒါက, တကယ်တွေးတာ မဟုတ်ဘူး။ သူ့ဘာသာသူ ဖြစ်နေတာပါ။ အဲလို အတွေးရောက်သွားရင်၊ စိတ်ထဲ မကောင်းတော့ဘူးပေါ့။ ကျွန်တော့် စိတ်ထဲကို တတ်နိုင်သမျှ မရောက်နိုင်အောင် ကြိုးစားခဲ့ပါတယ်။ အဲဒီအတွက်၊ ဆရာ စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရတယ်။ တောင်းပန်ပါတယ်။

"..." ရောက်တော့လည်း၊ ကျွန်တော် တတ်နိုင်သလောက် လိုက်လျောခဲ့ပါတယ်။ ဆရာ





ပြောသလို တတ်နိုင်သမျှ၊ အရေခွံ ခွာချခဲ့ပါတယ်။ ဘဝမှာ တကယ့်ကို၊ မဟာစွန့်စားခန်းကြီးပါပဲ ဆရာ၊ အဲဒါကိုတော့ ယုံပါ။

◆

"ငါ့ နာမည်က၊ ကိုကိုအောင် ဆိုတော့၊ ကျောက်ဖြူလေးတွေ စီထားတဲ့ ရွှေရင်ထိုးလေး၊ အေ–အမှတ်အသားလေး။ သူ . . . တသင်ခန်းဝင်ရင်၊ ရင်ဘတ်မှာထိုးထားဖို့ ပေးလိုက်တာ" . . .ဟု၊ ထွန်းဦးကို၊ ကျွန်တော် ပြောပြသည်။

"အရုပ်လေးလို သဘောထားတယ် ဆိုတာ၊ မင်းက . . . ဘာလုပ် လိုက်လို့လဲ"

ထွန်းဦးက၊ ရယ်လျက် မေး၏။ ကျွန်တော်ပါ၊ ရယ်လျက်–

"အဝေးပြေး ကားဂိတ်က,နေ၊ အိမ်ကို ရောက်ရောက်ချင်း၊ ဆံပင်လေးတွေ ထိုးထိုးထောင်ထောင် ဖြစ်နေလို့၊ ခေါင်းဖြီးပေးမိတာ။ ကျွန်တော် အရုပ်မဟုတ်ဘူး . . . တဲ့။



www.burmeseclassic.com

www.burmeseclassic.com

ငါ . . . စိတ်မကောင်း တော်တော်ဖြစ်ပြီး၊ ဘာကြောင့် ဒီလိုပြောရတာလဲ၊ မနည်းမေးရတယ်။ တော်တော်ကြာမှ၊ သူ . . . ပြောပြတယ်။

ငါက,လည်း၊ သေသေချာချာ ရှင်းပြလိုက်ပါတယ်။ ရှေ့လူကို၊ နင့်လောက် မကြင်နာပါဘူး။ နင့်ကိုပဲ ကြင်နာတာပါ . . . ဆိုတဲ့ မုသားမျိုး၊ ကျွန်တော် မပြောတတ်ဘူး။

ရှေ့လူကိုလည်း၊ သေတပန် သက်တဆုံး ရည်ရွယ်ခဲ့တာပဲ။ အကြောင်းကြောင်းကြောင့်၊ ကွေကွင်းခဲ့ကြပြီးပြီ။ ပြီးသွားပြီ။ မရှိတော့ဘူး။

ရင်ထဲ, ဘဝထဲမှာ၊ မရှိတော့တဲ့ အတိတ်က, ရုပ်ပုံလွှာကို၊ အကြောင်းပြုပြီး၊ တစ်ခုခု စွပ်စွဲနေတာ၊ ခံစားနေတာဟာ ကျွန်တော့်ကို, စိတ်အနှောင့်အယှက် ပေးတာပဲ။

မရှိတော့တဲ့၊ အတိတ်ကို၊ စိတ်ညွတ်တယ် . . . ဆိုတာ၊ ပူပန်မှုတစ်မျိုးပဲ . . . လို့၊ ရှင်းပြတယ်။

မစမ်းစမ်းစိုးကိုလည်း၊ သေတပန် သက်တဆုံး ရည်ရွယ်တယ်။ ဆံဖျားက ခြေဖျားအဆုံး၊





တစ်ဘဝလုံး၊ ကြင်နာဖို့ အဆင်သင့်ပဲ။

ဟိုတစ်ယောက် ဒီတစ်ယောက်၊ ဟိုတစ်မျိုး ဒီတစ်မျိုး၊ ဖောက်လွဲဖောက်ပြန်စိတ်နဲ့၊ ကြင်နာတာ မဟုတ်ဘူး။

ဝန်ခံစရာ တစ်ခုပဲ၊ ရှိတယ်။ အခု . . . ဖြီးပေးတဲ့ ဘီးလေးက၊ ကျွန်တော် ဘယ်သူ့ကိုမှ ဖြီးမပေးခဲ့ဘူးတဲ့၊ ကျွန်တော့် ခေါင်းဖြီးပဲ . . . လို့၊ ပြောပြလိုက်မှ၊ သူ . . . စိတ်သက်သာသွားတာ''

''ဟုတ်ပါပြီ၊ ငါ တစ်ခုလောက် မေးဦးမယ်''

''မေး''

''မင်းတို့ နှစ်ယောက်က၊ တစ်ယောက်ကို၊ တစ်ယောက် ဘယ်လိုတွေ ခေါ်ဝေါ်နေကြတာလဲ''

ကျွန်တော်က . . . ရယ်လျက်။

''ငါက . . . မစမ်းစမ်းစိုးလို့ ခေါ်တယ်၊ သူက ဆရာ . . . လို့ ခေါ်တယ်''

''သူက . . . မင်းကို ဘာဖြစ်လို့၊ ဆရာ . . . လို့ ခေါ်တာလဲ။ မင်း . . . ကျူရှင်မှာ၊ လာတက်ဖူးလို့လား''



www.burmeseclassic.com

www.burmeseclassic.com

"ငါ့ ... ကျူရှင်စာအုပ်လေး တစ်အုပ်က, သူ့ အထောက်အကူ ဖြစ်ဖူးတယ်လေ။

ပြီးတော့ ... ငါက, ကျူရှင်ဆရာ။ အဲဒါကြောင့် ... ဆရာလို့ ခေါ်တာနေမှာပေါ့။ ဟိုတုန်းကတည်းက, ခေါ်နေတာပဲ"

"ဟုတ်ပါတယ်။ ဆရာ ... ဆရာ ... ခေါ်နေတော့၊ တပည့်နဲ့ ဆရာနဲ့လို၊ ဖြစ်နေမှာပေါ့ကွ"

"သူက ...၊ ငါ့ကို၊ ဘဝ တစ်ခုလုံးရဲ၊ ဆရာလို့၊ သတ်မှတ်ထားတာ"

"နားဝင်ချိုတယ်ပေါ့"

"ငါ ... နားနဲ့ မခံစားပါဘူး။ နှလုံးသားနဲ့ပဲ ခံယူတယ်။ သူက ... ကိုအောင်ကြီးလို့ ခေါ်လည်း ငါ့နှလုံးသားက, မြွတ်နိုးနေမှာပဲ"

"အဲဒါ ... မင်းတို့နှစ်ယောက်အပိုင်း။ ဘေးလူက ... သို့လော,သို့လောလေး မတွေးဖြစ်အောင် အစ်ကိုအရှယ်ပဲ၊ အစ်ကိုတို့၊ ကိုကိုတို့၊ ခေါ်နိုင်းပေါ့။ မင်းကလည်း ... အချစ်လေး, အသည်းလေး လုပ်ပေါ့"





"မလုပ်ချင်ပါဘူး။ ငါကိုယ်တိုင်က,ကို၊ သူ့ကို လေးလေးစားစား၊ ခေါ်နေတာပါ။ မစမ်းစမ်းစိုးလို့၊ ခေါ်နေရတာကိုက၊ ဘဝရဲ့, ရဲဘော်ရဲဘက်တစ်ယောက်ကို၊ တန်းတူရည်တူ ခေါ်နေရသလိုပါပဲ"

"အင်း။ တော်သေးတာပေါ့။ ကျောင်းအစ်မကြီး, ကျောင်းတကာကြီးလို့၊ မခေါ်ကြတာ။ ဟား ဟား ဟား"

ကျွန်တော် ပြုံးလျက် ...

"ပြောင်းခေါ်ဖို့တော့၊ ငါ ... ပြောဖြစ်မှာ မဟုတ်ပါဘူး။

ဒီလိုခေါ်ပါ ... လို့၊ နိုင်းမှ၊ အခေါ်ခံရတာ၊ ဗီလင် မလာဘူး။ နိုင်းလို့ လုပ်တာ၊ တကယ့် ... စေတနာ အစစ် မဟုတ်ဘူးလေ"

ထွန်းဦးက ... နှုတ်ခမ်းဖိကာ မဲ့ပြလေ၏။ ကျွန်တော် ကြည်နူးနေရသည်။

❋ ◆ ❋


www.burmeseclassic.com

www.burmeseclassic.com

[၁၇]

"ကိုကြီး . . . လို့ ခေါ်မယ်" . . . ဟု၊ စမ်းစမ်းစိုး ခွင့်တောင်း၏။ မြတ်နိုးစွာ ကျွန်တော် ခွင့်ပြုသည်။

"ကျွန်တော်က,ရော . . .၊ ဘယ်လို ခေါ်ရမလဲ။ အဲ . . . ကိုကြီးက, ဘယ်လို ခေါ်ရမလဲ၊ စိုးစိုး . . . လို့၊ ခေါ်ရမလား"

"အိမ်မှာ . . . စိုးစိုးလို့ ခေါ်ကြတာ"

"ဒါဆို . . . စိုး . . . လို့ပဲ၊ ခေါ်မယ်။ ခေါ်ရမလား"

"မစမ်းစမ်းစိုး . . . လို့၊ ခေါ်ပြောနေတာကို၊

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



ပိုကြိုက်တယ်။ ဒါပေမဲ့ . . . စိုး . . . လို့ ခေါ်တော့ စိုးက, ပိုချွဲလို့ ကောင်းတာပေါ့''

''ချွဲဖို့, နွဲ့ဖို့ အချိန်အားရင် . . . ချွဲပေါ့''

''နောက်တာပါ ကိုကြီးရဲ့။ ကိုကြီးကို ဘယ်လို ခေါ်ရမှန်း မသိလို့ ဆရာ . . . လို့ ခေါ်နေခဲ့ရတာ။

ပြီးတော့ . . . စိုးက၊ ကိုယ့်ကိုယ်ကိုယ်၊ ကျွန်တော် . . . လို့ တစ်ခါမှ မသုံးဖူးဘူး။ ကိုကြီးနဲ့မှ သုံးမိတာ။ နောက်ပြီး . . .

ကိုကြီးဆီကို ရေးခဲ့တဲ့ ပထမ,ဆုံးစာမှာ အစ်ကိုကြီး . . . လို့ ခေါ်ထားတာ၊ မှတ်မိလား''

ကျွန်တော် ခေါင်းညိတ်၏။

''အဲ့ဒီကတည်းက၊ ကိုကြီး . . . လို့ ခေါ်နေချင်တာ''

''ဘယ်လိုပဲ ခေါ်ခေါ်ပါ။ အားလုံးဟာ မြတ်နိုးမှု နာမ်စားပါပဲ'' . . . ဟု၊ မျက်ဝန်းလဲ့လဲ့လေးကို ငေးကြည့်လျက်၊ ကျွန်တော် ပြောပြ၏။ ရင်ခွင် . . . သို့၊ သူ . . . နိုဝင်သည်။

◆





စမ်းစမ်းစိုး အမှုထမ်းရာ၊ တက္ကသိုလ်သို့၊ သူ့ကို ကျွန်တော် လိုက်ပို့သည့်အခါ၊ သူ့ စာသင်ချိန်တွင်၊ ဟိုတယ်ကြီး တစ်ခုမှာ၊ ကျွန်တော်တည်းရသည်။

စာသင်ချိန်ပြီးမှ၊ ကျွန်တော် သူနှင့်တွေ့ခွင့်ရ၏။ လာဖန် သွားဖန်များသောအခါ၊ ဟိုတယ်တွင်၊ ကျွန်တော် မတည်းဖြစ်တော့။ သံလွင် . . . ဟု၊ အမည်ရသည့်၊ တည်းခိုခန်းငယ်တွင်သာ၊ တည်းဖြစ်တော့သည်။

အဘယ်ကြောင့်ဆိုသော် . . .

ထို . . . သံလွင် တည်းခိုခန်းသည်၊ သူ အမှုထမ်းရာ တက္ကသိုလ်နှင့်လည်း၊ မလှမ်းမကမ်း။ သူ့ အဆောင်နှင့်လည်း မနီးမဝေး။

စာသင်ချိန် အားလပ်သည်နှင့် ကျွန်တော် ရှိနေရာ၊ သံလွင် တည်းခိုခန်းသို့၊ သူ လာသည်။ ဆုံတွေ့ပြီးမှ၊ စာသွားသင်သည်။ စာဝန်ချိန်ပြီးလျှင်၊ အဆောင်သို့ ပြန်ပြီး၊ အဝတ်အစား လဲဖယ်ပြီးမှ၊ ညနေစာ စားဖို့၊ ကျွန်တော့်ကို၊ သူ . . . လာခေါ်သည်။ ထိုအချိန်မှ ညမိုးချုပ်သည်အထိ၊ ကျွန်တော့်အနားတွင်၊ သူ . . . နေပေး၏။



www.burmeseclassic.com

www.burmeseclassic.com



အဆောင်ပိတ်မည့် အချိန်ကျမှ၊ ကျွန်တော် သူ့ကို လိုက်ပို့ရသည်။

"ကိုကြီးကို အားနာတယ်"

"ဘာကို အားနာတာလဲ"

"အပြေးအလွှား ညှိခံနေရသလိုပဲ။ တည်းခိုခန်းမှာ နှစ်ယောက်လာတွေ့ရတာ။ နှစ်ယောက်စလုံးရဲ့ ကြာခြေထိနိုက်တယ်နော်"

ကျွန်တော် စကားမဆို။

"ကိုကြီးသာ၊ ရန်ကုန်မှာ အလုပ်မရှိရင်၊ သိပ်ကောင်းမှာပဲ။ တည်းခိုခန်းမှာ တည်းနေစရာ မလိုတော့ဘူး။ ကိုကြီးက၊ အိမ်ငှားပြီး . . . နေ။

အဲဒီ အိမ်ကို၊ စိုး . . . လာတွေ့။ ကိုကြီးက . . . , စိုးကို၊ ကျောင်းလိုက်ပို့။ ပြီးရင် . . . အိမ်ပြန်။ ကျောင်းဆင်းရင်, စိုးက ကိုကြီးဆီ . . . လာ။

မိုးချုပ်ရင် . . . , ကိုကြီးက၊ အဆောင်ပြန်လိုက်ပို့"

ကလေးငယ်တစ်ယောက်၏ ချွဲနွဲ့နွဲ့ အမူအရာဖြင့်၊ သူ . . . ပြောနေ၏။ ကျွန်တော် စကားမဆို။

"ဒါလည်း . . . ၊ စိတ်ကူးပါပဲ ကိုကြီးရဲ





အိမ်ငှားနေပြန်ရင်လည်း၊ အဲဒီ အိမ်မှာ၊ ကိုကြီး တစ်ယောက်တည်း၊ ကျန်ခဲ့ရမှာ။

အခုလည်း . . . အိပ်ချိန်ကျရင်၊ စိုးက . . . အဆောင်ပြန်။ ကိုကြီးက . . . ဒီ တည်းခိုခန်းမှာ၊ ကျန်ခဲ့ရ။

မနက်ဖြန်တွေ့မယ်မှန်းသိလျက်နဲ့ တစ်ညလုံး ခွဲနေရတာ၊ အိပ်မပျော်ဘူး"

ပခုံးစွန်းတွင်၊ ခေါင်းမှီကာ၊ သူ . . . ပြောသည်။ ကျွန်တော် . . . , ဘာစကားမျှ ပြောမထွက်သေး။

"ကိုကြီး၊ ဘာလို့, စကားမပြောတာလဲ"

"ပြောချင်တာက၊ တစ်ခွန်းတည်း။ ဒါပေမဲ့ . . . ပြောပြရမယ့် စကားလုံးတွေက များလွန်းနေလို့၊ ဘာမှ . . . မပြောတော့တာ"

"ကိုကြီး စိတ်ဆိုးနေတာလား"

ခေါင်းခါပြီး . . .

"စိတ်ညစ်နေတာ"

"ဘာကိုလဲဟင်"

မှီတင်းရာ ပခုံးမှ၊ ဖယ်ခွာလျက် မေး၏။



www.burmeseclassic.com

www.burmeseclassic.com



"စိုး ... အခု အသက်ဘယ်နှစ်နှစ်လဲ"

"သုံးဆယ့်လေး"

"ဒါ ..., ချစ်သူ ရည်းစားနဲ့ ချိန်းတွေ့ရမယ့် အရွယ်မဟုတ်တော့ဘူးလေ။

ဘဝ ... မှာ ဘယ်သူနဲ့ ... ဘယ်လို လက်တွဲပြီး၊ ဘယ်ခရီးကို ဘယ်လို ... ဆက်ရမယ် ... လို့ ဆုံးဖြတ်ရမယ့် အရွယ်"

"စိုး သိပါတယ်"

လေသံမောဖြင့်၊ ပြော၏။

"မိဘ ... လစ်တာနဲ့ ရန်ကုန်ကို လာ။ ရန်ကုန်က နေ၊ ကိုကြီးက ... စိုးကို၊ ဒီ ... အရောက်လိုက်ပို့။

ချက်ချင်း မပြန်ရက်။ အပြန်ခက်။ ဒီမှာ ..., သုံးလေးရက်နေ။ ပြီးမှ ... ပြန်။ စိုးက ..., ဒီမှာ ကျန်ရစ်ခဲ့။

သောကြာနေ့ ... မော်လမြိုင်ပြန်။ မော်လမြိုင်က နေ၊ ကိုကြီးဆီကို၊ ဖုန်းခိုးဆက်။ ဖုန်းဆက်ရင်း ... တွေ့ချင် မြင်ချင်တဲ့အခါ၊ ကိုကြီးက ဒီကို





လိုက်လာ။

စိုးလည်း ပင်ပန်း။ ကိုကြီးလည်း။ အလုပ်တွေ ... လစ်ဟင်း။

ဒါတွေ အားလုံးဟာ၊ ချစ်လို့ ရင်ဆိုင်ရတဲ့၊ ကိစ္စသေးသေးလေးတွေပါ။

တကယ်တမ်း ဖြစ်ရမှာက ...၊ ကိုကြီး လာလည်ရမှာက၊ မော်လမြိုင်က၊ စိုးရဲ့အိမ်ကိုပဲ။

ဒီအသက်, ဒီအရွယ်ကျမှ၊ ချစ်သူနဲ့၊ ချိန်းတွေ့နေရတာ၊ တစ်ခုခု လွဲနေတယ် ... လို့၊ စိုး ... မထင်ဘူးလား။

သမီး ... မှာ၊ ရည်ငံနေတဲ့သူ၊ ရှိတယ်။ သူ့နာမည် ... ဘယ်သူဘယ်ဝါ။ သမီး ... သူနဲ့ လက်ထပ်ဖို့ ရည်ရွယ်ထားတယ်။ သူနဲ့ ဖုန်းဆက်မယ် ... ဆိုတာ၊ မိဘ, အုပ်ထိန်းသူကို၊ တရားဝင် ပြောပြရဲရမယ့် အရွယ်ရောက်နေပြီလေ။

ခေတ်ကာလ, အရ ပြောရရင်၊ အရွယ်တောင်၊ လွန်နေပြီ။

ဆရာရင်း, တပည့်ရင်း ... တွေ၊ မဟုတ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြပေမယ့်၊ တစ်ယောက်က, ကျူရှင်ဆရာ။ တစ်ယောက်က လက်ထောက်ကထိက၊ တက္ကသိုလ်က. ဆရာမ။

ဒီ . . . နေရာမှာ၊ လာ . . . ချိန်းတွေ့နေရတာ၊ ခုနက . . . စိုး, ပြောတဲ့၊ ကာယိန္ဒြေ ပျက်ပြားသွားတယ် . . . ဆိုတာထက်၊ ပိုပြီး . . . အချိန်ပုပ်တယ်။

ကျွန်မ, ချစ်သူဟာ၊ ကိုကိုအောင် . . . ဆိုတဲ့ တစ်ခုလပ် . . . လို့ ပြောရမှာ၊ သိပ်,ခက်နေလို့လား . . . စိုးစိုး''

ချစ်သူ ငိုလေပြီ။

''စိုး . . . ကြောက်လို့ပါ။ စိုး . . . အိမ်ကို၊ မပြောရဲလို့ပါ''

''ဆယ်ကျော်သက် မိန်းကလေး တစ်ယောက်က၊ သူ့ အိမ်ထောင်ရေးကို၊ မိဘ . . . သိအောင် မပြောရဲတာ၊ သဘာဝ,ကျပေမယ့်၊

တက္ကသိုလ်က၊ ဆရာမ,တစ်ယောက်က၊ မိဘ,ကို၊ မပြောရဲတာ၊ သဘာဝ,လွန်နေတယ်။

တစ်ခုလပ်မို့၊ မျက်နှာပန်း မလှရင်လည်း၊





နောက်ဆုတ်လိုက်ပါလား စိုးရယ်။

ကိုကြီး ခံနိုင်ရည် ရှိပါတယ်။ စိန်စီတဲ့ ရတနာပစ္စည်းကို၊ ဒါ . . . ကျွန်မ, ချစ်တဲ့ ရတနာလေးပေါ့ . . . ဆိုတာ, ဘယ်သူမဆို ပြောနိုင်ကြပါတယ်။

လမ်းဘေးက . . . ကျောက်စလစ်ခဲကို၊ ကောက်ပြီး၊ ဒါ . . . ကျွန်မ. တန်ဖိုးထားတဲ့ ရတနာလေးပေါ့ . . . ဆိုတာမျိုးကိုတော့၊ ဘယ်သူ . . . ပြောရဲကြလို့လဲ။

လမ်းဘေးက . . . ကျောက်စလစ်ခဲကိုမှ၊ ဂုဏ်ယူပြီး၊ လည်မှာဆွဲပြရဲရင်၊ အချစ် . . . ဆိုတဲ့၊ အရာ၊ ကမ္ဘာပေါ်မှာ၊ သေသေချာချာ ရှိနေပါသေးတယ် . . . လို့၊ ကိုကြီး . . . အာမခံချင်ပါတယ်။

ချစ်စရာလေးမို့ ချစ်နေတာမျိုးက,တော့၊ ခွေးလေး, ကြောင်လေး . . . တွေတောင်၊ လုပ်တတ်ကြပါတယ် . . . စိုး။

လူသူ အသိုင်းအဝိုင်း၊ ကဲ့ရဲ့မှာစိုးလို့ နိုးချောင်နိုးဝှက် ချစ်နေရတာပါဆိုရင်လည်း . . . အဲဒီလို နိုးချောင်နိုးဝှက် ချစ်ရလောက်အောင်၊ လူရာမဝင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျောက်စလစ်ခဲမျိုးကို၊ စိုး . . . ချစ်နေတာလား။

ကိုကြီးက . . . လူရာ မဝင်တော့ဘူးလား"

"အဲဒီလို မပြောပါနဲ့၊ ကိုကြီးရယ်။ စိုး . . . တောင်းပန်ပါတယ်"

"တန်ဖိုးထားတယ် . . . ဆိုတာ၊ တန်ဖိုးကြီးကြီး၊ မကြီးကြီး၊ မြတ်နိုးနေမှ၊ တန်ဖိုးထားရာ ရောက်တယ်။

ဒါ . . . ငါ့၊ ချစ်သူ . . . လို့ တစ်လောက,လုံးကို၊ အော်ပြောဖို့ ခက်နေသမျှ၊ အဲဒီ့အချစ်က သိမ်ငယ်နေဦးမှာပဲ . . . စိုး။

စိုး . . . အပြုအမူတွေက၊ ချစ်သူကို၊ သိမ်ငယ်အောင်၊ လုပ်နေသလိုပဲ။ တကယ့် သိမ်ငယ်စရာကောင်းတဲ့၊ ချစ်သူကိုတောင်၊ ဂုဏ်ပြုမြတ်နိုးရဲမှ၊ ချစ်တယ် . . . လို့၊ ဘာသာပြန်သင့်ကြတယ်"

"ကိုကြီးကို၊ စိုး ချစ်ပါတယ်"

"မချစ်ဘူး . . . လို့၊ စွပ်စွဲနေတာ မဟုတ်ဘူး စိုး။ စိုး . . . အကြောက်လွန်နေတာကို၊ ဝေဖန်နေတာ။





ဒီ . . . အရွယ်, ဒီ . . . အသက်မှာ၊ ဆယ်ကျော်သက်လို၊ တုန်လှုပ်နေအောင်၊ ကြောက်ဖို့မှ မလိုဘဲ"

"အမေတို့က . . ."

". . ."

"အမေတို့က . . . စင်းလုံးချောမှ မက်မောတတ်ကြတာ"

"သြော် . . .၊ ခုပဲ ကိုကြီး ပြောပြီးပြီပဲ။ အဲဒါမျိုးက . . .၊ တိရစ္ဆာန်လည်း . . . ကြိုက်တတ်တယ် . . . လို့။

ခွေးလေး ကြောင်လေးတွေလည်း၊ အဆင်အပြေဆုံး နေရာလေးတွေမှာ၊ ဝပ်တတ်ကြပါတယ်။

ကိုကြီး . . . စိုးကို၊ ပြောချင်တာက၊ ကိုယ့်ခရီးဖော်ကို၊ ကိုယ့်ဘာသာ ရွေးချယ်ထားပြီးသားပါ . . . လို့၊ မိဘ အသိုင်းအဝိုင်းကို၊ ရဲရဲဝံ့ဝံ့၊ အသိပေးစေချင်တာ။

စင်းလုံး မချောတာကိုမှ၊ စမ်းစမ်းစိုးက . . . ချစ်တာ . . . လို့၊ တကယ် ပြောရဲစေချင်တာ။



www.burmeseclassic.com

www.burmeseclassic.com

မိဘ,ကို တော်လှန်နိုင်းနေတာ မဟုတ်ဘူး။ မကြောက်မရွံ့ တင်ပြနိုင်းနေတာ''

''ခွဲကြလိမ့်မယ် ထင်တယ်''

''ဆယ်ကျော်သက်လေး၊ အမှားလုပ်မှာစိုးလို့ တံခါးပိတ်ပြီး၊ ခွဲကြတာမျိုးနဲ့ ခွဲမှာလား'' သူ ... မဖြေ။

''ကဲ ...၊ မဖြေပါနဲ့ စိုးရယ်။ ချစ်သူဘဝနဲ့ ... လူမသိ, သူမသိ၊ နေထိုင်နေတာ၊ မိန်းကလေး နစ်နာတတ်တယ် ... စိုး။

မလိုအပ်ဘဲ၊ နစ်နာအောင်နေမိတာ၊ နေနေတာ ...၊ သတ္တိနည်းသူ ဉာဏ်နည်းသူတွေပဲ၊ လုပ်ကြပါစေ။

နော် ... စိုး။

တချို့ အချစ်က ... ရေစက် ... ကြမ္မာ။ တချို့ အချစ်က ... ဝဋ်ကြွေး။

တချို့ ... တချို့ တွေကျမှ၊ ကံ ...အကြောင်းပေါင်း,များစွာနဲ့၊ ဆုံစည်းကြရတဲ့ ...၊

အကြောင်း ... စုံ၊ ပေါင်းဆုံကြရတဲ့ ...



ချစ်သူနဲ့ ... ဝေးရတဲ့ ... ကံ

အားကျစရာကောင်းတဲ့ ... အချစ်။

ကိုကြီးက,တော့ ... စိုးကို၊ သတိပေး ပြောပြထားချင်ပါတယ်။

ချစ်တယ် ... ချစ်တယ် ပြောပြီး၊ ကြည်ကြည်နူးနူး မခံစား မပျော်မွေ့ဘဲ၊ ပူပင်နေရ, စိုးထိတ်နေရပါတယ် ... ဆိုရင်၊

အဲဒါ ... အချစ်မဟုတ်ဘူး။ အဲဒါ ... ဝဋ်ကြွေး။

ဝဋ်ကြွေးတိုင်းကို၊ ဉာဏ်နဲ့ ဆပ်ရတယ် ... စိုး။ ဘယ်ဉာဏ်အကောင်းဆုံးလဲ ... ဆိုတာတော့၊ ဒေါက်တာဘွဲ့တောင် ယူဖို့ ကြိုးပမ်းနေတဲ့၊ စိုး ... သိဖို့ ကောင်းပါတယ်။

ကံဆုံတယ် ...၊ အကြောင်းကံက, ပေါင်းရန် သင့်တယ် ... ဆိုတဲ့၊ ကံ အခြေအနေတွေကြောင့်၊ အချစ် ... လို့ သမုတ်တတ်ကြတဲ့ ...၊ အဲဒီ့ သဘောတရား ... ကို၊ မသိဘဲနဲ့တော့၊ ချစ်တယ် ... လို့၊ မထင်သင့်ဘူး ... စိုး။

အချစ်အကြောင်းကို၊ စာလုံးပေါင်းလောက်


www.burmeseclassic.com

www.burmeseclassic.com

သာ၊သိတတ်ရုံနဲ့တော့၊ ခွေးလေး . . . ကြောင်လေး တောင်၊ မချစ်ပါနဲ့။

အချစ် . . . ဆိုတာ၊ ကံ . . . အရာအားလုံးရဲ့၊ ဆုံစည်းရာပါ . . . စိုး။

အတိတ်က . . . ကံ နည်းခဲ့ပါတယ်ဆိုရင် တောင်၊ ပစ္စုပ္ပန်ကံတွေကို၊ ဝီရိယရှိရှိ၊ သတ္တိရှိရှိ၊ ထုံမွှန်းလိုက်ရင်၊ အချစ် . . . ဆိုတာ၊ ဆုံစည်းခြင်း ပန်းတိုင်မှာ၊ ထည်ဝါနေမှာပါ . . . စိုး။

ထိုင်ပြီး ကြောက်နေရုံနဲ့တော့၊ ပန်းတိုင်ကြီး က၊ သနား . . . အားနာပြီး၊ ကိုယ့်ရှေ့ကို ရောက်လာ မှာ မဟုတ်ပါဘူး''

စမ်းစမ်းစိုး၊ ကျွန်တော့်ကို ဖက်ထားသည်။ ကြောက်ရွံ့စိုး ထိတ်တတ်သူတွင်၊ တွယ်တာခိုမှီထားရုံမှတစ်ပါး၊ တုံ့ပြန်စကား ပါး ရှားနေရှာ၏။

❋ ◆ ❋



[၁၉]

''သူ့အိမ်ကို၊ တော်တော် ကြောက်နေပုံပဲ'' . . . ဟု၊ ထွန်းဦး ပြော၏။ ကျွန်တော် ခေါင်းညိတ်ကာ . . .

''အကြောက်လွန်လွန်းတယ်။ ငါ . . . သူ့ကို လိုက်ပို့တဲ့၊ ပထမဆုံး အခေါက်ပဲ၊ သူ့သူငယ်ချင်း ခင်ခင်ထိုက်နဲ့ မိတ်ဆက်ပေးတယ်။

နောက်အခေါက်တွေ၊ လိုက်ပို့သမျှ၊ ခင်ခင် ထိုက် မသိစေချင်ဘူး . . . တဲ့။ သူငယ်ချင်း သိမှာ တောင် စိုးရိမ်တယ်ဆိုတော့ . . . ၊ ငါ . . . လေသံ မာမာနဲ့၊ ဆူမိသလိုတောင်၊ ဖြစ်တယ်''


www.burmeseclassic.com

www.burmeseclassic.com



"ခင်ခင်ထိုက်က၊ မော်လမြိုင်က, ဆိုတော့ မင်း . . . , သူ့ဆီကို၊ ခဏခဏရောက်တာ၊ မော်လမြိုင်အထိ၊ မပေါက်ကြားစေချင်ဘူးနဲ့ တူတယ်"

"ဒါပဲ နေမှာပေါ့"

"ကလေကချေ တစ်ယောက်ကို၊ တက္ကသိုလ်က၊ ဆရာမ တစ်ယောက်က၊ ချစ်မိကြိုက်မိ . . . လို့ အသိုင်းအဝိုင်းသိမှာ၊ စိုးရိမ်နေသလိုမျိုးကြီး" . . . ဟု၊ ထွန်းဦး ရယ်မောလျက်၊ တင်စားပြောပြသည်။

"ငါ . . . ဟိုတလောက၊ မော်လမြိုင်အိမ်ကို ဖုန်းဆက်ပစ်လိုက်တယ်။ ဘယ်သူနဲ့ တွေ့တွေ့ဆိုပြီး ဆက်လိုက်တာ"

"ဘယ်သူနဲ့ တွေ့လဲ"

"သူ့အမေနဲ့ တွေ့တယ်။ ဆရာမ . . . စမ်းစမ်းစိုးနဲ့ စကားပြောချင်လို့ပါ . . . ဆိုတော့၊ ဘယ်သူပါလဲ . . . ရှင်တဲ့။

ကိုကိုအောင် . . . ပါလို့၊ ငါ . . . ပြောတယ်။ ဟဲ့ . . . ဆရာ ကိုကိုအောင်တဲ့၊ ဆိုပြီး . . . စမ်းစမ်းစိုးကို၊ ဖုန်းပေးသံကြားရတယ်။





စမ်းစမ်းစိုးရဲ့ ကျောင်းက၊ ဆရာတစ်ယောက်ယောက်လို့၊ ထင်သွားတာနေမှာပေါ့"

"စမ်းစမ်းစိုး၊ ဘာပြောလဲ"

"ဘာပြောရမှာလဲ။ ဟုတ်ကဲ့ . . . အင်း . . . အဲ . . . ဖြစ်နေတာပေါ့။ ငါ . . . သနားလို့ နောက်မှ ပြန်ဆက်မယ်ပဲ ပြောလိုက်တယ်။

အိမ်မှာ . . . လူတစ်ယောက်မှ မရှိတော့တဲ့ အခါကျမှ၊ ငါ့ဆီကို၊ သူ . . . ဖုန်းဆက်တာ။

ငါလေ . . . ၊ ဆုချင်လိုက်တာမှ အရမ်းပဲ။

ဒါပေမဲ့ . . . သိပ်လည်း၊ အပြစ်မတင်ချင်တာနဲ့၊ ကြောက်တတ်ရင် . . . သီလ,သာ မြဲအောင်နေ၊ ဘုရားသာ အာရုံပြု။

လောဘ, ဒေါသ, မောဟ ပါးအောင်ကျင့်။ ဆုသာတောင်းနေပါတော့ . . . လို့ ပြောရတယ်။

သတိရတဲ့အကြောင်း, လွမ်းတဲ့အကြောင်းထက်။ သူ့ ကြောက်စိတ် ပြေရာပြေကြောင်း . . . ၊ ကမ္မဋ္ဌာန်းနည်းတွေသာ၊ သင်ပေးနေရတာ။

ကြောက်တဲ့သူကို ငြိမ်းအောင် သင်ရင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com

ငါ့မှာ ... ဒေါသ,တောင်၊ ဝင်မိတတ်သေးတယ်။ ကြောက်တတ်ရင်လည်း ... နောက်ဆုတ်ပါတော့ ... ပြောမိတာ။ ငိုပြန်ရော''

''မင်းကို၊ တော်တော်တော့ ချစ်ပုံရပါတယ် ကွာ။ တစ်နယ်တစ်ကျေးက,နေ၊ မိဘ ... မသိ အောင်၊ မင်းဆီကို လာရဲတဲ့ သတ္တိက,လည်း၊ မနည်း ပါဘူး''

''ဟုတ်ပါတယ်။ အဲဒါကို ... ငါ, တန်ဖိုး ထားပါတယ်။

တစ်ခါတစ်ရံ ...၊ ငါ ... အလုပ်များလို့၊ နေမကောင်းလို့၊ ဖုန်းပိတ်ထားမိရင်၊ ငါ့အစ်မ ... မတင်တင်အုန်းဆီ၊ သူ ... ဖုန်းဆက်တာ၊ ခဏ ... ခဏ။

ကိုကြီး မရှိလို့၊ မဖြစ်ပါဘူး ... တဲ့။ သူ့ ... ဘဝမှာ။

ငါ့မှာ ... စကားတွေ၊ ပင်လယ်ဝေအောင် ပြောပြရတာ ... အမော။

မရှိမဖြစ် ... ဆိုတာ၊ အရေးတကြီး၊ အဓိက၊





လောက ... လူ့ဘဝမှာ၊ အဓိက ... ဆိုတာ၊ နှစ်ခု မရှိဘူး ... လို့၊ ငါ ... ပြောပြတယ်။

ငါဟာ ... သူ့အတွက်၊ တကယ် ... မရှိ မဖြစ်၊ အရေးတကြီး ... အဓိက,ဆိုရင်၊ မိဘ ... ကို၊ ဖွင့်ပြော။ သဘောမတူဘူးဆိုရင် ...၊ နောက် ဆုတ်။

အလွန်ဆုံး ... နောက်၊ နှစ်,လေးငါးဆယ်။ မိဘ ... တွေ၊ မရှိကြတော့ပါဘူး။ ဆုံစည်းတယ် ... ဆိုတာ၊ အိုကြီး အိုမ,မှ ဆုံစည်းတာလည်း၊ ဆုံစည်းတာပါပဲ ... လို့၊ ငါ ... ပြောတယ်။

နွေးထွေးယုယရမယ့်အရွယ်မှာ၊ ဆုံစည်းခွင့် မရလို့၊ ဖေးမ, ကူညီရမယ့်အရွယ်မှာ ဆုံစည်းရင် လည်း၊ ဖေးကြ, မ,ကြရုံပဲ ... လို့၊ ပြောတာ။

သူ ... သဘောပေါက်တယ်။ လက်ခံတယ်။ ဒါပေမဲ့ ... သတ္တိထွက်မလာဘူး''

''မင်း ... ကိုယ်တိုင်၊ ဦးဆောင်ပြီး ... သူ့ အိမ်ကို၊ ကြောင်းလမ်းရင်ရော''

''ဩော် ...။ ငါ ... ပြောပါတယ်။ သူက



www.burmeseclassic.com

www.burmeseclassic.com



. . . စကားမကြောင်းရဲဘူးဖြစ်နေတာ''

''ဒုက္ခပါပဲ'' . . . ဟု၊ ထွန်းဦး ညည်းညူ၏။ ပြီးမှ . . .

''ဒီ . . . တစ်ခါ၊ ရန်ကုန်လာရင် . . . ပြန်မလွှတ်နဲ့တော့ကွာ''

''ဟင့်အင်း။ ငါ . . . အနိုင်မကျင့်ချင်ဘူး။ အဲဒီလို၊ လုပ်ဖို့ လိုမယ်ဆိုရင်တောင်၊ မိဘ . . . ကို၊ အရင် . . . ညှိနှိုင်းပြီးမှ၊ လုပ်စေချင်တယ်။

မိဘက . . . မီးနီပြတော့မှ၊ ကိုယ်လုပ်ချင်တာ ကိုယ်လုပ်ကြတာ၊ အပြစ်နည်းမယ်လေ''

''အင်း။ ဒါလည်း . . . ဟုတ်တာပဲ''

''ပြီးတော့ . . . နိုးပြေးတယ် ဆိုတာ။ အ,ဒိန္နာဒါနာပဲ။ ငါ . . . သီလ, ကျိုးပြီ။

နောက်ပြီး . . . စမ်းစမ်းစိုး မိဘ,ကို ပူပင်အောင်၊ လုပ်မိသလိုဖြစ်မယ်။

မိဘ . . . သဘောထားမကြီးရင်၊ ကံ . . . အကြောင်းကို၊ မမြင်တတ်ဘဲ၊ ငါ . . . မိဘ,ဆိုပြီး အုပ်စည်းလွန်းရင်၊ တော်လှန်မိတဲ့၊ သားသမီး အ,ကုသိုလ် ကြီးတတ်တယ်''





''မင်းတို့နှစ်ယောက် ဆုံစည်းမယ် . . . လို့ မင်း . . . ထင်သလား''

''မပြောတတ်ဘူး။ ငါ . . . ပြောနိုင်တာ၊ တစ်ခုတော့ ရှိတယ်။

သစ္စာရှိနည်းရင်၊ ဘယ်ပန်းတိုင်မှ၊ မရောက်နိုင်ဘူး။

အထူးသဖြင့်၊ နှစ်ယောက်တွဲလျှောက်ရမယ့် ခရီးမှာ၊ တစ်ယောက်ယောက်က၊ ကြောက်နေရင် . . .၊ ပန်းတိုင်ရောက်ဖို့ ခက်လွန်းတယ်။

ထမ်းပြေးမယ် ဆိုရင်တောင်၊ စောလှူမင်းကို၊ ငရမံကန်းလက်က ထမ်းပြေးမိတဲ့၊ ကျန်စစ်မင်း . . . လို၊ ငါ့ကို ကျန်စစ်မင်းသား ထမ်းပြေးနေပြီ . . . လို့၊ အအော်ခံရရင် . . . ဒုက္ခ''

ထွန်းဦး တဟားဟား ရယ်လေ၏။

ကျွန်တော့် အရယ်အမော၊ မပေါ့မပါး။

❋ ◆ ❋



www.burmeseclassic.com

www.burmeseclassic.com

[၁၉]

"မေမေ။ ဒါ ... ဆရာမ စမ်းစမ်းစိုး"

"ဩော် ... အေး။ ထိုင် ... သမီး"

အမေ့ကို၊ ကျွန်တော်နှင့် စမ်းစမ်းစိုး ထိုင်ကန်တော့ကြသည်။

"အင်း။ ကောင်းတဲ့ ... အလိုဆန္ဒတွေ ပြည့်

ဝ,ပါစေ"

"...။ ..."

"သမီးက ... ဒီည ပြန်မှာလား"

"ဟုတ်ကဲ့။ ဒီနေ့အတွက်တော့ ... ခွင့်ယူ

ထားတာ။ မနက်ဖြန် အတန်းဝင်ရမှာ"



www.burmeseclassic.com

www.burmeseclassic.com

"အေး ...။ အေးချမ်းပါစေ ... အေးချမ်းပါစေ။ တင်တင်အုန်းဆီက လာကြတာလား"

ကျွန်တော်က ...

"ဟုတ်တယ် မေမေ။ အစ်မ,ဆီမှာ ... ထမင်းစားလာခဲ့ကြတာ"

"ဩော် ...၊ ဒီမှာ ထမင်းမစားကြဘူးပေါ့"

စမ်းစမ်းစိုးက ...

"သမီးက ... ကားဂိတ်ဆင်းရတော့မှာ။ နောက်မှပဲ ... အေးအေးဆေးဆေး လာပါ့မယ်"

အမေက ... ပြုံးလျက်၊ ခေါင်းညိတ်သည်။ စမ်းစမ်းစိုး အမှုထမ်းရာ တက္ကသိုလ်ရှိသည့် မြို့သို့ ကျွန်တော်ပါ လိုက်ပါပို့ဆောင်မည်ကို၊ အမေ သိ၏။ အမေက ...

"မောင်ထွန်းဦး၊ အိမ်စောင့်မှာလား"

"ဟုတ်တယ် မေမေ။ ဒီတစ်ခါ ... ရောက်ပြန်ပြန်မှာ။ စာသင်ခိုန်ကို၊ ထွန်းဦးနဲ့ အစားထိုးခဲ့ရတာ"

အမေက ... နှမဖြစ်သူ၊ တွယ်တာဦးနှင့် အတူနေသည်၊ ကျွန်တော်က ...၊ သီးသန့် တိုက်ခန်းတွင်နေခြင်း၊ ဖြစ်၏။





တွယ်တာဦး ရောက်လာသည့်အခါ စမ်းစမ်းစိုးနှင့် နှုတ်ဆက်စကား ပြောကြသည်။ ရင်းရင်းနှီးနှီး ရယ်ရယ်မောမော။

ရူးစမ်း စမ်းစစ်သည့် မည်သည့်စကားမျှ၊ အမေ မပြောခဲ့သည့်အတွက်၊ အမေ့ကို၊ ကျွန်တော် ကျေးဇူးတင်ရသည်။

◆

စမ်းစမ်းစိုးကို၊ လိုက်ပို့ပြီးနောက်၊ ရောက်ရောက်ချင်း ည,ကားဖြင့်၊ တစ်ကိုယ်တည်း ပြန်ခဲ့ရသည်။

သံလွင် တည်းခိုခန်းရှေ့တွင်၊ စမ်းစမ်းစိုး ... တစ်ယောက်တည်း။ လက်ပြ ကျန်ရစ်ခဲ့သည့် မြင်ကွင်းကို၊ တွေးမြင်မိစဉ်တိုင်း။ ကျွန်တော် စိတ်မကောင်း ဖြစ်ရ၏။

◆

အငိုစကားသံဖြင့်၊ သူ ... ဖုန်းဆက်တောင်းပန်သည်။


www.burmeseclassic.com

www.burmeseclassic.com

"ကိုကြီး ဘာဖြစ်လို့ လှည့်မကြည့်တာလဲ"

"မငိုပါနဲ့ စိုးရယ်။ စိုးက . . . , ကိုယ့်အဆောင်မှာ ကိုယ်ပြန်နေ။ ကိုကြီးက, ကိုယ့်ဘာသာ တည်းခိုခန်းက,နေ၊ ပြန်မှာပေါ့။ အဆောင်မှာ မနေဘဲ. . တည်းခိုခန်းက,နေ . . . ကားလာစောင့်ပေးတော့။ လက်ပြ ကျန်ရစ်ခဲ့ရတာ . . . စိုး တစ်ယောက်တည်း။

ကျန်ရစ်ခဲ့တဲ့သူကို၊ ထားရစ်ခဲ့ရတဲ့သူက၊ လှည့်မကြည့်ရက်ဘူး"

"စိုး . . .၊ ကိုကြီးနဲ့ မခွဲနိုင်ဘူး"

"အမေတို့၊ အစ်မ,တို့နဲ့၊ ကိုကြီး . . . အိမ်ကိုလာပြောမယ်လေ။ စိုးခွင့်ပြုတာနဲ့၊ ကိုကြီး လာပြောမှာ"

"သဘောတူကြမှာ မဟုတ်ဘူး"

"ဒါဆို၊ ဘာလုပ်ကြမလဲ စိုးရယ်"

"ကိုကြီး . . .၊ ဒီမှာ . . . လာနေပေါ့"

"အဲဒီ့ အရပ်ဒေသ,က၊ စိုး . . . ရဲ့ နေရပ်လည်း မဟုတ်ဘူး။ ကိုကြီးရဲ့ . . . နေရပ်လည်း မဟုတ်ဘူး။





ပြီးတော့ . . . ကိုကြီးအလုပ်က၊ ရန်ကုန်မှာလေ။ စိုးရဲ့, အဆောင်နားမှာ လာနေလို့ရ။ ခဏ, ပေါ့။

တစ်သက်တာ ခရီးအတွက် သတ္တိမွေးလိုက်ပါလား . . .၊ စိုးရယ်။ နော် . . ."

"ဦးငယ်ကို၊ အရင်ပြောကြည့်မယ်"

"ဦးငယ်ဆိုတာ၊ ဘယ်သူလဲ"

"အမေ့မောင်။ စိုးရဲ့, ဦးလေး"

"မိဘ . . .,ကို ပြောတာ၊ ပိုကောင်းမယ်ထင်တယ် . . . စိုး"

"မပြောရဲဘူး။ အဖေ့ကိုတော့ . . .၊ ပြောရဲတယ်။ အမေနဲ့ အဒေါ်ကို၊ မပြောရဲဘူး။

အမေတို့က၊ တစ်ယူသန်တယ်"

"အဒေါ်ဆိုတာ . . .၊ ဟို . . . အဒေါ်ကို၊ ပြောတာလား"

"ဟုတ်တယ်"

"သူ့ကို ကြောက်ရသလား"

"သူ့လက်ပေါ်မှာ ကြီးလာတာ"


www.burmeseclassic.com

www.burmeseclassic.com



"သူက . . . စိုးရဲ့ ဘဝ . . . ကို ဝင်စွက်ဖက်ခွင့် ရှိသလား"

". . . ॥ . . ."

"ဖြေလေ . . . စိုး။ အစ်မရဲ့ အိမ်ရာကိုတောင် ပြစ်မှားဖူးတဲ့ . . . အခေါ်က စိုးရဲ့ ဘဝ . . . နောင်ရေးကို စွက်ဖက်ခွင့် ရှိနေသလား"

"သူတို့အမြင်မှာ . . . စိုးက ကလေးပဲလေ"

"သုံးဆယ့်လေးနှစ် အသက်အရွယ်ကိုတောင် ကလေး . . . လို့ သတ်မှတ်နေကြသေးရင်။

အဲဒါ . . . ဘဝ နောင်ရေးကိုပါ အညွှန့်ချိုးနေတာပဲ။ ဒါမှမဟုတ် သူတို့ . . . စိတ်မချရလောက်အောင် စမ်းစမ်းစိုးက . . . ညံ့ဖျင်းလို့ပဲ"

"ငယ်ငယ်ကတည်းက အိမ်နဲ့ကျောင်း။ ကျောင်းနဲ့အိမ်။ စိုး . . . ဒါပဲ သိခဲ့ရတာ။

အခု . . . အလုပ်နဲ့ . . . အိမ်။ အိမ်နဲ့ အလုပ် ဒါပဲလေ။

Thesis အတွက် ခရီးထွက်ရရင်တောင် အဒေါ်က အဖော်လိုက်ပေးတာ။





ဘဝမှာ . . . သူစိမ်းတစ်ယောက်ကို အားကိုးခင်တွယ်ဖူးတာဆိုလို့ ကိုကြီး တစ်ယောက်တည်းကိုပါ။

စိုး . . . ကြောက်တတ်တာကို ဝန်ခံပါတယ် ကိုကြီးရယ်။ အဲဒီလို . . . အားနည်းချက်ကြောင့်လည်း ကိုကြီးကို . . . တစ်လျှောက်လုံး အားကိုးခဲ့တာပေါ့။

စိုး . . . ကိုကြီးကို အားလည်း ကိုးပါတယ်။ အရမ်းလည်း . . . ချစ်ပါတယ်။ စိုး . . . သတ္တိရှိအောင် ကြိုးစားပါ့မယ် . . . ကိုကြီးရယ်။ စိုးကို . . . သတ္တိမွေးချိန်ပေးပါ"

"တစ်ယောက်တည်း နေမှ . . . မိဘနဲ့ အဆင်ပြေမယ်ထင်နေရင် စိုးနဲ့ ကိုကြီးနဲ့ မောင်လို . . . နှမ,လိုပဲ ဆက်ဆံကြရအောင်လား . . . စိုး။

မောင်ချစ်, နှမ,ချစ်ကို ဘယ်သူမှ ဟန့်တားစရာ မလိုတော့ဘူးပေါ့။ နော် . . . စိုး"

ငိုရှိုက်သံ ကြားရသည်။

"မငိုပါနဲ့ . . . စိုးရယ်။ မိဘနဲ့ . . . ချစ်သူကြား



www.burmeseclassic.com

www.burmeseclassic.com



မှာ ...၊ ဗျာများနေမှာစိုးလို့ ကိုကြီး ... ပြောရတာပါ။

ကိုကြီး ...၊ စိုးကို အရမ်းချစ်ပါတယ်။ စင်းလုံးချော ... ဘဝမဟုတ်တဲ့အတွက်၊ အားနာစိတ်နဲ့လည်း၊ ပို ... ချစ်ရတာပါ။

ဒါကို ... မိဘ၊ အသိုင်းအဝိုင်း၊ သိဖို့ဆိုတာ၊ လွယ်တဲ့ကိစ္စ မဟုတ်ဘူး။

ဘယ်သူ သိသိ၊ မသိသိ၊ အတူလက်တွဲမယ့် ကာယကံရှင် နှစ်ယောက် သိကြရုံနဲ့ ဆုံစည်းခွင့်မရဘူးဆိုရင် ... ဒါဟာ လောက၊ သဘာဝ၊ ပုထုဇဉ်အနွယ်တွေရဲ့၊ ကံအကြောင်းအရင်းကို၊ သိမြင်နိုင်စွမ်းမရှိတဲ့၊ အမွေစရိုက် လက္ခဏာပဲ ... လို့သာ၊ နှလုံးသွင်းကြရုံပေါ့။

လူ ... ပုထုဇဉ်ဆိုတာ၊ ထင်သလောက် စိုးရိမ်ပြီး၊ မြင်သလောက်သာ ခန့်မှန်းတတ်ကြတာကိုး။

လူသူတော်ကောင်း၊ နတ်သူတော်ကောင်း၊ ကဲ့ရဲ့မှာထက်၊ လူအချင်းချင်း ကဲ့ရဲ့မှာလောက်သာ၊





ကြောက်တတ်ကြတာလေ။

သီလ၊ဂုဏ်၊ သမာဓိဂုဏ် ဆိုတာကို၊ လူကဲ့ရဲ့မှာစိုးလို့၊ ကျိတ်မှိတ်စောင့်စည်းနေရတာလောက်ပဲ ... လို့၊ ထင်မှတ်တတ်ကြတာပဲ။

လူမသိ၊ သူမသိ ကျူးလွန်မှုတွေ ...၊ လူမမြင်မချင်း။ ဂုဏ်ဆယ်တတ်၊ သိက္ခာဆယ်တတ်ကြတယ်။

မူလ၊ အ၊ကုသိုလ်ကို၊ ကြောက်ဖို့ထက်၊ လူကဲ့ရဲ့မှာကို၊ ပို ... ကြောက်တတ်ကြတာ၊ လူ ... ပုထုဇဉ်တွေရဲ့ ... ခလေ့စရိုက်ပဲ။

အဲဒီ အဝန်းအဝိုင်းထဲမှာ ... မှန်တာပြော၊ ရဲရဲလုပ်ဖို့အတွက်၊ အားနည်းချက် ရှိနေတဲ့သူဟာ ... သောက၊ရော၊ ပရိဒေဝ၊ရော၊ ဒေါမနဿရော လောင်ကျွမ်းတတ်တယ် ... စိုး။

သောက၊ဆိုတာ ခံစားရတာ။ ပရိဒေဝ၊ဆိုတာ ပြင်းထန်တဲ့ ခံစားမှု ဆင်းရဲကြောင့် မျက်ရည်ပေါက်ပေါက်ကျရတာ။ ဒေါမနဿ ဆိုတာက၊တော့ အလိုမကျတဲ့ ဘဝအခြေအနေကြောင့် ပူပန်လောင်ကျွမ်း



www.burmeseclassic.com

www.burmeseclassic.com

ရတာပေါ့။

ပုထုဇဉ် လောက,ထဲမှာ သီလ,နည်းတဲ့သူက ... ပိုကြောက်တတ်တယ် ... စိုး။

နီးရဖို့ ကြိုးစားပါ ... လို့ ကိုကြီး သိမ်သိမ်နုပ်နုပ် မပြောချင်ပါဘူး။ လောက,ကို၊ ရင်ဆိုင်နိုင်အောင်သာ၊ ကြိုးစားပါ။

ဘာတွဲကြီး ရထား, ရထား၊ သီလ, သမာဓိ, ပညာ (ဉာဏ်) အား၊ နည်းပါးရင် လောင်ကျွမ်းနေကြရလိမ့်မယ်''

''စိုး ...၊ နားလည်သလောက်၊ ကျင့်ကြံပါတယ် ... ကိုကြီး''

''မပူလောင်စေနဲ့ ... စိုးရယ်။ ပညာတွေ သင်ထားကြပါလျက်နဲ့၊ ပူလောင်နေကြရတာ ...၊ သူတစ်ပါးဆီမှာ ... လက်အောက်ခံ ဖြစ်နေကြရတာ၊ သင်ထားတဲ့ ပညာတွေ, စာတွေရဲ့၊ အားနည်းချက် မဟုတ်ဘူး။

မိမိကိုယ်တိုင်ရဲ့ ... သီလ, သမာဓိ, အားနည်းချက် ... လို့၊ စိုး သိထားပါ။ နော် ...။





တစ်လောက,လုံးကို၊ အော်ပြောနိုင်လောက်တဲ့အထိ၊ ကိုကြီး ... မထက်မြက်ပါဘူး။ ချစ်တဲ့သူ အပါအဝင်၊ ကံဆုံလို့ တွေ့ကြုံရသူတွေလောက်တော့၊ လက်ခံနိုင်ရင်၊ ပြောပြချင်တာ၊ စေတနာပါ ... စိုး''

''ကိုကြီး စေတနာကို၊ စိုး ... အသိဆုံးပါ''

''အေးချမ်းအောင်သာ၊ နေပါ ... စိုးရယ်။ ကိုကြီး ... အချိန်ရတိုင်း၊ စိုးဆီကို လာပါ့မယ် ... နော်''

''ဟုတ်ကဲ့''

လက်အောက်ငယ်သားပမာ၊ ရိုကျိုးစွာ ... သူ့, နာခံ၏။ နူးညံ့ပါးလှပ်လွန်းသော၊ ပန်းနု ပွင့်ဖတ်လေးအား၊ ပိုင်ဆိုင်ရန် အလို့ငှာ၊ တိုက်ခိုက်လုယူရမည်ဆိုငြားအံ့။

ပန်းပွင့်နယ်ရှင်၊ ပျိုးဥယျာဉ် ပိုင်ရှင်တို့၏၊ အထိတ်တလန့် အကြမ်းအကာတို့ကြောင့် ...၊ ပန်းကိုပင် ထိခတ်မှာ ... စိုး၏။


www.burmeseclassic.com

www.burmeseclassic.com

[၂၀]

နိုဝင်ဘာလ (၁၉) ရက် [သောကြာနေ့] မနက် (၅း၃၀) လောက်တွင်၊ ကားဂိတ်မှာ စမ်းစမ်းစိုး လာကြိုနေ၏။ သူ့၊ ကျောင်းပိတ်မတိုင်မီအတွင်း၊ သံလွင်တည်းခိုခန်းတွင်၊ ကျွန်တော်နှင့်သူ အတူတူ ရှိနေခဲ့ကြသည်။

ညနေ ကျောင်းဆင်းချိန်၌၊ တည်းခိုခန်း . . . သို့၊ သူ . . . လာခေါ်၏။

သူ့ကို၊ မော်လမြိုင်သို့၊ ကျွန်တော် လိုက်ပို့ရမည်။ မော်လမြိုင် ကားဂိတ်တွင်၊ သူ့ဖခင် . . . ဦးဉာဏ်စိုးနှင့် ကျွန်တော့်ကို၊ သူ . . . မိတ်ဆက်ပေးမည်။ ချစ်သူအဖြစ် မိတ်ဆက်ပေးခြင်းမျိုးတော့



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်။ အသိမိတ်ဆွေအဖြစ်၊ မိတ်ဆက်ပေးမည် ဖြစ်၏။

ပြီးမှ . . . ကျွန်တော့် တစ်ကိုယ်တည်း၊ မော်လမြိုင်မှ ရန်ကုန်ကို၊ ပြန်ရမည်။

နိုဝင်ဘာ (၂၆) ရက်တွင်၊ သူ့ ဒေါက်တာဘွဲ့အတွက်၊ စာတမ်းဖတ်ရမည်။ စာတမ်းဖတ်ပြီးသည်နှင့်၊ သူ့အိမ်ကို၊ ပြောမည်။ မကြည်ဖြူသော အပြေထွက်ပါက၊ ဒီဇင်ဘာလ (၁) ရက်နေ့တွင်၊ ကျွန်တော့်ဆီသို့၊ သူ . . . အရောက်လာမည် . . . ဟု၊ ကတိပြု စီမံထားရှာ၏။

သူ့ မိသားစု (အိမ်ထောင်စု) စာရင်းစာရွက်။ နိုင်ငံသားစိစစ်ရေးကဒ်ပြား . . . တို့ကို၊ မိတ္တူကူးပြီး၊ ကျွန်တော့်ကို၊ ပေးထားသည်။ လက်ထပ်စာချုပ် (၂) စောင်ကို၊ ဒီဇင်ဘာလ (၁) ရက်နေ့ နေ့စွဲဖြင့်၊ ရိုက်နှိပ်ပြင်ဆင်ထားပါရန်၊ သူ . . . မှာကြား၏။

ဝမ်းသာခြင်းထက် အံ့သြရလေသည်။ အံ့သြမှုထက်၊ အားနာရချေသည်။

ဘဝ၏ ရာသက်ပန် အနာဂတ်ခရီးစဉ်အတွက်၊ သတ္တိကြီးစွာ၊ ချမှတ် ကြိုးပမ်းလေပြီဖြစ်သော၊ ချစ်သူ၏ဆန္ဒ စွမ်းပကား၊ အနှောင့်အယှက်များ၊ ကင်းပ,ပါစေဟုသာ၊ ဆုတောင်းရတော့မည်။

◆





ည(၈) နာရီလောက်တွင်၊ မော်လမြိုင်ကားဂိတ်သို့၊ နှစ်ယောက်အတူ ရောက်ကြ၏။ စမ်းစမ်းစိုး ကျွန်တော့်လက်ကို တွဲထားသည်။

သူ့ဖခင်ကို၊ ကျွန်တော် မြင်သဖြင့်၊ သူ့လက်ကို ကျွန်တော် အသာဖယ်ခွာ၏။ မိသားစု ဓာတ်ပုံထဲမှာ၊ မြင်တွေ့ဖူးထားသဖြင့်၊ အပြင်မှာ မြင်မြင်ချင်း၊ ကျွန်တော် မှတ်မိသည်။

"အဖေ့။ ဒါ . . .၊ ဆရာ ကိုကိုအောင်။

ရန်ကုန်က . . .၊ ကျူရှင် . . . ဆရာ။ ဒါ . . .၊ စိုး . . . အဖေ"

"ဟုတ်ကဲ့။ အခုမှ . . . ကျွန်တော် တွေ့ဖူးတယ်"

"ဟုတ်ကဲ့။ အိမ် . . . လိုက်မလည်တော့ဘူးလား"

"မလည်တော့ဘူး။ ကျွန်တော် . . . ရန်ကုန် ပြန်ရမှာ"

"ဪ"



www.burmeseclassic.com

www.burmeseclassic.com

စမ်းစမ်းစိုးက ...

"အဖေ့၊ ရွှေစင်စကြာဂိတ်ကို၊ လိုက်ပို့လိုက်ဦးမယ်"

"အဖေ ... လိုက်ပို့ရမှာလား"

"ဟုတ်ဖူး။ သမီး ပို့မှာ။ အဖေ ... ဒီက ပဲစောင့်"

ပြောပြီး၊ ဖခင်လက်အတွင်းသို့ သူ့ ကျောပိုးအိတ်ကို၊ ကမ်းခဲ့၏။

"ကျွန်တော့်ကို၊ သွားခွင့်ပြုပါဦး"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

◆

"စိုး ...။ နေခဲ့တော့။ ရွှေစင်စကြာဂိတ်ကို၊ ကိုကြီး ရှာတတ်တယ်"

"လိုက်ပို့ချင်လို့ပါ"

သူ့လက်ထဲမှ၊ ကျွန်တော့် ခရီးဆောင်အိတ်ကို၊ ညင်သာ





စွာ ယူငင်လျက် ...

"အဖေ့ ရှေ့မှာ၊ သူစိမ်း ယောကျ်ားတစ်ယောက်ကို၊ ဂရုတစိုက် မပြုရဘူး ... စိုး။ အဖေ ... နမြော ခံစားရတတ်တယ်"

"အဖေက ... အဲဒီလို မရှိပါဘူး။ အမေ့လို မဟုတ်ဘူး ကိုကြီး"

"ဟုတ်ဟုတ် ... မဟုတ်ဟုတ်၊ မိဘ ဆိုတာ၊ သားသမီးအပေါ်၊ အပြစ်ပြောချင်တာတောင်၊ မျိုချလိုက်တာတွေ ... ရှိတတ်တယ်။

စိုး ... ကိုကြီးလက်ကို ဆွဲထားတာ၊ စိုး အဖေ၊ တွေ့တယ်၊ သိရဲ့လား။

အဲဒါကို ... မသိချင်ယောင် ဆောင်ပြီး၊ ကိုကြီးကို၊ ကားဂိတ် လိုက်ပို့နေသေးတယ်ဆိုရင်၊ ဖအေကို ... ဂရုမပြုရာ ရောက်မယ်။

အဲဒါကြောင့် ...,

စိုး နေခဲ့တော့။ အဖေဆီ အမြန်သွား။ မျက်စိအောက်က, နှစ်ယောက်၊ ပျောက်သွားတာကို ခံစားရမယ်ဆိုရင်တောင်၊ ပြန်လာချိန် မြန်တော့၊ သိပ်


www.burmeseclassic.com

www.burmeseclassic.com



မခံစားရဘူးပေါ့။

သားသမီးမှ၊ အသည်းကွဲတာ မဟုတ်ဘူး ... စိုး။ မိဘ,တွေလည်း၊ အသည်းကွဲတတ်တယ်။

သူတို့အပြင် ...၊ တခြားတစ်ယောက်ကို ခင်တွယ်တာ၊ ဘယ်မိဘ,မှ၊ မကြိုက်ကြဘူး။ ကဲ ...၊ အဖေ့ဆီ အမြန်သွားလိုက်တော့နော်။

အိမ်ကို ဖုန်းဆက်မယ်တော့ ...၊ မပြောတော့ဘူး။ စိုး ... အဆင်ပြေတဲ့အချိန် ... ဆက်။ ကိုကြီး ... မျှော်မယ်''

စမ်းစမ်းစိုးက ...၊ ကျွန်တော့်လက်ခုံကို၊ တင်းကျပ်စွာ, ဖိကိုင်ကာ ...

"စစ်ဆေးရေး ဂိတ်မှာ ... စိုး လာစောင့်ဦးမယ်''

"မိုးချုပ်နေပြီလေ။ အိမ်ကို ... ဘယ်လိုပြောပြီး ထွက်မှာလဲ''

"အင်တာနက်ဆိုင်သွားမယ် ... လို့ ပြောခဲ့မယ်လေ''

"အင်း ...။ ဟုတ်ပါပြီ ...။ ကောင်းပြီ။





ကိုကြီး၊ စစ်ဆေးရေးဂိတ်ရောက်ရင်၊ စိုးကို ... ရှာမယ်နော်''

သူ ... ခေါင်းညိတ်၏။

ထို ... နေ့ရက်၊ ထို ... အချိန်၊ ထို ... နာရီသည်၊ ခုနှစ် (၂၀၁၀) ခု၊ နိုဝင်ဘာလ (၁၉) ရက်၊ သောကြာနေ့၊ ည ...(၇) နာရီ (၃၀) မိနစ် တိတိ။

◆

မိုးပွိုင့်အနီးသို့ ရောက်သော်၊ ချစ်သူ၏နေအိမ်ကို၊ တစ်ချက် ...ငဲ့ကြည့်မိသည်။ ချစ်သူ့ အရိပ်အယောင်ကို၊ မတွေ့ရ။ စစ်ဆေးရေး ဂိတ်တွင်၊ သူ ..., သွားစောင့်နေလောက်ပြီ၊ ထင်၏။

◆

လက်ထဲမှ၊ အအေးဘူး နှစ်ဘူးကို၊ ကျွန်တော့်ထံသို့၊ ကမ်း



www.burmeseclassic.com

www.burmeseclassic.com

ပေး၏။ မာတ်ပုံတွေ ထည့်ထားသည့် အိတ်တစ်အိတ် ပေးသည်။ ပြီးနောက် . . . ကားရပ်တန့်ထားရာဆီသို့ ကျွန်တော့်လက်မောင်းကို နှိုတွယ်လျက်၊ လိုက်ပို့သည်။ ည (ကိုး) နာရီကျော်လောက်ပြီ . . . ဟု သိ၏။

"ချောင်ချောင်ချိချိ ထိုင်ရအောင်၊ ထိုင်ခုံနှစ်ခုံစာ ဝယ်ထားတာ ဆိုပေမယ့်၊ အခု . . . ချက်ချင်း၊ ကားပေါ်ကို၊ စိုး . . . တက်ထိုင်လိုက်တာနဲ့။ ကိုကြီးနဲ့ . . . စိုး၊ ရန်ကုန်ကို၊ အတူ ရောက်သွားပြီနော်။ ဝေးစရာ . . . အကြောင်း၊ မရှိတော့ဘူး။ ဘယ့်နှယ်လဲ . . .၊ လိုက်ရဲသလား"

"လိုက်ချင်ပါတယ် ကိုကြီးရယ်။ စာတမ်းတင်ပြီးတာနဲ့၊ စိုး . . . မရောက်,ရောက်အောင်၊ လာခဲ့ပါ့မယ်။

ခုနက,တောင်၊ ရန်ကုန်က . . . ., ဦးငယ် ဖုန်းဆက်တယ်။ ငါ့တူမ, ရည်းစား မရသေးဘူးလား . . . တဲ့။ ရပြီ . . . လို့၊ ပြောလိုက်တယ်။

ပြီးတော့ . . ., ကိုကြီး နာမည်ကိုပါ၊ ပြောလိုက်မိတယ်"





"ဘာပြောသလဲ"

"ကိုကြီးကို၊ သိတယ် . . . တဲ့။ ဟို . . ., စိုးက၊ . . .။ အပျို။ ငယ်လည်း ငယ်တော့။ လက်ရည် မတူဘူး . . . တဲ့။

ထိုစကားအဓိပ္ပာယ်ကို၊ ကျွန်တော် ဘဝင်မကျ။ အလုံးစုံ နားမလည်။ သို့သော် . . . ကျွန်တော်က၊ ရယ်မောရင်း . . .

"စိုးနဲ့ ကိုကြီးနဲ့က . . .၊ လက်ရွေ့ထိုးကြမှာ မဟုတ်ပါဘူး . . . လို့၊ ပြောမပြလိုက်ဘူးလား"

စမ်းစမ်းစိုး ခေါင်းခါပြ၏။

"အမေ . . .။ တစ်ခုခု မေးသေးလား"

"ဟင့်အင်း။ မမေးပါဘူး။ သာမန် အသိအကျွမ်း . . . လို့ပဲ၊ ထင်မှာပါ"

ကျွန်တော် ကားပေါ်တက်ခါနီးအထိ၊ သူ . . . လက်မလွှတ်သေး။

"မနက် . . .၊ အမေ ဈေးသွားတဲ့အချိန်၊ ဖုန်းဆက်မယ်နော်"

ကျွန်တော် ခေါင်းညိတ်၏။ ကျွန်တော် ဆောင်းထားရာ ဦးထုပ်ကို၊ အနေအထားပြုပြင်ရင်း . . .


www.burmeseclassic.com

www.burmeseclassic.com



"ဦးထုပ်၊ မချွတ်နဲ့နော်။

ရာသီဥတု အေးတယ်"

"စိတ်ချပါ။ စိုးလည်း . . . နေကောင်းအောင်

နေ။ Thesis အတွက်၊ လိုတာရှိရင်၊ လှမ်းမေးနော်"

"ဟုတ်ကဲ့"

ကျွန်တော် . . .၊ ကားပေါ်သို့ တက်လိုက်သည်။ တွဲထားသော လက်ကို၊ ဖြေလျှော့လိုက်ပါလျက်၊ အတူလိုက်ပါလာသကဲ့သို့ ခံစားရ၏။ ကားထွက်သည့်အခါ၊ ချစ်သူ လက်ပြ ကျန်ရစ်ခဲ့သည်။

လက်ပြ ကျန်ရစ်သူနှင့် နှုတ်ဆက်ထွက်ခွာသူ နှစ်ကိုယ်အကြား မည်သူ ပို၍ ခံစားရသည်ကို၊ အတွေးဖြင့်ပင်၊ မညှိနိုင်းရက်တော့။

ကိုယ်စီ ခံစားရမည့် ဝေဒနာ အရှိန်အဟုန်ကို၊ တစ်ကိုယ်တည်း . . . တစ်ယောက်တည်း တစ်စိတ်တည်းဖြင့်၊ ပိုင်းဖြတ် တိုင်းတာ၍ မခန့်မှန်းစကောင်း။

❋ ◆ ❋



"‹ . . မြေထောက်ကို မြေအပေါ်ခံနေရပါလျက်နဲ့၊ ပွဲသန့်မှာစိုးပြီး၊ ငြိမ်နေရသလို၊ မလှုပ်မယှက် နေခဲ့ရတာပါ . . ."

www.burmeseclassic.com

www.burmeseclassic.com

[၂၃]

နိုဝင်ဘာလ (၂၀) ရက် [စနေနေ့] မနက် (၄း၀၀) နာရီ လောက်တွင်၊ ကျွန်တော် ရန်ကုန်သို့၊ ပြန်ရောက်သည်။ မနက် (၉း၀၀) နာရီခန့်တွင်၊ စမ်းစမ်းစိုး ဖုန်းဆက်၏။ တစ်နေ့လုံး စာတမ်း ရေးရမယ် . . . ဟု၊ ပြောသည်။

လိုအပ်သည့် အချက်အလက်တွေ၊ စုဆောင်းပြီးပြီ ဖြစ်ကြောင်း ပြောသည်။ စာတမ်းခေါင်းစဉ်ကို၊ ကျွန်တော် မေးသည်။ စ, လယ်, ဆုံး အစဉ်တကျ ဖြစ်စေရန်၊ ကျွန်တော် အကြံပေးသည်။

အဒေါ်ဖြစ်သူ၏ လက်ကိုင်ဖုန်းကို၊ ငှားထားကြောင်း ထိုဖုန်းဖြင့်၊ ညစဉ် ဖုန်းဆက်မည် ဖြစ်ကြောင်း ပြော၏။



www.burmeseclassic.com

www.burmeseclassic.com

နိဝင်ဘာလ (၂၆) ရက်အမီ တင်သွင်းရမည့်၊ စာတမ်းဖြစ်သဖြင့်၊ အချိန်မလောက်ငမှာ၊ ကျွန်တော် စိုးသည်။ ကျန်းမာရေး ထိခိုက်မှာလည်း၊ စိုးရိမ်သည်။ ထို့ကြောင့် ... ကွန်ပျူတာရှေ့တွင်၊ ထိုင်ချိန်, အနားယူချိန်, ကိုယ်လက်လှုပ်ရှားချိန် ... ဘုရားရှိခိုးချိန် တွေကို၊ ကျွန်တော် ပိုင်းဖြတ်သတ်မှတ်ပေးခဲ့သည်။

◆

ည (၁၁) နာရီခန့်ရောက်မှ၊ စမ်းစမ်းစိုး ဖုန်းဆက်၏။ ဖုန်းပြောချိန် နံနက် (၂) နာရီခန့်လောက်အထိ၊ ကြာမြင့်တတ်သည်။

"ဖုန်းချပြီးရင်၊ စာဆက်လုပ်မှာလား"

"ဟုတ်ကဲ့"

"အဲဒါဆို ... ဖုန်းချလိုက်တော့လေ။ ညဥ့် နက်ပြီ"

"ချဘူး"

"စိုးရယ် ...၊ အိပ်ရေးပျက်ရင် ကျန်းမာရေး ထိခိုက်မယ်လေ"





"ကိုကြီးနဲ့ မခွဲချင်ဘူး"

"ဪ ...။ စာတမ်းဖတ်ပြီးတာနဲ့ အိမ်ကို ပြောလို့ အဆင်မပြေရင် ...၊ စိုး ... လိုက်လာမယ် ဆို"

"ကိုကြီး လာခေါ်နော်"

"မော်လမြိုင်ကို လာခေါ်ရမှာလား"

"ဟင့်အင်း၊ ကျောင်းကို လာခေါ်။ နှစ်ဆယ့်ကိုးရက်နေ့ဆို၊ ကျောင်းကို ပြန်ပြီလေ။ ကိုကြီးနဲ့ တစ်ခါတည်း လိုက်ခဲ့မယ်"

"အိမ်ကို၊ မဆွေးနွေးတော့ဘူးလား"

"ဆွေးနွေးလို့ အဆင်မပြေရင်၊ ပြောတာ။ နှစ်ဆယ့်ကိုးရက်နေ့ လိုက်လာပြီး ... ဒီဇင်ဘာ တစ်ရက်နေ့မှ၊ အိမ်ကို ... အကြောင်းကြားမယ်။

ဆွေးနွေး ... လို့၊ အဆင်ပြေရင်၊ တစ်နှစ်လောက်ကြာမှ၊ လက်ထပ်မယ်နော် ကိုကြီး"

"အင်းပေါ့။ သဘောတူထားပြီဆိုရင်၊ ဖုန်းဆက်ရင်တောင်၊ ခိုး ... မဆက်ရတော့ဘူးပေါ့"

"စိုး ... ကြောက်တယ် ကိုကြီးရယ်"


www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ …။ စာလုပ်နေတဲ့အချိန်။ အဲဒါတွေ … မစဉ်းစားနဲ့။

ရုပ်ရှင်တွေထဲက,လို၊ အခန်းသော့ပိတ်ပြီး လျှောင်ထားမှာ မဟုတ်ပါဘူး"

"အဖေက,တော့၊ ဘာပဲဖြစ်ဖြစ်၊ ကံ … ဆိုတာကို၊ နားလည်တယ်။

အမေတို့၊ တစ်မျိုးလုံးက, မရဘူး။ ဒါမှ … ဒါ။

ဒါပေမဲ့လေ …၊ စိုး ခြေထောက်ကို၊ သူတို့ … ကြိုးတုတ်ထားလို့ မရပါဘူး။

သဘောမတူဘူး … ဆိုတာနဲ့ ဒီဖင်ဘာတစ်ရက်နေ့ နောက်အကျဆုံးပဲ၊ ကိုကြီးဆီကို၊ အရောက်လာခဲ့မယ်။

လက်ထပ်စာချုပ်တော့၊ အဆင်သင့် လုပ်ထားနော် … ကိုကြီး။ အမေတို့က … ခြေလှမ်းကျဲတယ်"

"သဘောတူ ကြည်ဖြူကြရင်၊ သိပ်ကောင်းမှာပဲ … စိုးရယ်"





"သိပ်တော့ မထင်ဘူး ကိုကြီး။ အိမ်ကို …၊ ဦးငယ် လာမယ် … လို့ ပြောတယ်"

"ကိုကြီး ကိစ္စလား"

"ဟုတ်မယ် ထင်တယ်"

"သူက … အကြံလာပေးမှာလား။ လာဖျက်မှာလား"

"အဲဒါတော့ .. မသိဘူး။ ကိုကြီးနာမည်ကို ပြောလိုက်တော့၊ သူ … စကား နည်းသွားတယ်။

အိမ်ထောင်သည် မဟုတ်ဘူးလား … တဲ့။ မေးတယ်။ ပျက်သွားပြီး … လို့ ပြောတာ၊ သိပ် ယုံပုံမရဘူး"

"အဲဒီ … စိုးရဲ့၊ ဦးလေးက … ကိုကြီးကို၊ မြင်ဖူးလို့လား"

"ကျူရှင်ဆရာမှန်း သိတာ။ မမြင်ဖူးဘူး"

"အဝေးက, ခန့်မှန်းရင်၊ အမှန်တရားနဲ့ လွဲတတ်တယ် … လို့ စိုး … ပြောပြနော် … သူ့ကို"

"စိုး … တွေတွေထူးထူး၊ ဘယ်သူ့ကိုမှ၊ မပြောဘူး ကိုကြီး။ စိုး … ဘာလုပ်မယ် ဆိုတာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



စိုး . . . စဉ်းစားထားတယ်။

သဘောမကျတဲ့သူက၊ ရွှေချပြလည်း . . . သဘောတူမှာ မဟုတ်ဘူး။ မယုံကြည်တဲ့သူက, လည်း၊ ဘာသက်သေပြပြ၊ ယုံကြည်မှာ, လက်ခံမှာ . . . မဟုတ်ဘူး။

စိုး . . . ပြောထားဖူးပါတယ်။ အမေတို့ အသိုင်းအဝိုင်းက၊ တစ်မျိုးလုံး တစ်ယူသန်ကြတယ်"

"အင်း . . . ၊ ရင်မောစရာပဲ။ ဒါပေမဲ့ . . . စိုး စိတ်မပူနဲ့နော်။ ကိုကြီး ရှိတယ်"

"ကိုကြီးကို၊ စိုး . . . , အားကိုးပါတယ်။ ကိုကြီးကို၊ စိုး . . . အရမ်းချစ်တယ်။

အရမ်းချစ်တဲ့သူနဲ့ အတူနေရရင်၊ ဘဝ . . . အလုံးစုံ၊ လုံခြုံမယ်ဆိုတာ . . . စိုးစိတ်က,သိတယ်"

"သင်္ချာပညာကို၊ သမီး လင်ပေးစားဖို့လောက် နေရာမျိုးမှာ၊ တချို့က အသုံးပြုကြတယ် . . . စိုးရဲ့။

သေသေချာချာ တွက်တတ်ကြသလား ဆို တော့လည်း၊ မဟုတ်ဘူး။ ခန့်မှန်းကြတာ။

ခန့်မှန်းခြေဆိုတာ၊ အဖြေမှန်မှ၊ မဟုတ်ဘဲ၊





ဝိုင်းပြီး . . . တွက်ကြ, ချက်ကြ။

တကယ်ချစ်တဲ့ ချစ်သူတွေ . . . နစ်နာဆုံးရှုံး သွားကြရတာ၊ အဲဒီ မတောက်တစ်ခေါက် တွက်ချက်မှုတွေကြောင့်ပဲ"

"စိုးက . . . ကိုကြီးရဲ့၊ ချစ်ခြင်း မေတ္တာကို . . . ယုံတယ်။

အဲဒီ ယုံကြည်မှု တစ်ခုတည်းနဲ့ပဲ၊ ဘဝ . . . ကို၊ ဆုံးဖြတ်တယ်။

စိုးရဲ့ . . . ယုံကြည်မှု၊ စိုးရဲ့ . . . ကိုယ်ပိုင် ဆုံးဖြတ်ချက်ကို၊ ဘယ်သူ ဘယ်လောက် တွက်ချက် တတ်မှာလဲ။

အဲဒါကြောင့် . . . အချေအတင် ဆွေးနွေးဖို့ သတ္တိလည်း မရှိဘူး။ အားလုံး ယုံကြည်အောင်၊ တင်ပြမှာလည်း၊ မဟုတ်ဘူး။

ကိုယ် လုပ်ချင်တာ ကိုယ် . . . လုပ်မှာ။ အဲဒါ . . . သတ္တိမဟုတ်ဘူး ကိုကြီး။ အဲဒါ . . . အချစ်ပဲ"

"ကျေးဇူးတင်ပါတယ် စိုးရယ်"

ညဦးနက် အိပ်ပျက်မည် စိုးသဖြင့်၊ ကျွန်တော် . . . စကားစ,



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်နိုင်းရသည်။ ဖုန်းမှတစ်ဆင့်၊ တစ်ညတာ နှုတ်ဆက်ကဗျာတစ်ပုဒ်ကို၊ ချစ်သူအား ရွတ်ဆိုပြခဲ့သည်။

**ပန်တော်စျေ**

သူတစ်ပါး အပိုင်အစင် ... လို့

ခံစားလိုက်မှာ ... စိုးတယ်။

မပွင့် ... မလန်း

မရွှေးပျုံ့ဘူး ... လို့၊ ထင်ချင်ရင်တောင်၊

ဖြစ်သမျှ အတောင်း

မကောင်းခဲ့သူ အပေါ်

ကမ်းဝံ့တဲ့, အရှင်လက်တော်ကိုပင်

အားတုံ့ အားနာဖြစ်ရင်း ...၊

ရိုးမြေကျ မနက်ဖြန် ...

များစွာအတွက်,

အသက်နဲ့ ထပ်တူ ပေးဆက်လိုက်တဲ့

(ပောဒ္ဒီ ရင်ချိုင့်ထဲက၊ အချစ်ဟာ) ...

ဘဝ,ရဲ့ ...

နောက်ဆုံး သစ်ရွက်ပါ ... ။ ။

❋ ◆ ❋



[၂၂]

နိုဝင်ဘာ (၂၁) (၂၂) (၂၃) (၂၄) (၂၅)။

"စိုးရယ်။ ဆေးသောက်ပါ။ အဖျားရှိရင်၊ အဖတ်မစားနဲ့လေ။

အားနည်းရင်၊ ရောဂါဝင်တတ်တယ်။ အိပ်ရေးတွေလည်း ... ပျက်၊ ပင်ပန်းဆိုတော့၊ လူ ... ထိခိုက်မယ်။

ကိုကြီး အရမ်းစိုးရိမ်နေပြီ ... စိုး။ မထူးတော့ဘူး။ ကိုကြီး ... အဲဒီ့ကို လာခဲ့တော့မယ်။ မေမေနဲ့အစ်မကို၊ ခေါ်ခဲ့မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

စမ်းစမ်းစိုး၏ ချောင်းဆိုးသံ အဆက်မပြတ်။ ချောင်းသံ ရပ်သည့်အခါကျမှ . . .

"မလာပါနဲ့ဦး ကိုကြီးရယ်။ ဦးငယ် မနက်က ရောက်တယ်။

အဖေရော၊ အမေရော၊ အဒေါ်ရော၊ ဦးငယ် ရော . . .၊ အပြင်သွားကြတယ်"

"ဘယ်သွားကြတာလဲ"

ချောင်းဆိုးသေးသည်။ ပြီးမှ . . .

"စိုးနဲ့ ကိုကြီးကိစ္စ၊ သွားဆွေးနွေးကြတာ နေမှာပေါ့"

"ဆွေးနွေးရလောက်အောင်၊ စိုး . . . ပြောပြ လိုက်ပြီလား"

"စိုး . . . ဘာမှ၊ သိပ်မပြောရသေးဘူး။ ကိုကြီးဓာတ်ပုံပါတဲ့ မဂ္ဂဇင်းတစ်စောင်၊ ဦးငယ် . . . ရန်ကုန်က၊ ယူလာတယ်။

ကိုကိုအောင် . . . ဆိုတာ၊ သူလား . . . လို့ မေးတယ်။ စိုးက . . ., ဟုတ်တယ်ပဲ ပြောလိုက် တယ်။ ဘာမှ ထပ်မမေးတော့ဘူး။





အမေတို့နဲ့ . . . တီးတိုး တီးတိုး လုပ်ပြီး၊ အပြင်ထွက်သွားကြတာပဲ"

"အခြေအနေ ကောင်းပုံမလား"

"ကောင်းကောင်း မကောင်းကောင်း။ စိုး . . . ဆုံးဖြတ်ထားပြီးသားပဲ။ ကိုကြီးသာ၊ စိုးကို . . . ပို ချစ်ပေးပါ . . . နော်"

"စိတ်ချပါ . . . စိုးရယ်။ အခုလောလော ဆယ်။ စိုး . . . ကျန်းမာရေး ဂရုစိုက်ပါ။ ကျန်းမာရေး ကို၊ ကိုကြီး ပိုစိုးရိမ်နေတယ် . . . စိုး"

ငိုရှိုက်သံ ကြားသည်။

"စိုး။ မလုပ်ပါနဲ့။ မငိုပါနဲ့။ ကိုကြီး . . . ခြေ မကိုင်မိ၊ လက်မကိုင်မိ၊ ဖြစ်နေပြီ . . . နော်။

မငိုပါနဲ့ . . . စိုးရယ်။ တိတ်တော့နော်။ အား လည်း မငယ်ပါနဲ့"

"စိုး သေချင်တယ်"

"အရှုံးပေးမယ့် ဝေါဟာရတွေ၊ မသုံးနှုန်းပါ နဲ့ စိုးရယ်။ စိုး . . ., သိပ်ပင်ပန်းနေရင်၊ မိသားစုကို ပဲ၊ ဦးစားပေးပါ။ ကိုကြီး . . . နားလည်ပေးနိုင်ပါ


www.burmeseclassic.com

www.burmeseclassic.com



တယ်''

''စိုး . . . မိန်းမပျက် မဟုတ်ဘူး ကိုကြီး။ စမ်းစမ်းစိုး လက်ထပ်ရမှာ ကိုကိုအောင်ပဲ . . .။ ယောကျ်ားတစ်ယောက်ဆီကို၊ စွန့်စွန့်စားစား အရောက်လာခဲ့တာ။ ပေါ့ပျက်ပျက်အချစ်နဲ့ လာခဲ့တာ မဟုတ်ဘူး။ ပြီးတော့ . . .၊ စိုး ခြေထောက်ကို ဘယ်သူမှ ကြိုးတုပ်ထားလို့ မရဘူး။

မိသားစု စီရင်ချက်ကို၊ ကြောက်မိတာ မှန် ပေမယ့်၊ ယောကျ်ားတစ်ယောက်ကို၊ လက်မထပ်ဘဲ နဲ့၊ ချစ်တယ် . . . လို့ ပြောရလောက်အောင်၊ စိုး . . . တန်ဖိုး မမဲ့ဘူး''

''ကိုကြီး နားလည်ပါတယ်။ Thesis အတွက်၊ နေ့ ည ပင်ပန်းနေတဲ့အချိန်။ အားနည်းနေ တဲ့အချိန်။ ဖျား နာနေတဲ့အချိန်။

စိတ်နှလုံး ထိခိုက်စရာ . . .၊ ဘာမှ ထပ်မရှိ စေချင်တာပါ စိုးရယ်''

''ပြန်လာရင် ဘာပြောကြမလဲ . . . မသိဘူး''

''စိုး . . . ဖေဖေကား ကိုကြီးနဲ့ဆုံတဲ့အကြောင်း





ပြောပါ့မလား''

''အဖေက . . . အခေါ်နဲ့ ပြဿနာဖြစ်ပြီးတဲ့ နောက်ပိုင်း။ အမေ့အပေါ်မှာ သြဇာမညောင်းတော့ တာ . . . ကြာပြီ။ အဖေ . . . ဘာမှ ဝင်ပြောနိုင်မှာ မဟုတ်ဘူး''

''အင်း . . .။ ကံ . . . ကိုသာ၊ ပုံကြရမှာပေါ့။ သီလ မြဲမြဲမြံမြံနဲ့ . . .၊ ဘုရား၊ တရားသာ၊ နှလုံး သွင်းကြရအောင်နော်''

''ဟုတ်ကဲ့ပါ . . . ကိုကြီး။ စိတ်ချပါ။ နေမ ကောင်းဖြစ်တာတောင်၊ သီလ၊ နည်းလွန်းတဲ့၊ ကံ . . . ကြောင့်ဖြစ်မယ် . . . လို့ စိုး . . . နှလုံးသွင်းပါ တယ်''

''အတိတ်သံသရာမှာပဲဖြစ်ဖြစ်၊ ပစ္စုပ္ပန်ဘဝ ရဲ့ အတိတ်ကာလ တွေမှာပဲဖြစ်ဖြစ်၊ ခင်တွယ်နေတဲ့ သတ္တဝါလေးတွေကို၊ ကွေကွင်းအောင်၊ ပြုမူခဲ့မိရင်၊ ကိုယ်တိုင်လည်း ချစ်သူနဲ့ ကွေကွင်းရတတ်တယ်။ ကာမေသုမိစ္ဆာစာရကံ အဟုန်ကြောင့်လည်း၊ ချစ်သူ နဲ့ ကွေကွင်းတတ်တယ် . . . လို့၊ ကြားနာဖူးတယ်



www.burmeseclassic.com

www.burmeseclassic.com



. . . စိုး။

ဘယ်ကာလ, ဘယ်အချိန်က၊ ဘယ်လို ကံမျိုးကို၊ ကျူးလွန်မိခဲ့မှန်း မသိနိုင်ကြမယ့် အတူတူ။ ပစ္စုပ္ပန်ကံအမှုတွေကို၊ ကုသိုလ်ကံ ဖြစ်အောင်၊ အထပ်ထပ် ဝီရိယအပြည့်နဲ့၊ ဆောင်ရွက်နေကြရမယ်။ နော် . . . စိုး"

"ဟုတ်ကဲ့"

"တချို့ကံ အဟုန်တွေက၊ ကုသိုလ် လုပ်ရုံနဲ့ မပြောင်းလောက်ဘူး။ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရမှ၊ ပြောင်းနိုင်မယ့် ကံမျိုးတွေလည်း ရှိနိုင်တယ်။

ဗဟုသုတ . . . ပြောပြရရင်၊ သဗ္ဗညုတဉာဏ်ပိုင်ရှင်၊ ဂေါတမ,မြတ်စွာဘုရားတောင်၊ အတိတ်ကံအမှုကို၊ မရှောင်ကွင်းနိုင်ဘူး။

နောက်ထပ် တစ်ဖန် မပူပန်အောင်သာ၊ ရင်ဆိုင်နိုင်ခဲ့တယ်။ ရှင်မဟာ မောဂ္ဂလာန် မထေရ်မြတ်ကြီး၊ ဓားပြသတ်လို့ ပရိနိဗ္ဗာန်ပြုခဲ့ရသလို၊ ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးလည်း၊ သွေးအံပြီး ပရိနိဗ္ဗာန်



ချမ်းသူနဲ့ . . . ဝေးရတဲ့ . . . ကံ

စံခဲ့ရတယ်။

ဘုရား . . . ရဟန္တာတောင်၊ ကိုယ်ပြုခဲ့တဲ့, ကံ . . . အကျိုးပေးကို၊ ပြင်းပြင်းထန်ထန် ရင်ဆိုင်ခဲ့ကြရတယ် . . . ဆိုရင်၊ သာမန်လူတွေအတွက်၊ မတွေးဝံ့စရာပဲပေါ့။

ကိုကြီးတို့လည်း . . .၊ ဉာဏ်မီသလောက်၊ ကံကို၊ ရင်ဆိုင်ကြရအောင်နော်"

တံ့ပြန်သံ မကြားရ၊ ခဏအကြာ . . . ချောင်းဆိုးသံ ကြားရသည်။ ပြီးမှ . . .၊ မျက်ရည်ဖယ်သုတ်သံ။

"ဝေးနေရတဲ့ ဒဏ်ရယ်။ ကွဲကွင်းအောင်၊ အခွဲခံရတဲ့ ဒဏ်ရယ်။ နှစ်ခုပေါင်း ခံစားရမယ်ဆိုရင်၊ စိုးတော့ . . . သေမှာပဲ"

"မပူစေနဲ့ . . . စိုး။ စိတ်ကို မပူစေနဲ့။ မဖြစ်သေးတာကို၊ တွေးပြီး မပူပါနဲ့စိုး။

တကယ် မဖြစ်သေးဘဲ၊ ကြိုပြီး ပူနေရင်၊ အခုလည်း . . . ပူတယ်။ ကြုံတွေ့ချိန်မှာလည်း ပူတယ်။ အပူ နှစ်ဆ,ဖြစ်နေလိမ့်မယ်။

အေးအောင်နေနော်။ ကိုယ်ပိုင်စိတ်နဲ့ မအေး



www.burmeseclassic.com

www.burmeseclassic.com

နိုင်ရင် . . . ၊ အေးအောင်စွမ်းဆောင်နိုင်တဲ့ ဘုရား၊

တရား၊ သံဃာကို၊ နှလုံးသွင်း။

သတိနည်းလို့၊ ဝီရိယနည်းလို့၊ မအေးငြိမ်းခဲ့

ရင်တောင်၊ အပူသက်သာမှာပါ"

အေးအောင်နေဖို့၊ အကြံပြုနေသူ ကျွန်တော်ကိုယ်တိုင်၊ တိုးဝင်လာသော အပူလှိုင်းကို၊ ကာလ.မခြား ဖြူခွင်းနေရသည်မှာ ပင်ပန်းလှပေ၏။

❋ ◆ ❋



[၂၈]

နိုဝင်ဘာ (၂၆) ရက်၊ နံနက် (၄) နာရီ။

"ကိုကြီး . . . ။ အမေ မအိပ်သေးဘူး။ တစ်ညလုံး၊ အပြင်မှာ ထိုင်စောင့်နေတယ်။

တစ်ခုခုဖြစ်တော့မယ် ထင်တယ်။ ဖုန်းဖွင့်ထားနော်။ ကိုကြီးဖုန်းကို၊ ဆက်လို့မရရင်၊ မတင်တင်အုန်းဆီကို၊ မှာစရာရှိတာ . . . ၊ မှာထားလိုက်မယ်။ ဒါပဲနော်။

အခု . . . အိမ်သာထဲက၊ ဆက်နေတာ။ ကိုကြီး အိပ်တော့နော်။ မနက်ကျမှ၊ ဖုန်း ထပ်ဆက်


www.burmeseclassic.com

www.burmeseclassic.com

မောင်လှမျိုး [illegible]

မယ်''

ချောင်းဆိုးသံ မပျောက်သေး။ ဝေးလွင့်ကွာခြားနေပါလျက်၊ ပူပန်စိတ်က, အသည်းနှလုံး၏ ဝန်းကျင်၌ နီးကပ်စွာ တည်နေလေ၏။

ကျန်းမာရေး ဂရုစိုက်ဖို့သာ မှာကြားဖြစ်တော့သည်။ အလုံးစုံသော ဘဝ,နောင်ရေးအတွက်မူ၊ ကံဇာတ်ဆရာ၏စီရင်ချက်ကိုသာ၊ ငြိမ်သိမ်လျက် စောင့်စားရတော့မည်။

အားငယ်တတ်သော ချစ်သူအပေါ်၊ အားပေးစကား ဆင့်ပါးရသည်မှာ၊ ဝေး . . . ကွာလွန်းလှ၏။

◆

''ဟဲ့ . . .။ ကိုကိုအောင်။ မနက် ကိုးနာရီလောက်က၊ စမ်းစမ်းစိုး ဖုန်းဆက်တယ်။

သူ့ ဟာမ်းဖုန်း အသိမ်းခံရပြီ . . . တဲ့။ နင် . . . ဖုန်းဖွင့်ထားပါ . . . တဲ့။ အရမ်း အရေးကြီးတယ် . . . လို့ ပြောပေးပါ . . . တဲ့''

အစ်မ မတင်တင်အုန်း၏ ဖုန်းဆက်အမှာစကားကို . . .၊



ချစ်သူနဲ့ . . . ဝေးရတဲ့ . . . ကံ

ကျွန်တော် သေချာစွာ မှတ်သားသည်။

စာသင်ချိန်တွင်ပင်၊ ကျွန်တော် ဖုန်းဖွင့်ထားဖြစ်၏။

◆

နိုဝင်ဘာလ (၂၅) ရက်။ နေ့လယ် (၂) နာရီ။

''ကိုကြီး . . .၊ ဖုန်းပဲ ဖွင့်ထား။ အိမ်က, သဘောမတူဘူး။

အခု . . . စိုး၊ ကျောင်း . . . အိမ်သာထဲက၊ ဆက်နေတာ။ သူများ ဖုန်းနဲ့ဆက်တာ။

အဒေါ်နဲ့အမေပါ၊ ကျောင်းကို လိုက်လာတယ်။ ဖုန်းဖွင့်ထားနော်''

''စိုး . . .။ ကိုကြီး . . .၊ နှစ်ဆယ့်ကိုးရက်နေ့၊ စိုးဆီ လာခဲ့ရမှာလား''

''မသေချာသေးဘူး။ မလာနဲ့ဦး။ ဒါပဲ . . . ဒါပဲ''

''. . .။ . . .''



www.burmeseclassic.com

www.burmeseclassic.com

ဘဝတွင်၊ ကြားနာခွင့်ရလိုက်သည့်၊ ချစ်သူ ၏ နောက်ဆုံး အသံ . . . ဟု၊ ခံစားမှု စိတ်ထားဖြင့်၊ ကျွန်တော် . . . သိရှိတွေးမှတ် လိုက်မိသည်။

◆

ဒီဇင်ဘာလ (၁) ရက်နေ့၊ ကျော်လွန်သွားသည်အထိ၊ မည် သည့် ဆက်သွယ်မှုမျှ မရ။

စမ်းစမ်းစိုး၏ သူငယ်ချင်း ခင်ခင်ထိုက်၏အကူအညီဖြင့်၊ စမ်းစမ်းစိုး၏အိမ်သို့၊ ဖုန်းဆက် မေးမြန်းစေသည်။ လူကိုယ်တိုင်၊ သွားရောက် စုံစမ်းစေသည်။

စမ်းစမ်းစိုး နေမကောင်းသဖြင့်၊ တစ်နယ်တစ်ကျေးတွင်၊ ဆေးကုသ,မှု ခံယူနေရကြောင်းသာ၊ မိခင် ပြောသည် . . . ဟု၊ ဆို၏။

◆





"ကျောင်းကို၊ မရောက်သေးတာတော့ သေချာပယ်" . . . ဟု၊ ထွန်းဦးကို၊ ကျွန်တော် ပြောပြသည်။

"မော်လမြိုင်ကို လိုက်သွားရအောင်က,လည်း၊ မင်းမှာ . . . တရားဝင်၊ မေးမြန်းစုံစမ်းခွင့်၊ မရှိဘူးလေကွာ" . . . ဟု၊ ထွန်းဦး သတိပေးစကားပြော၏။

"ငါ . . . ဖုန်းဆက်တယ်။ သူ့အသံ မကြား ရဘူး။ သူ့အမေနဲ့ပဲ တိုးတယ်။

ငါ . . ., ဖုန်းထဲကနေ၊ သူ့အမေနဲ့၊ ဆွေး နွေးလိုက်ချင်တယ်ကွာ"

"စမ်းစမ်းစိုးက . . .၊ ပေါ့ပေါ့ပါးပါးလေး ပြောထားတာမျိုး၊ အရေးတကြီး . . . ဘာအစီအစဉ် မှ၊ မရှိသလိုမျိုး၊ နေထားရင် . . .၊ မင်း . . .,ဆွေး နွေးတာ၊ တပ်လှန့်လိုက်သလိုဖြစ်မယ်"

"ဖုန်းဆက်ခွင့်တောင်၊ မပေးကြတော့ဘူးနဲ့ တူတယ်"

"စမ်းစမ်းစိုးက၊ ဆယ့်ကျော်သက်လေးမှ၊ မဟုတ်တာကွာ။ သူ . . . ထိပ်တိုက် ရင်ဆိုင်ရဲရမှာ ပေါ့"


www.burmeseclassic.com

www.burmeseclassic.com



"သူ ...နေမကောင်းတာကို၊ ငါ ...ပို စိုးရိမ်နေတယ် ထွန်းဦး"

"သိုးကျောင်း၊ နွားကျောင်းသလို ထိပ်ကြိုး မခွာ၊ စောင့်ကြည့်နေကြတယ်ဆိုရင်၊ သူတို့ ... နည်းစနစ် မှားတယ်။

ဒီ ...အရွယ်၊ ဒီ ...အသက် ရောက်နေပါလျက်နဲ့၊ ပွင့်ပွင့်လင်းလင်း၊ ဆွေးနွေးပြောပြဖို့ မဝံ့ရဲရင်လည်း၊ စမ်းစမ်းစိုးရဲ့ နည်းစနစ် မှားတယ်။

ကျန်းမာရေးကြောင့် ...၊ မလှုပ်နိုင်၊ မရှားနိုင်ဆိုရင်တော့၊ တစ်မျိုးပေါ့ကွာ"

ကျွန်တော် သက်ပြင်းချပြီး ...

"ဘယ်လိုက်သွားရမှန်း မသိဘူးကွာ။ ဖုန်းမျှော်တာက လွဲလို့၊ ဘာမှ မလုပ်နိုင်ဘူး။

ကလေးတွေ စာမေးပွဲက လည်း နီးနေပြီ။ ကိုယ်ရေးကိုယ်တာကို၊ ဦးစားပေးချင်မိရင်တောင်၊ ဘယ်လိုအင်အားနဲ့၊ ဘာကို ...ရင်ဆိုင်ရမယ်မှန်း ... မသိဘူး"

"အဓိက က ...၊ စမ်းစမ်းစိုးပဲလေကွာ။ သူ





... ပြောထားသလို၊ လက်ထပ်စာချုပ်တော့ အသင့်သင့်လုပ်ထားတာပဲ မဟုတ်လား။

သူ ...မှာထားတဲ့၊ ဒီဇင်ဘာ တစ်ရက်သား၊ တရားသူကြီးတွေ၊ ရှေ့နေတွေ၊ သက်သေတွေ၊ အဆင်သင့်နဲ့၊ မင်း ...စောင့်နေရင်၊ မင်း ... အရှက်ကွဲပြီပေါ့။

သူ့ ညံ့ဖျင်းမှုက၊ သူ့ချစ်သူကို၊ အရှက်ခွဲသလို၊ ဖြစ်နေမယ် ...ဆိုတာလောက်တော့၊ တက္ကသိုလ်က ဆရာမ တစ်ယောက်အနေနဲ့ သူ ... တွေးတတ်မှာပါ"

"စာသင်ချိန်၊ ငါ ...မျက်နှာမကောင်းတာ၊ ကလေးတွေ ...သိတယ်ကွ။

ရွှင်ရွှင်ပျပျ စာသင်နေကျ၊ ငါ့မျက်နှာကို၊ ကြည့်ပြီး ...၊ နေမကောင်းဘူးလား ...လို့ မေးကြတဲ့ ကလေးတွေတောင် ရှိတယ်"

"မင်း ...ဘာပြောလိုက်သလဲ"

"ပင်ပန်းလို့ပါ ...လို့ပဲ၊ ပြောရတာပေါ့"

"စိတ်တော့ လျှော့ထားစေချင်တယ် သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းရယ်။

မင်းအဖေ၊ ဆုံးတုန်းက,လည်း၊ ဖန်နဝါရီလ။ အဖေ့ရှာပနထက်၊ ကလေးတွေ စာမေးပွဲကိစ္စကို၊ မင်း ...၊ ဦးစားပေးခဲ့ဖူးတယ်နော်''

ကျွန်တော် ခေါင်းညိတ်သည်။

''အဲဒါကို၊ မင်း ... မမေ့ပါနဲ့။ အခုလည်း ...၊ ကလေးတွေကို၊ ဦးစားပေးကြရအောင်ကွာ။ နော် ...။

နောက်ပြီး ...၊ ပြတ်ပြတ်သားသား ပြောရရင်၊ စမ်းစမ်းစိုးက, ဆယ်ကျော်သက်လေး မဟုတ်ဘူး။

မင်း ... နာမည်၊ မင်းလိပ်စာ ... ကို၊ သူ သိတာပဲ။ အဆက်အသွယ်မရဘဲ၊ ထွက်လာခဲ့ရင်တောင်၊ သူ လိပ်စာ မှားစရာ မရှိပါဘူး။

မင်း အမေအိမ်၊ မင်းအစ်မ,အိမ်။ ပြီးတော့ ... မင်းနေတဲ့အိမ်။ ပြီးတော့ ... ငါ့အိမ်။ ပြီးတော့ ... မင်းနဲ့ငါနဲ့ စာသင်ကြတဲ့၊ နေရာ ဌာနတွေ။ အားလုံး ... သူ, ကျွမ်းဝင်ပြီးသားပါ။





သူ ... ပြောထားဖူးတယ်ဆို။ သူ ... မိန်းမပျက် မဟုတ်ဘူး ... လို့၊ စကားကြွမ်း,ကြွမ်းလေးနဲ့၊ တင်စားပြီး ... ပြောထားတဲ့၊ သူ့စကား။ သူ ... မမေ့လောက်ပါဘူး''

''ခင်ခင်ထိုက်ဆီတော့၊ ငါ ... ခဏ,ခဏ ဖုန်းဆက်နေမိတယ်။ သူ ... အလုပ်ပြန်ဝင်တာနဲ့။ အကြောင်းကြားပေးပါ့မယ် ... တဲ့'' ... ဟု၊ ကျွန်တော် ထွန်းဦးကို ပြောပြသည်။

သတ်မှတ်ထားပေးခဲ့သော ရက်, လ, နှစ်ကို၊ ကျော်လွန်နေသည့်တိုင်၊ ချစ်သော စမ်းစမ်းစိုး၏ မည်သည့် ဆက်သွယ်မှုမျှ မရရှိခဲ့ချေ။

လွမ်းဆွတ်တမ်းတ, သတိရရုံမျှမက ...၊ အသက်ခန္ဓာ၏ အနိဋ္ဌာရုံကိုပါ၊ ကျွန်တော် စိုးရိမ်လာမိသည်။

❋ ◆ ❋



www.burmeseclassic.com

www.burmeseclassic.com

[၂၄]

"နေမကောင်း ဖြစ်တာတော့ တကယ်ပဲ။ အခု . . . အလုပ်ပြန်ဝင်နေပါပြီ။

သူ့ အဒေါ်က,တော့၊ တသင်ခန်းထဲအထိ၊ လိုက်စောင့်တယ်။ သူ့အဒေါ်က, သူ့အလုပ်ထွက်ပြီး တော့ . . .၊ လာစောင့်တာ"

"သူနဲ့ ညီမ,နဲ့ စကားပြောခွင့် မရဘူးလား"

"ရပါတယ် အစ်ကို။ အစ်ကို့အကြောင်း။ သူ . . . ဘာမှ၊ မပြောဘူး။ အဲဒါနဲ့ . . . မနေ့ ညနေက, မေးကြည့်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုအောင်ကို၊ ဖုန်း မဆက်ဘူးလား ... လို့။ မေးတော့။ သူ ... ခေါင်းခါတယ်။ အစ်ကို ... မျှော်နေတဲ့အကြောင်း ... ကျွန်မ, ပြောပြတယ်။

လုံးဝ ... မပတ်သက်တော့ဘူး ... တဲ့။ ဒါ ဆိုလည်း ... နင့်,ကိုယ်တိုင် ပြောလိုက်ပါ ... လို့၊ ကျွန်မ ... အကြံပေးတယ်။

နင်ပဲ ... ပြောလိုက်ပါတဲ့။ ကျွန်မ,ကို၊ ပြော နိုင်းတယ်။ အဲဒါကြောင့်, ကျွန်မ, ဖုန်းဆက်ပြီး။ အစ်ကို့ကို၊ ပြောပြတာ''

ဟုတ်မှ ဟုတ်ပါ့မလား ... ဟုပင်၊ ကျွန်တော် စဉ်းစားမိသေးသည်။ ရာနှုန်းပြည့် မယုံစားနိုင်ရက်သေး။

''အင်း ...။ တစ်ခုခုလွဲနေပြီ ထင်တယ်။ သူ ... ကျွန်တော့်ကို၊ စိတ်ဆိုးနေတာများလား။

ကျွန်တော်က, သူ့ကို ... စောင့်နေတာ။ သူ ... ဖုန်းဆက်မှာကို စောင့်နေတာ''

''စိတ်နာစကား၊ မကျေနပ်စကား တစ်ခုမှ မပြောပါဘူး ... အစ်ကို။

သူ ... အစ်ကို့နဲ့ မပတ်သက်တော့ဘူး ...





တဲ့။ အဲဒါ ... နင်ပဲ၊ ပြောပေးပါ ... တဲ့။ သူ့မိတနဲ့ ... သူ၊ မခွဲနိုင်ဘူး ... တဲ့''

''သြော်''

ချစ်သူကိုယ်တိုင် ... ပြောရက်, ပြောထွက်လေသည့်ပမာ၊ ခံစားရသည်။

''ကျွန်တော် ...။ အဲ့ဒီ စကားကို၊ သူ ... ကိုယ်တိုင်ပြောတာ ... နားနဲ့ ဆတ်ဆတ်၊ ကြားချင်တယ် ... ဆိုရင်ရော ...။ ညီမ, ဘာကူညီနိုင်မလဲ''

''သူကိုယ်တိုင်၊ မဆက်ချင်တော့တာလေ။ ကျွန်မ, ဘာမှ တိုက်တွန်းလို့ ရမှာမဟုတ်ဘူး။

ကျွန်မ ... ဖုန်းနဲ့၊ သူ ... အစ်ကို့ဆီ၊ ဆက်နေကျပဲလေ''

''သူ့ ... အဒေါ် ရှိနေလို့များလားဟင်''

ရယ်သံ ပြုသည်။

''သြော် ... အစ်ကိုရယ်။ ကျွန်မ, ကြားလူပါ။ ဒါပေမဲ့ ...၊ ကျွန်မ ... သူ့ သူငယ်ချင်းပါ။ သူ့အဒေါ် လစ်တဲ့အချိန်၊ သူ ... တကယ် ကျွန်မ,နဲ့ မှာရမှာက၊ ကိုကိုအောင် ... ဘယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေပါ။ သူ . . . ဘယ်ကို လာခဲ့မယ်ဆိုတဲ့ စကားလေ။

အဲဒီ့ ဆုံစည်းဖို့စကား၊ မပြောဘဲ . . . လမ်းခွဲစကား ပြောခိုင်းတာ။ ပြောနေ့, မှာနေ . . . တဲ့အချိန်မှာ . . .၊ သူနဲ့ကျွန်မ နှစ်ယောက်တည်းပါ။

အဒေါ်, ဦးလေး, မိဘ ပြောခိုင်းလို့ ပြောတာပါ ဆိုရအောင်၊ သူက . . . ဆယ်ကျော်သက်လေးမှ မဟုတ်တာ''

''ကျွန်တော် . . ., ကျွန်တော်လေ၊ သူ့အိမ်ကို ဖုန်းဆက်ရင်၊ သူ . . . အနေကျပ်မှာစိုးလို့ သူ . . . ဖုန်းဆက်တာကို၊ စောင့်နေတာပါ''

''မရှိသေ့စကား အစ်ကိုရယ်။ ကျောင်းစာသင်ခန်းအဝ,ထိ၊ သူ့အဒေါ်ရှိနေတာ . . . မှန်ပေမယ့် ကိုယ်လက်သန့်စင်ခန်းဝင်တဲ့အထိ,တော့၊ သူ့အဒေါ် မပါ,ပါဘူး။

ကျွန်မ . . . ဖုန်းကို၊ သူ . . . ယူပြီး အစ်ကို့ဆီ ဆက်လို့ ရပါတယ်။ အဲဒီလို ဆက်ဖို့ အကြံပေးဖူးပါတယ်။





မပတ်သက်တော့ဘူး . . . လို့ ပြောပေးဖို့ပဲ၊ သူ . . . မှာတယ်''

မည်သည့်ခံစားမှုမျှ မကိန်းဝပ်အောင်၊ စိတ်ကို စောင့်ရှောက်ရသည်မှာ . . . ခန္ဓာ ပင်ပန်းလွန်းလှ၏။

''တစ်ခု ထပ်,မေးပါရစေ ညီမ . . . ခင်ခင်ထိုက်''

''မေးပါ . . . အစ်ကို''

''ကျွန်တော်နဲ့ . . . သူ၊ ဘာတွေ . . . စီစဉ်ထားတယ်ဆိုတာ၊ မခင်ခင်ထိုက် သိလား''

''ဟင့်အင်း . . . မသိဘူး။ သူ့မိဘ, သိသွားလို့ သူ . . . ဖြတ်ခိုင်းတယ် ဆိုတာလောက်ပဲ၊ ကျွန်မ, သိပါတယ်။

လက်ထပ်ဖို့ ရည်ရွယ်ထားတယ် ဆိုတာကျတော့၊ အစ်ကို့ ဆက်သွယ်မှုကြောင့်၊ ခန့်မှန်းပြီး သိရတာပါ။

အသေးစိတ်တော့ . . . ကျွန်မ မသိဘူး။ ကျွန်မ . . . တာဝန်က၊ မိတ်ဆွေတစ်ယောက်အနေနဲ့ အစ်ကို့ကို၊ ကူညီဖို့နဲ့၊ သူငယ်ချင်းတစ်ယောက်အနေ



www.burmeseclassic.com

www.burmeseclassic.com

နဲ့၊ သူ ... ပြောနိုင်းတာ ပြောဖို့ပါပဲ။

သူ့ စိတ်နှလုံးကို၊ အကြံပေးရလောက်အောင်၊ ကျွန်မ ... ဝင် မစွက်ဖက်သင့်ဘူးလေ။ ပြီးတော့ ...၊ သူစိမ်းတစ်ယောက်လို၊ ကြားဝင်ဝေဖန်ရရင်တော့၊ အစ်ကို၊ ကျန်းမာအောင်၊ အစ်ကို ... စိတ်ချမ်းသာအောင်၊ နေတာ အကောင်းဆုံးပါပဲ။

ထ,သွား ထ,လာ ... အဖြစ်အပျက်တစ်ခုကို ရုပ်ရှင်ဗွီဒီယို ကြည့်သလောက်၊ ကြည့်ပြီး ... ထပ်မကြည့်တော့တဲ့၊ ပုံစံမျိုး၊ စမ်းစမ်းစိုး မျက်နှာပေါ်မှာ ကျွန်မ, တွေ့နေရတယ်။

ဒါ ..., သူစိမ်းတစ်ယောက်အဖြစ်၊ အစ်ကိုအပေါ် စာနာတဲ့စိတ်နဲ့၊ လေးစားတန်ဖိုးထားတဲ့ စိတ်နဲ့၊ အသိပေးတဲ့ ကျွန်မ,ရဲ့ ဝေဖန်မှုပါပဲ''

''ကျေးဇူးတင်ပါတယ် ... ညီမ,ရယ်။ ကျွန်တော်က ... အားလုံး အဆင်သင့် ပြင်ထားပြီး၊ သူ့ကို စောင့်နေတာပါ။

သူ့ ခွင့်ပြုချက် မရဘဲ၊ ရှေ့တိုးဖို့ ခြေလှမ်းပြင်ရင်တောင် ...၊ သူ အနေကျဉ်းမှာ စိုးလို့၊





ခြေထောက်ကို မြေအပေါက်ခံနေရပါလျက်နဲ့၊ ပွဲလန့်မှာစိုးပြီး ငြိမ်နေရသလို၊ မလှုပ်မယှက် နေခဲ့ရတာပါ။

သူက ... ကျွန်တော့်ဆီ၊ အခေါက်ခေါက် အခါခါ ... လာ။ ကျွန်တော်က, သူ့ဆီ၊ အခေါက်ခေါက် အခါခါ ... သွား။ ပြီးမှ ...

နေ့ရက်အတိအကျနဲ့၊ ချိန်းချက် စီစဉ်ထားခဲ့ကြတာပါ''

''အခေါက်ခေါက် အခါခါဆိုတာ ... ဘာလဲ အစ်ကို''

''...။...''

စမ်းစမ်းစိုး၏ လျှို့ဝှက်စွာသော အပြုအမူကို၊ ထိပါးစေမည့် သတင်းစကား ... ဟု၊ ကျွန်တော် ... နှလုံးပိုက်သည်။ သို့သော် ...၊ ကျွဲလက်စ စကားမို့၊ အရင်းခံအတိုင်းသာ၊ ပြောပြမိချေပြီ။

''ကျွန်တော် ... သူ့ဆီကို၊ မကြာမကြာ လာတွေ့တာ ...။ သူ ... ကျွန်တော့်ဆီကို၊ မကြာမကြာ၊ လာတွေ့တာကို၊ ပြောတာပါ။

အမေ ... အပါအဝင်၊ မိသားစု အားလုံး၊



www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်း အားလုံးနဲ့ သူ့ကို မိတ်ဆက်ပေးပြီးသား ပါ''

''အိုး''

ရယ်သံသည်၊ လှောင်ပြောင်ဟန် ဟိန်းလေ၏။

''စမ်းစမ်းစိုးက၊ အဲဒီ ... လိုလား။ ကျွန်မ ... သိတာက၊ အစ်ကို့ဆီ၊ သူ တစ်ခါလာတယ်။ အစ်ကို ... လိုက်ပို့တယ်။ ကျွန်မ,နဲ့ မိတ်ဆက်ပေးတယ်။ အဲဒါပဲ ... သိထားတာ။ ကျောင်းမှာ, အလုပ်ထဲမှာ, မိသားစုထဲမှာ, ဗိုင်းကောင်းကျောက်ဖို့ နေခဲ့တဲ့သူ။ ပြီးတော့ ...၊ ဆရာမ,ဆိုတော့ ...၊ သူငယ်ချင်းကိုတောင်၊ တချို့ကိစ္စတွေ အသိမပေးချင်တာ၊ သဘာဝ,ကျပါတယ်လေ။

ဒါပေမဲ့ ...

ကျွန်မ,က၊ သူ့သူငယ်ချင်း ဖြစ်နေတဲ့အတွက်၊ သူ ... ပြောခိုင်းတဲ့စကားက, လွဲပြီး၊ သူ ... ဘာလုပ်သင့်တယ်ဆိုတာမျိုးတော့၊ အကြံပေးခွင့် မရှိဘူးလေ။

အစ်ကို ... ပြောချင်တာ ရှိရင်လည်း ...





ကျွန်မ ... စကားပါးပေးမှာပါ။

ဒါမှမဟုတ်၊ ကျွန်မ ... စကားက၊ တစ်ဆင့်စကား ဖြစ်နေတဲ့အတွက်၊ ကိုယ်တိုင်လာပြီး ဆုံတွေ့ဆွေးနွေးချင်တယ် ... ဆိုရင်လည်း၊ ကျွန်မ, ကူညီပါဦးမယ်''

(သံလွင် တည်းခိုခန်းတွင်၊ နှစ်ကိုယ်တူ ဆုံတွေ့မှုမှ၊ လွဲ၍) အေ ... အမှတ်အသား ရင်ထိုးလေး လက်ဆောင်ပေးသည်မှ ... အစ၊ ဒီဇင်ဘာလ တစ်ရက်နေ့ ချိန်းဆိုထားပုံအလယ်၊ စမ်းစမ်းစိုး၏ ဦးလေး ... ရောက်ရှိလာပုံအဆုံး ...၊ ကျွန်တော် ... အသေးစိတ် ပြောပြရင်ဖွင့်မိလေသည်။

ခင်ခင်ထိုက်က ...

''ကျွန်မ ... တကယ်စိတ်မကောင်းပါဘူး''

ချစ်ခဲ့ရသူအပေါ် ဝေဖန်ပုတ်ခတ်သကဲ့သို့ မထင်မြင်ရလေအောင်၊ ပြောဆို ရင်ဖွင့်ရသည်မှာ၊ မွန်းကျပ်လွန်းလှ၏။

''မိန်းကလေးတစ်ယောက်ကို၊ သူ့အသိုင်းအဝိုင်း မိသားစု၊ ဝန်းကျင်တစ်ဝိုက်မှာ ယောကျ်ားလေးတစ်ယောက်က၊ လက်ပွန်းတတီး နေထိုင်ပတ်သက်ပြီး လက်ထပ်ဖို့ စီစဉ်ထားလျက်က၊ ယောကျ်ား


www.burmeseclassic.com

www.burmeseclassic.com

လေးဘက်က, ပျက်ကွက်ခဲ့ရင် . . .၊

အဲဒီ ပျက်ကွက်ခဲ့တဲ့ ယောကျ်ားလေး၊ တည်ဆဲဥပဒေ တစ်ခုခုနဲ့ ငြိစွန်းမှာ အမှန်ပဲ မခင်ခင်ထိုက်။ မိန်းကလေးဘက်က,လည်း ဥပဒေအရ၊ တရားစွဲချင်ကြမှာပါပဲ။

အခု . . . ပျက်ကွက်ခဲ့တာက၊ မိန်းကလေး။ မိန်းမသား။ ကျောင်းဆရာမ။ ဝန်းကျင်အသိုင်းအဝိုင်းကြားထဲမှာ . . . လက်သီးလက်မောင်းမတန်းဘဲ၊ ငြိမ်ငြိမ်လေး ကျန်ရစ်ခဲ့ရတာက၊ ကျွန်တော်။ ကျူရှင်ဆရာ။

လမ်းခွဲဖို့ . . . လိုအပ်ပြီဆိုရင်တောင် အကျိုးအကြောင်း စကားတစ်ခွန်းကို၊ ဖုန်းနံပါတ် တစ်ခါလှည့်ရုံနဲ့၊ ပြောပြ, ဆွေးနွေးလို့၊ ရနိုင်ပါလျက်နဲ့၊ ဘာစကားမှ ကိုယ်တိုင်မပြောတော့ဘဲ၊ တိတိပြတ်ပြတ်၊ ပြုမူလိုက်တဲ့၊ စမ်းစမ်းစိုးရဲ့ အပြုအမူက၊ လူမှုဗေဒကို၊ နားမလည်တဲ့၊ သူငယ်နုပ်စားတစ်ယောက်ရဲ့ အပြုအမူမျိုး ဖြစ်နေတယ် . . . ညီမ။

ကျွန်တော့် ငယ်စရိုက်။ ဝုန်းခနဲ, ဒိုင်းခနဲ၊





ကမူးရှူးထိုး . . . ဆိုတဲ့၊ အပြုအမူ၊ ရိုင်းစိုင်းမှုတွေ . . . ကျွန်တော့်ဆီမှာသာ၊ ရှိနေသေးရင် . . .

လက်လွှတ်စပယ်၊ သူ . . . , မျက်နှာလွှဲဖယ်ပစ်လိုက်တဲ့ကိစ္စဟာ၊ သူ့ . . . ဘဝ, သူ့ဝန်းကျင်, သူ့မိသားစု, သူ့အလုပ်အကိုင် ကြားထဲမှာ သူ . . . , မတ်တတ်ရပ်လို့ မရနိုင်လောက်အောင်၊ မှန်းတိုင်းကျသွားနိုင်တယ် . . . ဆိုတာ၊ သူ . . . တွေးတတ်ဖို့ကောင်းတယ်"

ခင်ခင်ထိုက်က . . .

"အစ်ကိုက . . .၊ ငယ်စရိုက်ကို၊ ဖျောက်ဖျက်ပြုပြင်ပြီးသားဆိုတာ၊ သူ . . . သေသေချာချာ သိလို့၊ လက်လွှတ်စပယ် ပြုမူရဲတာ နေမှာပေါ့။

အဆိပ်ထုတ်ထားပြီးသား မြွေပွေး, မြွေဟောက်ကို၊ သေမှာ ကြောက်ပါတယ်ဆိုတဲ့ လူတွေ မရှိမကြောက်၊ ထိတို့ ဆော့ကစားကြသလိုမျိုးပေါ့ အစ်ကိုရယ်။

ဒီ . . . ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်မ . . . တကယ် စိတ်မကောင်းပါဘူး။


www.burmeseclassic.com

www.burmeseclassic.com



အဆောင်ရှေ့၊ အိမ်ရှေ့၊ ကျောင်းရှေ့က,နေ ...၊ မျက်နှာချင်းဆိုင် ထိပ်တိုက်တိုးပြီး ... အစ်ကို ပြောချင်တာ ပြောလို့ ရနေပါလျက်နဲ့ အခုလို ထိန်းသိမ်းနေထိုင်ထားတာကို ကျွန်မ ... တကယ့် လေးစားပါတယ်။ သာဓုလည်း ခေါ်ပါတယ်။

အစ်ကိုက ကျူရှင်ဆရာ ... ဆိုပေမယ့် အစ်ကို့ တပည့်လေးတွေရဲ့ ဘဝ,ရဲ့ တကယ့် ရှေ့ဆောင်လမ်းပြဆိုတာ၊ ကျွန်မ ... အခု၊ ပိုပြီး ... ခန့်မှန်းနိုင်ပါပြီ။

စမ်းစမ်းစိုး အပြုအမူက၊ ကလေးကလား ဆန်လွန်းလိုက်တာ ... လို့ပဲ၊ ကျွန်မ ... ဝေဖန်ခွင့် ရှိပါတယ်။ ကျန်တာက,တော့ ...၊ မိန်းမသား အချင်းချင်း၊ သူငယ်ချင်းအချင်းချင်း၊ ဘာမှ ကျွန်မ, မဝေဖန်တော့ပါဘူး။

သူ ... ဘာလုပ်လုပ် သူငယ်ချင်း အချင်းချင်း အပေါ်မှာတောင်၊ လျှို့ဝှက်တတ်တယ် ဆိုတာလေး တော့၊ ကျွန်မ, ဗဟုသုတ ရတာပေါ့။

ရန်ကုန်သွားမယ့် ကားတစ်စီးပေါ်၊ လှားခန့်





တက်လိုက်ရုံနဲ့၊ အစ်ကို့ဆီ ရောက်လာနိုင်တဲ့ ... အခြေအနေ။ ရောက်လာရမယ့် အသက်အရွယ်မှာ၊ သူ ... ဘာမှ မလုပ်ဆောင်တာက,တော့၊ သူ့,ရဲ့ ... ကိုယ်ပိုင်အခွင့်အရေး ဖြစ်သွားပြီ၊ သတ္တိ ... လို့ တော့၊ ကျွန်မ ... မသုံးပါဘူး။

သူ ... ဘယ်တုန်းက,မှ၊ သတ္တိမနည်းခဲ့ပါဘူး အစ်ကို''

''ကျွန်တော် ...''

''ပြောပါ ... အစ်ကို။ ကျွန်မ, ဘာပြောပေးရမလဲ''

''အရေးအကြီးဆုံး၊ တစ်ခုပဲ မေးချင်တာပါ။ ကျွန်တော် ... အမှန်အတိုင်း သိချင်ပါတယ်''

''မေးပါ။ ကျွန်မ,ကို ယုံယုံကြည်ကြည်မေးပါ''

သောကကို၊ ပရိဒေဝ,အထိ ... မစီးဆင်းစေရန်, စိတ်ကို၊ သတိဆောင်လျက် ...

''စမ်းစမ်းစိုး၊ နေကောင်းရဲ့လားဟင်။ ကျွန်တော်နဲ့ စကားပြောနေခဲ့တဲ့၊ နောက်ဆုံးရက်မှာ၊ သူ



www.burmeseclassic.com

www.burmeseclassic.com



ချောင်းဆိုးနေလို့ပါ''

''ဖျားတာပါ အစ်ကို၊ အဖျားကြောင့် ချောင်းဆိုးတာပါ။ အခု ... နေကောင်းပါတယ်။ ချောင်းတစ်ချက်တောင် မဟန့်ပါဘူး''

''ဘာ ... သတင်းမှ မကြားရခင်မှာ၊ ကွေကွင်းမှာထက်၊ သူ့ ..., ကျန်းမာရေး ထိခိုက်မှာကိုပဲ၊ ကျွန်တော် စိုးရိမ်ခဲ့တာပါ။ နေကောင်းတယ်ဆိုတာ၊ သိရတဲ့အတွက်၊ ညီမ့ကို ... ကျေးဇူးအများကြီး တင်ပါတယ်နော်''

''ရပါတယ် အစ်ကိုရယ်။ ဆုံစည်းအောင် မကူညီနိုင်ဘဲနဲ့၊ သတင်းဆိုးကို ပေးရတဲ့အတွက်၊ ကျွန်မက, ... သိပ်,အားနာနေတာပါ''

''အားမနာပါနဲ့ ညီမ။ ချစ်သူနဲ့ ကွေကွင်းမယ့်ကံအမှု၊ တစ်ခုခုကို၊ ကျွန်တော် ကျူးလွန်ခဲ့ဖူးလို့ပဲ၊ ဖြစ်မှာပါ''

ပရိဒေဝ,သည် ...၊

မျက်ဝန်းတွင်၊ ဝေ့ခနဲသာ၊ အရည်လဲ့ခွင့်ရ၏။ အသံ, စကား ..., မတုံ့ရင် ...။





''အခုလို ကြားရတာ၊ ကျွန်မ ... ဗဟုသုတပိုရသွားပါတယ်။

ကျွန်မက ... ဆရာမ,ဆိုတော့၊ ကိုယ်တိုင်ပဲ ဖြစ်ဖြစ်၊ တပည့်တပန်းလေးတွေပဲ ဖြစ်ဖြစ်၊ ချစ်သူနဲ့ ဝေးရ, ကွေကွင်းရတာမျိုး၊ ကြုံတွေ့နေကြရင်၊ အစ်ကို့စကားလေးကို၊ အထောက်အကူပြုပြီး၊ တစ်ဆင့် သင်အံပေးလို့ရတာပေါ့။

ကိုယ့်ကိုယ်ကိုပဲ၊ အပြစ်ရှာ ဝေဖန်နိုင်စွမ်းတဲ့၊ အစ်ကို့ စိတ်နှလုံးကို၊ ကျွန်မ ... သာဓုခေါ်ပါတယ်''

''...။...''

''စင်းလုံးချောကိုပဲ၊ ရဲရဲဝံ့ဝံ့ လိုချင်,ပိုင်ဆိုင်ချင်, နှစ်သက်ချင်ကြတာ၊ လူ့သဘာဝပါပဲ ... ဆိုတဲ့၊ သာမန်အတွေးလောက်နဲ့လည်း၊ ကျွန်တော် ... ဖြေဆည်ပါသေးတယ်'' ... ဟု၊ ခင်ခင်ထိုက်ကို၊ ထပ်မံ မပြောဖြစ်မိတော့။

◆



www.burmeseclassic.com

www.burmeseclassic.com

အတိတ်ကံမျှသာမက၊ တစ်ခါတစ်ရံ (သို့မဟုတ်) အစဉ်သဖြင့်၊ ပစ္စုပ္ပန် ကံအမွဲတို့သည်လည်း၊ ဘဝ ... ကို၊ ထိပါး ပုံဖော်လေ့ရှိကြောင်း ...၊ ကျွန်တော် သိရှိ လက်ခံထားခဲ့သည်။

ထို့အပြင်၊ ပစ္စုပ္ပန်ဘဝ အခြေအနေသည်ပင်လျှင်၊ ချစ်သူ၏ စိုမိုတ် မက်မောစေလောက်သည့်၊ စင်းလုံးချော အခြေအနေမျိုး မဟုတ် ... ဟု၊ ကိုယ့်ကိုယ်ကိုယ်၊ နားလည်လိုက်ရသည်။

ဘဝခန္ဓာ၌၊ ဒဏ်ရာ အနာတရ ရှိခဲ့သူအပေါ်၊ ဒဏ်ရာတွေနဲ့ ... ဟု၊ တွေးဆ, လှည့်ပြန်သွားလေသူ ... ဟုသာ၊ ချစ်သူအပေါ်၊ ထင်မြင်ယူဆ, လိုက်မိသည်။

အလုံးစုံသော နှုတ်စကားတို့ထက်၊ ပိုမို, ပြင်းထန်, ထိရှိစေလောက်သည့်၊ မည်သည့် အပြစ်ဖို့ ဝေဖန်စကားကိုမျှ၊ ပြောဖို့ရာ ... ဝေါဟာရ မရှိတော့။

သစ္စာမဲ့သူဟုပင်၊ မပြောရက်။ မရှုံးစွက်ရက်။ သစ္စာမဲ့သည် ... ဟု၊ အပြစ်တံဆိပ်ခတ်နိုင်ဖို့ရာအတွက်၊ တကယ့် သစ္စာ, လောက, သစ္စာ, ဘဝသစ္စာကို၊ အားတုံ့ အားနာ ဖြစ်ရ၏။

❋ ◆ ❋



[၂၅]

"အဖျားပိုး ဦးနှောက်ထဲ ဝင်သွားလို့ မင်းကို စမ်းစမ်းစိုး မေ့သွားတာ ဖြစ်မယ်"

ထွန်းဦးက၊ အရယ်အသွမ်း ပြော၏။ ပြုံး၍သာ၊ ကျွန်တော် နေသည်။

"ဒါမှ ... မဟုတ်၊ ချစ်သူနဲ့ တေးရတဲ့ ဒဏ်၊ အပါအဝင် ... အားလုံးသော လောကဓံတွေကို၊ မင်း ပြောပြ,ခဲ့ဖူးတဲ့ နည်းနာ နိဿယတွေနဲ့ ရင်ဆိုင် ဖြေရှင်းလိုက်တာလည်း၊ ဖြစ်နိုင်ပါတယ်။ နော် ... ကိုကိုအောင်"


www.burmeseclassic.com

www.burmeseclassic.com



စမ်းစမ်းစိုး၏ အဆောင်တံခါးဝ.ရှိရာသို့သာ၊ ငေးကြည့်ရင်း ... ကျွန်တော် ခေါင်းညိတ်၏။

"ချစ်သူနဲ့ ဝေးရမယ့် ... ကံကို၊ မင်း ... ပြုမူခဲ့ဖူးတယ် ... လို့၊ နှလုံးသွင်းတယ် ဆိုပါတော့။

ဘယ်လို ... ကံမျိုးတွေလဲ ...။ ငါ့ကို ...၊ ပြောပြ"

အဆောင်တံခါးဝ.ဆီမှ၊ အကြည့်မလွှဲဘဲ ...၊ ကျွန်တော်က ...

"တစ်ကောင်နဲ့တစ်ကောင် ခင်တွယ်နေကြတဲ့၊ ကြက်ကလေး၊ ငှက်ကလေး တိရစ္ဆာန်လေးတွေကို၊ လက်ဆောင်ပေးဖို့ပဲ ဖြစ်ဖြစ်။ တခြားနည်းနဲ့၊ ကွေကွင်းအောင်ဖြစ်ဖြစ်၊ စိတ်ပါ. လက်ပါ ... ပြုမူခဲ့မိလို့နေမှာပေါ့။

နောက်ပြီး ... ကာမေသုမိစ္ဆာစာရကံကို၊ ကျူးလွန်ခဲ့ဖူးရင်လည်း၊ အဲဒီ့ ကံ ... အကျိုးပေးကြောင့်၊ ချစ်သူနဲ့ ကွေကွင်းရတယ် ... တဲ့။ ငါ ... ကြားနာဖူးတယ်။

ဘယ်ဘဝတုန်းက. ကျူးလွန်ဖူးခဲ့တယ်ဆို





တာတော့၊ ငါ ... ဘယ်မှတ်မိပါ့မလဲ။ သူ တစ်ပါးကို မပုတ်ခတ်မိအောင်၊ ကိုယ့်ကိုယ်ကိုယ်ပဲ၊ အပြစ်ရှာလိုက်တဲ့ သဘောပေါ့ကွာ"

"ဟော"

စမ်းစမ်းစိုးသည်၊ ကျောင်းဝတ်စုံကို ဝတ်လျက်၊ ကျောပိုးအိတ်ကို လွယ်လျက်၊ အဒေါ်ဖြစ်သူနှင့် ရယ်မောပြုံးရွှင်စွာ၊ အဆောင်ဝင်းထဲမှ ထွက်လာ၏။

စားသောက်ဆိုင် နံရံဖြင့်၊ ကျွန်တော် ကွယ်ကာလိုက်သည်။

"ပစ္စုပ္ပန်ကံအရ၊ မင်း ... သွားမေးလိုက်လို့ ရတယ်နော် ကိုကိုအောင်။ အဒေါ်ပါ ... လို့၊ မမေးချင်ဘူး ဆိုရင်တောင်၊ မျက်နှာတော့ ပြပစ်လိုက်သင့်တယ်"

ကျွန်တော် ခေါင်းခါ၏။

"ဒါဆို ... ဒီ မိုင်ပေါင်းများစွာ ခရီးကို၊ မင်း ... ဘာလာလုပ်တာလဲ။ အလွမ်းလာဖြေတာလား"

တက်ကြွ ဖျတ်လတ် ကျန်းမာသန်စွမ်းစွာ၊ လျှောက်လှမ်းထွက်ခွာသွားသော၊ စမ်းစမ်းစိုး၏ ကျောပြင်လေးကို၊ ငေးကြည့်ရင်း–

"ပြုံးပြုံးရွှင်ရွှင်၊ ကြည်ကြည်လင်လင်နဲ့



www.burmeseclassic.com

www.burmeseclassic.com

ကျန်းမာပါရဲ့လား ... လို့ ၊ ငါ ... လာကြည့်တာပါ။ အလွမ်း လာဖြေတာ၊ မဟုတ်ပါဘူး။ အလွမ်းဆိုတာ ... ဖြေတိုင်း၊ ပြေတဲ့အရာမှ၊ မဟုတ်တာ"

"မင်း ...။ ငယ်ငယ်က၊ ကံ ... ကံ၏ အကျိုးဆိုတာကို၊ လက်ခံဖို့ မသိနိုင်ခင် အရွယ်တုန်းက။ ပွင့်ပွင့်လင်းလင်း ပြောရရင်၊ မင်း ... လမ်းသရဲလို၊ နေထိုင်ခဲ့တဲ့ အချိန်တုန်းက, စိတ်မျိုးနဲ့ဆိုရင်။ မင်း ..., အခု ... ဘာလုပ်မလဲ"

"စမ်းစမ်းစိုးတို့၊ တူအရိုးနှစ်ယောက်နောက်ကို ပြေးလိုက်မှာပေါ့။ စမ်းစမ်းစိုးနဲ့ မျက်နှာချင်းဆိုင် တည့်တည့်မှာ ... ရပ်မယ်။

စိုး ... မိန်းမပျက် မဟုတ်ဘူး ကိုကြီး ... တဲ့၊ ဟား ဟား ဟား ... လို့၊ ရယ်ပြလိုက်မိမှာပေါ့။

သူ့အဒေါ်က ... တစ်ခုခုဝင်ပြောမယ်။ ဘာဘာ ညာညာပေါ့။

သူများ ချစ်ခြင်းထဲကို၊ ခင်ဗျားက ဝင်ဖွက်ဖက်ရလောက်အောင်၊ ခင်ဗျား့တစ်သက်မှာ ...၊ လူသိရှင်ကြား ... လွတ်လွတ်ကင်းကင်း လူတစ်





ယောက်ကို၊ ချစ်ဖူး, ကြိုက်ဖူး, နှစ်သက်ခဲ့ဖူးရဲ့လား ... လို့၊ မေးလိုက်မှာပေါ့။

နှင်, ဘာပြောတာလဲ၊ မင်း ...၊ ဘာပြောတာလဲ မေးရင်၊ စမ်းစမ်းစိုး ပြောပြခဲ့ဖူးတဲ့၊ သူ့အဖေနဲ့ သူ့အဒေါ်ကိစ္စကြီးကို၊ အောက်ဖဲ လှန်ပစ်လိုက်မှာပေါ့။

တူမ,ပြောတဲ့ အိမ်တွင်းစကားနဲ့၊ အဒေါ်ကို၊ လက်ပိုက်ကြည့်ပြီး၊ မထီတထီနဲ့ ပြောပစ်လိုက်ရတာကို၊ အားပါးတရ မျက်နှာနဲ့၊ အနိုင်ပိုင်း အပေါ်စီးပြီး ပြောမိမှာပေါ့။

စမ်းစမ်းစိုးပေးထားတဲ့ ... ဓာတ်ပုံတွေ၊ မိသားစုစာရင်းစာရွက်တွေ၊ ရေးခဲ့ပို့ခဲ့တဲ့ ချစ်မေတ္တာစကား စာရွက်တွေ၊ လက်ထဲ တပြုပြုလုပ်ပြီး ...

လျှာအရိုးမရှိတိုင်း ဘာဖြစ်လို့၊ စကားတွေပြောခဲ့တာလဲ ... စမ်းစမ်းစိုး။ ပြစမ်း နှင့်ခြေထောက်၊ ကြီးများ အတုတ်ခံထားရသလား ... ဘာ ... ညာ၊ သွားပြောမှာပေါ့။

အခုတော့ ... အဲဒီလို၊ နိုင်ထက်စီးနင်း


www.burmeseclassic.com

www.burmeseclassic.com

စကားမျိုးတွေရော ... ရင်ဖွင့်တင်ပြရမယ့်စကားမျိုး ကိုရော ...၊ မပြောချင်တော့ဘူးကွာ။ မျက်နှာနွမ်းနွမ်းလေးနဲ့ မကျန်းမမာ, မလှုပ်မရှားနိုင်လောက်အောင်, အထိန်းသိမ်းခံထားရသလား ... လို့ ငါ ... လာကြည့်ရုံတွင်ပါ။ အနည်းဆုံး သူ့အဒေါ်၊ အိမ်သာတက်, ရေချိုးချိန်လောက်တော့၊ သူ ... ငါ့ဆီကို၊ ဖုန်းဆက်နိုင်သားပဲ''

ထွန်းဦးက ...

''ငါသာဆို၊ ပြေးပြီး မေးပစ်လိုက်တယ်ကွာ။ ခင်ခင်ထိုက်ရဲ့ တစ်ဆင့်စကား၊ ဟုတ်ရဲ့လား ... လို့ မေးလိုက်မှာ''

''တချို့ အဖြေတွေက၊ မေးစရာမလိုဘဲ၊ ဖြေပြီးသား ဖြစ်နေပါတယ် ထွန်းဦးရာ''

''မင်း ... ကိုယ်တိုင်၊ အိမ်တိုင်ရာရောက် ...၊ မဆက်သွယ် ... လို့များလား''

,နှုတ်ခမ်းတွန့်မျှ ပြုံးလိုက်ရသည်။

''ချစ်သူ ကိုယ်တိုင်၊ မကမ်းလှမ်းဘဲ၊ ရှေ့တိုး ... ဆက်သွယ်ရလောက်အောင်၊ ငါ ... လူမှုရေး



ချစ်သူနဲ့ ... ဝေးရတဲ့ ... ကံ

မခေါင်းပါဘူးလေ။

သူ ... ကိုယ်တိုင်၊ ဖုန်းဆက်မယ် ပြောထားတာပဲ''

''အခု ...၊ မင်း ... ဖုန်းမျှော်ချင်သေးသလား သူငယ်ချင်း''

''သတ်မှတ်ထားတဲ့ ရက်ကို၊ ကျော်လွန်သွားပြီပဲ။ ဘယ် ... ဖုန်းဆက်သံမှ၊ အကျိုးမဝင်တော့ပါဘူး''

''သူ့မိဘ,ကို၊ အယုံသွင်းနေတယ် ... လို့ရော။ မင်း ... တွေးနေသေးသလား''

''စမ်းစမ်းစိုးရဲ့ ... အသက်အရွယ်။ အလုပ်အကိုင်နဲ့၊ တွက်ချက်ကြည့်ပြီးပြီ။

အယုံသွင်းရမယ့် အသက်အရွယ် မဟုတ်ဘူး။ ကိုယ် ... ဖြစ်ချင်တာကို၊ တင်ပြဆွေးနွေးရမယ့် အရွယ်။

ချစ်သူနဲ့ အခွဲခံလိုက်ရတယ် ... လို့ ထင်မြင်ချင်ရင်တောင်၊ အသက်အရွယ်က၊ လွှမ်းလို့, ဆွေးလို့၊ သိပ်, မထိခိုက်နိုင်တဲ့အရွယ် ဖြစ်နေပြီလေ။


www.burmeseclassic.com

www.burmeseclassic.com

ဆယ်ကျော်သက် မိန်းကလေးတစ်ယောက်၊ ဒီလိုအခြေအနေမျိုး ကြုံတယ်ဆိုရင်တော့၊ ဒါ ... အင်မတန်လွမ်းစရာ, ခွေးစရာ, သနားစရာ ကောင်းနေမှာပေါ့။

ဖုန်းဆက်ခွင့်၊ မိနစ်ပိုင်းလောက်နဲ့တွင်၊ အဖြေထုတ်လို့၊ ရနိုင်လျက်နဲ့, သူ ... ကိုယ်တိုင်၊ ဖုန်းမဆက်တော့တာ၊ ခင်ခင်ထိုက်ရဲ့ သတင်းစကားတောင် ပါစရာမလိုဘဲ၊ အဖြေ ထွက်ပြီးသားပါကွာ''

''ရုတ်တရက်၊ တစ်နေ့နေ့မှာ ... မင်းဆီကို သူ .. ရောက်လာမယ် ဆိုရင်ရော''

''နောက်ကျမှ၊ ရောက်လာရမယ့် အခြေအနေ၊ အစီအစဉ်ကို၊ ခင်ခင်ထိုက်က,တစ်ဆင့်။ သူ မှားထားဖို့ လိုတာပေါ့''

''ဒါဆို။ မင်း ... သူ့ကို၊ စွန့်လွှတ်လိုက်ပြီပေါ့။ အနစ်နာခံလိုက်ပြီပေါ့''

''စွန့်လွှတ်တယ်၊ အနစ်နာခံတယ် ... လို့ မခံယူချင်ပါဘူးကွာ။ စွန့်လွှတ်တယ်၊ အနစ်နာခံတယ် ဆိုတာ၊ အသင့်လျော်ဆုံး၊ လောက ... ဒါနပဲ။





ငါက ... မမျှော်လင့်တော့တာပါ။ ဘယ်တော့ မှ ... ဘယ်သူ့ဆီကမှ။ ဘာကိုမှ မမျှော်လင့်ချင်တော့တာ''

''ဒါဆို ...၊ ဘယ်တော့ သူ ရောက်လာ, ရောက်လာ၊ မင်း ... မပတ်သက်တော့ဘူးပေါ့။ ဟုတ်လား''

ခေါင်းမညိတ်ရက်။

စားသောက်ဆိုင်နံရံမှ၊ ပြက္ခဒိန် စာမျက်နှာကို၊ မော်ကြည့်ကာ ...

''သူ ... သတ်မှတ်ထားပေးခဲ့တဲ့၊ ဒီဇင်ဘာ တစ်ရက်ကို၊ တော်တော်လေး ကျော်လွန်ခဲ့ပြီ သူငယ်ချင်း''

''ဟင်း''

ထွန်းဦး သက်ပြင်းချကာ ...

''ဟုတ်ပါတယ်လေ။ ငါတော့ ... အမေနဲ့ ဦးလေး, အဒေါ်တွေ၊ ယုံကြည်အောင်၊ ပြုံးပြုံးရွှင်ရွှင်လေး နေပေးလိုက်ဦးမယ်။

အခြေအနေလစ်တာနဲ့၊ ငါ ... ထွက်လာခဲ့


www.burmeseclassic.com

www.burmeseclassic.com



မယ် . . . လို့၊ ခင်ခင်ထိုက်နဲ့ မှာထားလို့၊ ရသားပဲ။
ဘာပယောဂကြောင့်ပဲဖြစ်ဖြစ်၊ သူ့ကိုယ်တိုင်၊ စိတ်
ပြောင်းသွားတာတော့၊ သေချာပါတယ်''

ကြားယောင်တတ်မည် ဆိုပါက၊ ချစ်သူ၏ ခွန်းဟ, နှုတ်စကားများစွာတို့သည်၊ နားနှစ်ဖက်ဖြင့်၊ မဆန့်သာအောင်၊ များမြောင်လွန်းခဲ့လေသည်။ ကြားယောင်ချင်လျှင်ပင် . . . နားနှင့်မဆန့်၊ ရင်နှင့်မမျှ။ ပြောခဲ့သည့်မှာ တစ်ဘဝစာ။

''တစ်ယောက်တည်းကို၊ ချစ်ဖို့ . . . ကံ၊ မပါလာတော့ပေမယ့်၊ လောက,ကို၊ ချစ်လိုက်ဖို့ကံတော့၊ ငါ့မှာ ပါလာပါတယ်'' . . . ဟု၊ ခုနစ်ရက်သားသမီးအားလုံးကို၊ ရည်စူးလျက်၊ ကျွန်တော်ပြောပြသည်။

လောက,ဟူသည်၊ ပျက်စီး ယိုယွင်းလျက်ရှိသည့် . . . အရပ်ဌာန။ ထို အဝန်းအဝိုင်းအတွင်း၊ ကံကြောင့် တည်မှီနေရသူအပေါင်းတို့အတွက်၊ မပျက်စီး မယိုယွင်းနိုင်သော ဉာဏ်အရာအတွက်၊ ကျွန်တော် . . . , ခရီးဆက်ရပါဦးမည်။

ဉာဏ် . . . ဟူသည်ကား၊ ဘယ်သောအခါမျှ၊ မယိုယွင်း၊ မပျက်စီး၊ မပြောင်းလဲ။

❊ ◆ ❊



BURMESE CLASSIC .com

[၂၆]

ရန်ကုန်အပြန်ကားပေါ်မှ၊ သံလွင်တည်းခိုခန်း၏ ဝရန်တာလေးကို၊ ငေးမြင်လိုက်ရသည်။

အကြည့်မလွှဲဖယ်ဘဲ၊ ရဲရဲ့စွာ လည်ပြန်ကြည့်လိုက်သည်။

ကံအမှုများစွာ . . . ကိန်းဝပ် ဖြစ်, ပျက်ခဲ့ရာ လောက, အဝန်းအဝိုင်းတစ်ခုပမာ၊ ရင်မှ . . . ခံစားမှတ်ယူလိုက်မိ၏။

အရာရာ အနိစ္စ . . . ဟု၊ သိ, ကြား, မြင်, တွေ့, ကြုံ, ဆုံနေကြရပါလျက်၊ ထိုအနိစ္စ ဒဏ်ကို၊ မတုန်လှုပ်စွာ ခံယူနိုင်စွမ်းဖို့၊ အလွမ်းတစ်ခုတည်းဖြင့်၊ မပြည့်စုံ။ ကံအမှုတစ်ခုတည်းကို၊ သိမြင်ရုံဖြင့်လည်း မကျေပျက်။



www.burmeseclassic.com

www.burmeseclassic.com



သတိ ... ဉာဏ် လက်နက်သည်သာ၊ အသက်ခန္ဓာကို၊ စောင့်ရှောက်နိုင်စွမ်းသော ... ယာဉ်,ရထား။

အနိဋ္ဌဖလ ... ဒုက္ခအသွယ်သွယ်, အန္တရာယ်အပေါင်းမှ၊ ကင်းလွတ်စေရာ ...၊ ဉာဏ်ပညာသည်သာ ...၊ ဘဝ ... ,ရထား။

ထို့အပြင်၊ လူ့သဘာဝနှင့် အနီးစပ်ဆုံး၊ လူ့ဉာဏ်နှင့် အနီးကပ်ဆုံး၊ စကားဝေါဟာရအားဖြင့်၊ "ချစ်သူကို၊ ချစ်ပါ။ မုန်းသူကို မေ့ပစ်လိုက်ပါ" ... ဟုသာ၊ လောက,တစ်ခွင်လုံး ... သို့၊ အကြံပြု၊ ပြောပြ၊ လိုက်ချင်၏။ (ချစ်သူ ... ပို၍ ကြားစေချင်သည်)။

◆





**ချစ်သူနဲ့ ဝေးရတဲ့ ... ကံ**

ငှက်ကလေး နှစ်ကောင်ကို
တစ်ကောင်စီ ... ခွဲခဲ့မိလေသလား။
ငါးကလေး နှစ်ကောင်ကို
တစ်ကောင်စီ ... ထားခဲ့မိလေသလား။

သူတစ်ပါး ချစ်သူကို
ပြစ်မှား ဖေါကြည့် ...,
ကျူးလွန်မိခဲ့လေသလား။
သူတစ်ပါး ချစ်ခြင်း
ကွေကွင်းစေအောင်
စွမ်းဆောင်မိခဲ့လေသလား။
ကံ၏အမှု၊ အစုစုမှ
ချစ်သော သူ့ကို၊ ငြိမ်းစေလိုသည် ...၊
ကိုယ် တစ်ကိုယ်တည်း
ကံ အမွဲမို့,
အံခဲပြေလျော့ ... မငိုတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com

ထို — ထို — ဘဝ,

ကမ္ဘ တစ်ဖန်၊ အကြောင်းပြန်လျှင် ...၂

ကံအမှု — ကြွေ။ ဤဝဋ်ဘေးမှ

ချစ်သူ ကင်းဝေး အေးပါစေ ... ။ ။

BURMESE CLASSIC .com

❋ ◆ ❋

သေးစားသင်ခင်ထျက်,

မောင်လှမျိုး(ချင်းချောင်းချမ်း)

2011-Apr. 11

7:30 (a.m)

(mhm.ccc@gmail.com)

[http://chin choung chan.word press.com]



www.burmeseclassic.com